# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)


၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက် | ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာ ၂၉ ရက်၊ သောကြာနေ့ | အတွဲ (၅၉)၊ အမှတ် (၀၆၀)


# ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီ၏ အစီရင်ခံစာအပေါ် လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး သဘောတူအတည်ပြု



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပစဉ်။ သတင်းစဉ်

နေပြည်တော် နိုဝင်ဘာ ၂၈

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့တွင် **တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်စန်းချစ်** အပါအဝင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၁၄၄ ဦး တင်ပြထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီ၏ အစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး စိုင်းအိုက်လှ** က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်ကို ပြဋ္ဌာန်းထားပြီး ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် နိုင်ငံနှင့်ပြည်သူ့အကျိုးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် နိုင်ငံတော်၏ရေရှည်အကျိုး၊ တိုင်းရင်းသားများအကျိုး၊ ပြည်သူများအကျိုးအတွက် ဥပဒေနှင့်အညီ တင်ပြလာသည့်

*စာမျက်နှာ ၈ ကော်လံ ၁* ◆

## နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ (၅၀)ရာခိုင်နှုန်း ပြည့်မြောက်သည့်အထိမ်းအမှတ်နှင့် (33/11)KV, 5 MVA ဓာတ်အားခွဲရုံများဖွင့်လှစ်ခြင်း အခမ်းအနားကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၂၈

နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ (၅၀) ရာခိုင်နှုန်း ပြည့်မြောက်သည့် အထိမ်းအမှတ်နှင့် (33/11)KV, 5 MVA ဓာတ်အားခွဲရုံများ ဖွင့်လှစ်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၃၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ သိရသည်။

ဖွင့်လှစ်မည့် ဓာတ်အားခွဲရုံများမှာ ကျွန်းတော-ဥက္ကံ (33/11)KV, 5 MVA ဓာတ်အားခွဲရုံကို နိုဝင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီခွဲတွင် လည်းကောင်း၊ အဖျောက် (33/11)KV, 5 MVA ဓာတ်အားခွဲရုံကို နံနက် ၁၁ နာရီခွဲတွင်လည်းကောင်း၊ တပ်ကြီးကုန်း-မှော်ဘီ (33/11) KV, 5 MVA ဓာတ်အားခွဲရုံကို မွန်းလွဲ ၁၂ နာရီခွဲတွင်လည်းကောင်း အသီးသီး ဖွင့်လှစ်သွားမည်ဖြစ်သည်။ **ညီညီသန်း(နေပြည်တော်)**

## မူးယစ်ဂိုဏ်းတွေကို အကြမ်းဖက်စာရင်းသွင်းပြီး နှိပ်ကွပ်တော့မယ့် သမ္မတထရမ့်

စာမျက်နှာ - ၁၅

## ရန်ကုန်တက္ကသိုလ် ရာပြည့်အမှတ်သညာပွဲတော်အမည်ဖြင့် ဓာတ်ပုံ၊ ပန်းချီပြပွဲ ကျင်းပမည်

စာမျက်နှာ - ၁၉


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# ယဉ်ကျေးမှုကုန်သွယ်ရေး

ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့သို့ ရောက်ရှိနေသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အာဆီယံ-ကိုရီးယားယဉ်ကျေးမှုဆိုင်ရာ တီထွင်ဆန်းသစ်မှုထိပ်သီးအစည်းအဝေးသို့ တက်ရောက်ပြီး "Growing with Art" ခေါင်းစဉ်ဖြင့် မိန့်ခွန်းပြောကြားရာ၌ ကမ္ဘာတစ်ဝန်း၌ ယဉ်ကျေးမှုဖလှယ်ခြင်းများအား ကျယ်ကျယ်ပြန့်ပြန့်နှင့် မျှမျှတတဆောင်ရွက်ရန် အရေးပါသည့်အနေအထားတွင်ရှိနေကြောင်း ပြောကြားခဲ့သည်။

ယဉ်ကျေးမှု ကုန်သွယ်ရေးသည် ကမ္ဘာတစ်ဝန်းတွင် ကျယ်ပြန့်နက်ရှိုင်းစွာ အစဉ်အဆက် စိမ့်ဝင်လျက်ရှိပြီး အထူးသဖြင့် လူငယ်လူရွယ်များကြားတွင် ကြီးမားကျယ်ပြန့်သော လွှမ်းမိုးမှုရှိသည်။ မျက်မှောက်ကာလ၌ ယဉ်ကျေးမှုအနုပညာကို အခြေခံသည့် အသေးစားစီးပွားရေးလုပ်ငန်းမှသည့် ကြီးမားကျယ်ပြန့်သော စီးပွားရေးလုပ်ငန်းဖြစ်လာသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားသည့်မိန့်ခွန်းတွင် "ယဉ်ကျေးမှုကဏ္ဍဟာ လူငယ်လူရွယ်တွေကို အလုပ်အကိုင်ရရှိစေပြီး အမျိုးသမီးများကို ဦးစားပေးသည့်အပြင် ယဉ်ကျေးမှုလုပ်ငန်းကို အသေးစားစီးပွားရေးလုပ်ငန်းများနဲ့ တစ်ဦးချင်းစီက ဆောင်ရွက်တာဖြစ်တဲ့အတွက် ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများဟာ နုပျိုလန်းဆန်းတယ်၊ အားလုံးပါဝင်တယ်၊ စီးပွားရေးစွမ်းဆောင်မှုရှိတယ်လို့ လေ့လာတွေ့ရှိချက်တွေကဆိုပါတယ်"ဟု ပြောကြားခဲ့သည်။

ယဉ်ကျေးမှုအနုပညာလုပ်ငန်း၏ ကျယ်ပြန့်မှုသည် ပရိသတ်များအတွက် စိတ်ခံစားချက်မြှင့်တင်ပေးမှုနှင့်အတူ ကမ္ဘာတစ်ဝန်းသို့ အနုပညာလုပ်ငန်းမှ ကုန်သွယ်စီးပွားနယ်ပယ် ထိုးဖောက်ချဲ့ထွင်လာသည်ကို ကိုရီးယားရုပ်ရှင်အနုပညာလုပ်ငန်းများက သက်သေပြလျက်ရှိသည်။ လက်ရှိတွင် ကိုရီးယားသမ္မတနိုင်ငံသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ယဉ်ကျေးမှုအနုပညာကဏ္ဍကို ဦးဆောင်နေပြီး ယဉ်ကျေးမှုအနုပညာကဏ္ဍမှ အကျိုးအမြတ်ဖြစ်ထွန်းမှု ကြီးမားကျယ်ပြန့်နေသည်။

ယဉ်ကျေးမှုအနုပညာလုပ်ငန်းသည် ဖျော်ဖြေရေးသက်သက်သာ မဟုတ်တော့ဘဲ အဘက်ဘက်တွင် အောင်မြင်မှုများဆောင်ကြဉ်းပေးလာနိုင်သည်။ ယဉ်ကျေးမှုလုပ်ငန်းသည် နယ်ပယ်ကဏ္ဍကျယ်ပြန့်စွာရှိသကဲ့သို့ အောင်မြင်မှုတွင်လည်း ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို သိသိသာသာ အထောက်အကူပြုနေပြီဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် ယဉ်ကျေးမှုလုပ်ငန်းများမှ ကမ္ဘာ့ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၂၅၀ ဘီလီယံနှင့် အလုပ်အကိုင် ဆယ်သန်းခန့် ဖန်တီးပေးနိုင်ခဲ့သည်။ ကိုရီးယားနိုင်ငံ၏ ယဉ်ကျေးမှုပို့ကုန်တန်ဖိုးသည် ၂၀၁၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၂ ဘီလီယံရှိသည်ဟု သိရသည်။

ယဉ်ကျေးမှုဆိုင်ရာကုန်သွယ်ရေးတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ ပါဝင်မှုတိုးတက်လာသော်လည်း မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများသည် တန်ဖိုးကွင်းဆက်၏ သုံးစွဲမှုအပိုင်းတွင်သာ ရှိနေဆဲဖြစ်သည့်အတွက် ကမ္ဘာ့ယဉ်ကျေးမှုကုန်သွယ်မှုကဏ္ဍ၏ အောင်မြင်မှုရလဒ်ကို ကိုရီးယားနိုင်ငံကဲ့သို့ အပြည့်အဝခံစားနိုင်ခြင်း မရှိသေးချေ။ ထို့ကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်ခဲ့သည့် ယဉ်ကျေးမှုဆိုင်ရာ တီထွင်ဆန်းသစ်မှု ထိပ်သီးအစည်းအဝေးမှ ယဉ်ကျေးမှုဆိုင်ရာ လမ်းညွှန်မှာကြားချက်များကို မှတ်သားလိုက်နာဆောင်ရွက်ခြင်းနှင့် ယဉ်ကျေးမှုနှင့် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်သူများအကြား ပူးပေါင်းဆောင်ရွက်နိုင်ခြင်းတို့သည် ယဉ်ကျေးမှုလုပ်ငန်းဖွံ့ဖြိုးရေး၊ ယဉ်ကျေးမှုကုန်သွယ်ရေးဖြစ်ထွန်းရေးအတွက် တွန်းအားများကို ဖြစ်စေသည်။

ယဉ်ကျေးမှုကဏ္ဍသည် အခြားကဏ္ဍများနှင့် မတူညီသည့် သိမ်မွေ့နူးညံ့နက်နဲသော လုပ်ငန်းနယ်ပယ်ဖြစ်သည်။ ယဉ်ကျေးမှုအစဉ်အလာကောင်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် အရေးကြီးသလို တီထွင်မှုနှင့်ဆန်းသစ်မှုသည် အဓိကကျပြီး ပင်ကိုစွမ်းရည်နှင့် ကျွမ်းကျင်မှုသည် ယဉ်ကျေးမှုလုပ်ငန်း၏ အသက်သွေးကြောဖြစ်သည်။ ဆန်းသစ်တီထွင်သည့် အနုပညာဖန်တီးရေးသာမက ပရိသတ်များနှင့် ထိတွေ့ရေးနယ်ပယ် စီမံခန့်ခွဲမှုအပိုင်းတွင်လည်း ပိုမိုဆန်းသစ်သည့် နှစ်လိုဖွယ်ရာဖြစ်အောင် တီထွင်ဖန်တီးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အာဆီယံ- ကိုရီးယား ယဉ်ကျေးမှုဆိုင်ရာတီထွင်ဆန်းသစ်မှုထိပ်သီးအစည်းအဝေးမှ ပေါ်ထွက်လာသောယဉ်ကျေးမှုဆိုင်ရာ တီထွင်ဆန်းသစ်မှုနည်းနာများကို ရယူပြီး ယဉ်ကျေးမှုခေတ်မီတိုးတက်ရေးဘက်၌ မဖွံ့ဖြိုးသေးသော မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုလုပ်ငန်းများအား ဆန်းသစ်တီထွင်ကာ လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ ယဉ်ကျေးမှုကုန်သွယ်ရေးကမ္ဘာ့နယ်ပယ်တွင် မြန်မာနိုင်ငံသည်လည်း ပါဝင်စီးမျောကာ အောင်မြင်သော ယဉ်ကျေးမှုစီးပွားရေးကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပါကြောင်း။ ။




## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**ရန်ကုန် နိုဝင်ဘာ ၂၈**

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**



## ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၈**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော အခြေခံပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ ညနေ ၄ နာရီခွဲက ပြည်ထောင်စုလွှတ်တော် D ဆောင်၊ ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီနှင့် အမျိုးသားလွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီတို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်ကော်မတီဝင်များ၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## "ဖြောင့်မတ်တည်ကြည်မှု" လူငယ်စခန်းသိမ်းပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၈**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)၏ နည်းပညာအကူအညီဖြင့် ဖွင့်လှစ်သော ဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်း ၂/၂၀၁၉ စခန်းသိမ်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မန္တလေးမြို့ရှိ ရွှေပြည်သာဟိုတယ် သာရတနာမင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများကို ကျင့်ဝတ်လိုက်နာသူအဖြစ် အသိအမှတ်ပြုလက်မှတ်များနှင့် သင်တန်းဆင်းလက်မှတ်များကို ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် **(ယာပုံ)**နှင့် ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူတို့က တက္ကသိုလ်/ကောလိပ်များမှ ကိုယ်စားလှယ်များအား ပေးအပ်ကြသည်။

ထို့နောက် UNODC မှ Country Manager, Mr.Troels Vester နှင့် စခန်းဝင် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများကိုယ်စား မန္တလေး တက္ကသိုလ်မှ မအိမ့်ဝတီထွန်းတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က အဂတိလိုက်စားမှု တိုက်ဖျက်ရာတွင် တရားစွဲဆိုအရေးယူဆောင်ရွက်ရုံမျှဖြင့် အောင်မြင်နိုင်မည်မဟုတ်၍ ကော်မရှင်သည် ဖြောင့်မတ်တည်ကြည်မှုကို မြှင့်တင်ပေးသော အပြုသဘောဆောင်သည့် နည်းလမ်းကို အခြားအစီအစဉ်များထက် ပိုမိုအလေးထား ကြိုးပမ်းအားထုတ်လျက်ရှိကြောင်း၊ ဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်းသည် ယင်းအစီအစဉ်များအနက် တစ်ခုဖြစ်ကြောင်း၊ နယ်ပယ်အသီးသီးမှာ အနာဂတ်နိုင်ငံတော်အတွက် အားကိုးအားထားပြုနိုင်သော သူရဲကောင်းများ မပေါ်ပေါက်နိုင်စေရေးအတွက် အဂတိ လိုက်စားမှုက လွှမ်းမိုးသည်မှာ ကြာခဲ့ပြီဖြစ်ကြောင်း၊ ရိုးရိုးကျင့် မြင့်မြင့်ကြံ မှန်မှန်ပြောသူများအတွက် နေရာမရရှိခဲ့သည်မှာလည်း ကြာပြီဖြစ်ကြောင်း၊ ဤကဲ့သို့သော အမှားအယွင်းများကို ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးနည်းလမ်းဖြင့် ပြုပြင်ပြောင်းလဲပေးနိုင်ရန် ဤစခန်းတွင် ပါဝင်ခဲ့သော လူငယ်များ၌ အသိပညာနှင့် အတွေ့အကြုံများ ရရှိခဲ့ကြပြီဟု ယုံကြည်ကြောင်း၊ လူအများအပြားကို ဒုက္ခဖြစ်စေသော ပဋိပက္ခအများစု၏ အကြောင်းရင်း အခြေအမြစ်သည် "အဂတိလိုက်စားမှုဖြစ်သည်"ဆိုသည့် အချက်ကို သိရှိနားလည်ခဲ့ပြီးသည့်နောက် လူငယ်များအနေဖြင့် "မိမိတို့၏ အနာဂတ်ဘဝ သာယာရေးအတွက် အဂတိလိုက်စားမှု ကင်းဝေးသော လူ့ဘောင်ကို မဖြစ်မနေ ထူထောင်ကြမည်။ ဤသို့ ထူထောင်ရန်အတွက် မိမိတို့ကိုယ်တိုင်ကလည်း ဖြောင့်မတ်တည်ကြည်စွာ ပြောဆိုနေထိုင် လုပ်ကိုင်ကြမည်။ မိမိတို့၏ပတ်ဝန်းကျင်မှ လူများကိုလည်း အတတ်နိုင်ဆုံး ဖြောင့်မတ်တည်ကြည်မှုရှိစေရန် ရှေ့ဆောင်လမ်းပြသွားမည်" ဟူ၍ ဆုံးဖြတ်ချက်တစ်ရပ် ခိုင်မာစွာ ချမှတ်စေလိုပါကြောင်း ပြောကြားသည်။



အဆိုပါ လူငယ်စခန်း၏ ဆွေးနွေးပို့ချချက်များမှ သင်တန်းသားများက ထုတ်ဖော်ခဲ့သည့် လူငယ်ထုလိုက်နာရမည့် ကျင့်ဝတ်(၁၀)ချက်ကို ရေးဆွဲခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်ကြော်ငြာစာအမှတ်၊ ၁၂၃/၂၀၁၉
၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်)

**ပြည်ထောင်စုဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်းခြင်း**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး၏ သဘောတူညီချက်အရ စက်မှုဝန်ကြီးဌာနနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ကို **စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန** အဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၄၈/၂၀၁၉
၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်)

**ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ခ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၄ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ) တို့ပါ ပြဋ္ဌာန်းချက်များအရ ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ဒေါ်ဝါဝါထွန်း ကို ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုဝန်ကြီး ပြောင်းလဲတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၄၆/၂၀၁၉
၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်)

**ပြည်ထောင်စုဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယဝန်ကြီးများ ပြောင်းလဲတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၄၇/၂၀၁၉
၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်)

**ဒုတိယဝန်ကြီးများ ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၉)တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါဒုတိယဝန်ကြီးများကို **စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးများ** အဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်-

(၁) ဦးမောင်မောင်ဝင်း
ဒုတိယဝန်ကြီး
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(၂) ဦးဆက်အောင်
ဒုတိယဝန်ကြီး
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(၃) ဒေါက်တာမင်းရဲပိုင်ဟိန်း
ဒုတိယဝန်ကြီး
စက်မှုဝန်ကြီးဌာန

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ပငွေလွှဲလုပ်ငန်း ဆောင်ရွက်ခွင့်ပြုခြင်းဆိုင်ရာ စည်းမျဉ်းနှင့်စပ်လျဉ်းသည့် ရှင်းလင်းပွဲကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၂၈

ပြည်ပငွေလွှဲလုပ်ငန်းဆောင်ရွက်ခွင့် ပြုခြင်းဆိုင်ရာ စည်းမျဉ်းနှင့် စပ်လျဉ်းသည့် ရှင်းလင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၅၅) မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဇမ္ဗူသီရိခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါရှင်းလင်းပွဲအခမ်းအနားသို့ လိုင်စင်လျှောက်ထားရန် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ပြီး တက်ရောက်လိုသူများ အနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်၊ သန်းခေါင်စာရင်း၊ ကုမ္ပဏီဖြစ်ပါက MyCO Company Extract တို့နှင့်အတူ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ(လိပ်စာ- အမှတ် ၂၆ (က)၊ စက်မှုလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့)သို့ နိုဝင်ဘာ( ၂၈၊ ၂၉ ) ရက်များတွင် ရုံးချိန်အတွင်း လာရောက်စာရင်းပေးသွင်းနိုင်ပါကြောင်းနှင့် စာရင်းပေးသွင်းထားသူများသာ ရှင်းလင်းပွဲသို့ တက်ရောက်နိုင်မည်ဖြစ်ပါကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သိရသည်။ **ဂျိုင်းလော**

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။ **မိုး/ဇလ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ( ၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၆၂/ ၂၀၁၉) ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၈



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၆၂/၂၀၁၉)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးငွေဝင်းအောင်(ခ) ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**ဥပဒေမူကြမ်းရေးဆွဲရန်**

ပူးပေါင်းကော်မတီအနေဖြင့် ပြင်ဆင်ရေး ပူးပေါင်းကော်မတီတွင် ပါဝင်သည့် နိုင်ငံရေးပါတီ၊ အစုအဖွဲ့ အသီးသီးနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်တို့မှ တင်ပြခဲ့သည့် အခန်းလိုက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ရန် အကြံပြုချက်များအပေါ် ပြင်ဆင်သည့် ဥပဒေမူကြမ်းရေးဆွဲရန် ဆန္ဒပြုမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၏ နိဒါန်းအပါအဝင် အခန်း(၁) နိုင်ငံတော်အခြေခံမူများ၊ အခန်း(၂) နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ အခန်း(၃) နိုင်ငံတော်အကြီးအကဲ၊ အခန်း(၄) ဥပဒေပြုရေးနှင့် အခန်း(၅) အုပ်ချုပ်ရေးအခန်းများ အပေါ်တွင် ပြီးပြတ်အောင် ဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် ယနေ့ကျင်းပသည့် အစည်းအဝေး၌ အခန်း(၆)ကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆက်တိုက်ကျင်းပလျက်ရှိ**

ပူးပေါင်းကော်မတီအစည်းအဝေးများကို လွှတ်တော်ကျင်းပစဉ်ကာလ၌ အပတ်စဉ် တနင်္လာ၊ အင်္ဂါ၊ ကြာသပတေးနေ့ရက်များတွင် လည်းကောင်း၊ လွှတ်တော်အစည်းအဝေး ရပ်နားစဉ်ကာလများ၌ အစည်းအဝေး ရပ်နားပြီးနောက် ၁၀ ရက်နှင့် နောက်တစ်ကြိမ် ပုံမှန်အစည်းအဝေး မစတင်မီ ရှေ့ ၁၀ ရက်တို့တွင် လည်းကောင်း ဆက်တိုက်ကျင်းပ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ထိုင်းနိုင်ငံအမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။ သတင်းစဉ်

# ထိုင်းနိုင်ငံအမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၈**

ထိုင်းနိုင်ငံအမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနားကို ယနေ့ ည ၇ နာရီက နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် ထိုင်းနိုင်ငံတော်သီချင်းတို့ဖြင့် ဂုဏ်ပြုအလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စစ် ဆူဖတ်သရာ ဆီမိုင်းသရီဖိတ်တပ် တို့က ထိုင်းနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ် ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

ယင်းနောက် မြန်မာ – ထိုင်း နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မှတ်တမ်းဗီဒီယိုအား ပြသပြီး အခမ်းအနားသို့ တက်ရောက်လာသူများအား ထိုင်းနိုင်ငံသံအမတ်ကြီးက ထိုင်းရိုးရာအစားအစာများဖြင့် တည်ခင်းညှော်ခံသည်။

ညှော်ခံပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းခိုင်၊ ဒေါက်တာမြင့်ထွေးနှင့် ဦးကျော်တင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၈**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ကြီးမှူး၍ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး ကော်မတီ (IPC)ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးကော်မတီ (IPC)ဒုတိယအကြိမ် အစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးကော်မတီ ဥက္ကဋ္ဌ ဦးသောင်းထွန်း၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ဦးလှကျော်၊ ဦးကျော်မျိုး၊ ဦးအောင်ထူး၊ ဦးကျော်လင်း၊ ဦးခင်မောင်ဝင်း၊ ဦးဝင်းမော်ထွန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ IPC အဖွဲ့ဝင်များ၊ အတွင်းရေးမှူးဖြစ်သော ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် လုပ်ငန်းအဖွဲ့ (၅) ဖွဲ့မှ အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ လေ့လာသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးကော်မတီ ဥက္ကဋ္ဌ ဦးသောင်းထွန်းက "မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး ကော်မတီနှင့် ယင်း၏လုပ်ငန်း အဖွဲ့ (၅) ဖွဲ့သည် အလွန်အရေးပါကြောင်း၊ တာဝန်ယူမှုရှိပြီး အရည်အသွေးရှိသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် မျှတပြီး ကြွယ်ဝသည့် လူမှုအသိုက်အဝန်း တစ်ရပ်ဖန်တီးရေး ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ရေးဆောင်ရွက်ရာတွင် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှု မူဝါဒများကို ထင်ဟပ်ရန် အရေးကြီးပါကြောင်း" ပြောကြားသည်။

အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးကော်မတီ အတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ကော်မတီ၏လုပ်ငန်းစဉ်များနှင့် လုပ်ငန်းအဖွဲ့များ၏ဆောင်ရွက်ချက်များအပေါ် တင်ပြခဲ့ပြီး ရှေ့ဆက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အထောက်အကူပြု လုပ်ငန်းအဖွဲ့(၅) ဖွဲ့မှ အဖွဲ့ခေါင်းဆောင်များက ၎င်းတို့၏ လုပ်ငန်းအဖွဲ့အလိုက် ရေးဆွဲထားသည့်နှစ်အလိုက် လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ အဆိုပါ ဆွေးနွေးချက်များအပေါ် ကော်မတီ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့က ပါဝင်သုံးသပ် ဆွေးနွေးခဲ့ကြပြီး ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး ကော်မတီအတွင်းရေးမှူးက ဆွေးနွေးချက်များအပေါ် အနှစ်ချုပ်၍ ပြန်လည်၍ သုံးသပ်ဆွေးနွေးတင်ပြသည်။

ယင်းနောက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး ကော်မတီဥက္ကဋ္ဌ ဦးသောင်းထွန်းက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကျား/မ တန်းတူညီမျှရေးအတွက် ပေကျင်းကြေညာချက် (၂၅)နှစ်ပြည့် ပြန်လည်သုံးသပ်မှုဆိုင်ရာ ညီလာခံတက်ရောက်

**ဗန်ကောက် နိုဝင်ဘာ ၂၈**

ကျား/မ တန်းတူညီမျှရေးအတွက် ပေကျင်းကြေညာချက် (၂၅)နှစ်ပြည့် ပြန်လည်သုံးသပ်မှုဆိုင်ရာ အာရှ – ပစိဖိတ် ဝန်ကြီးများအဆင့် ညီလာခံကို ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည်။

အဆိုပါ ညီလာခံတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြောင်းလဲရေးတွင် ကျား/မ တန်းတူညီမျှရေး၊ အမျိုးသမီးများ ပါဝင်ခွင့်ရရှိရေးနှင့် ပြုပြင်ပြောင်းလဲမှု၏ အကျိုးခံစားနိုင်ရေးသည် အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကျား/မအခြေပြု အကြမ်းဖက်မှုများပပျောက်နိုင်ရေးအတွက် လိုအပ်သည့် မူဝါဒများ၊ ဥပဒေများကို ချမှတ်၍ အကာအကွယ်ပေးနေသကဲ့သို့ ကျား/မအခြေပြု အကြမ်းဖက်မှု ခံစားခဲ့ရသော ပြည်သူများကို လိုအပ်သည့် ဝန်ဆောင်မှုများရရှိရန် ချိတ်ဆက် ဆောင်ရွက်ပေးနေပါကြောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ် တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်နေသကဲ့သို့ ပြည့်တန်ဆာဆိုင်ရာဥပဒေကို မူကြမ်းရေးဆွဲနေပါကြောင်း၊ အသက်(၁၈)နှစ်အောက် ကလေးငယ်များနှင့် အမျိုးသမီးငယ်များကို အပြည့်အဝ အကာအကွယ်ပေးနိုင်ရန်အတွက် ကလေးသူငယ်အခွင့်အရေး ဥပဒေ အသစ်ကို ၂၀၁၉ ခုနှစ်တွင် အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒပြဋ္ဌာန်းနိုင်ရေးကို ဆောင်ရွက်နေပါကြောင်း။

ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုများမှ တားဆီးကာကွယ် တုံ့ပြန်နိုင်ရေးအတွက် ပူးတွဲ သဘောတူစာချုပ်ကို ကုလသမဂ္ဂနှင့် လက်မှတ်ရေးထိုးခဲ့ပြီးနောက် အဆိုပါ သဘောတူစာချုပ်ကို အကောင်အထည်ဖော်ရန် လုပ်ငန်းစီမံချက်ကို ရေးဆွဲလျက်ရှိကြောင်း၊ လူကုန်ကူး ကိစ္စရပ်များနှင့် ပတ်သက်၍

*စာမျက်နှာ ၅ သို့*




ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး ကျား/မ တန်းတူညီမျှရေးအတွက် ပေကျင်းကြေညာချက် (၂၅)နှစ်ပြည့် ပြန်လည်သုံးသပ်မှုဆိုင်ရာ အာရှ – ပစိဖိတ် ဝန်ကြီးများအဆင့် ညီလာခံတက်ရောက်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ တိုက်ပွဲရှောင်ပြည်သူများအတွက် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသော ဘက်စုံဒေသဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ အဆောက်အအုံများပြီးစီးခြင်း အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် တိုက်ပွဲရှောင်ပြည်သူများအတွက် ကရင်နှင့်မွန်ပြည်နယ်အတွင်းဆောင်ရွက်နေသော ဘက်စုံဒေသဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ အဆောက်အအုံများပြီးစီးခြင်း အထိမ်းအမှတ်အခမ်းအနားတက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၈**

တိုက်ပွဲရှောင်ပြည်သူများအတွက် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသော ဘက်စုံဒေသဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ အဆောက်အအုံများပြီးစီးခြင်း အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် ကရင်ပြည်နယ် မြဝတီမြို့နယ် လေးကေ့ကော်မြို့သစ်ရှိ ဒူးပလာယာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲအောင်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ ကေအင်န်ယူ ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ အိချီရိုမာရူးယားမားနှင့် နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ဆာဆာကာဝါတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က လေးကေ့ကော်မြို့သို့ ပြန်လည်ဝင်ရောက်နေထိုင်ကြသော ဒေသခံပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ရာ ဒေသခံပြည်သူများ ကိုယ်စားတာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ကေအင်န်ယူ ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့် တာဝန်ရှိသူများက တိုက်ပွဲရှောင်ပြည်သူများအတွက် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေသော ဘက်စုံဒေသဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ အဆောက်အအုံများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်း၊ အမှတ်တရသစ်ပင်စိုက်ပျိုးခြင်းနှင့် ငြိမ်းချမ်းရေးအထိမ်းအမှတ် ချိုးငှက်များ လွှတ်ပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

**ပြန်လည်နေရာချထားရေးအစီအစဉ်**

လေးကေ့ကော် မြို့သစ်သည် နိုင်ငံတော်အစိုးရနှင့် ကေအင်န်ယူ ကရင်အမျိုးသားအစည်းအရုံးတို့၏ NCA စာချုပ်ချုပ်ဆိုမှုနောက်ပိုင်းတွင် ပြုလုပ်သော ပြန်လည်နေရာချထားရေးအစီအစဉ်အရ ပြည်တွင်းတိုက်ပွဲရှောင်ပြည်သူများ၊ ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများမှ မိမိဆန္ဒအလျောက် နေရပ်ပြန်ပြည်သူများ၊ ကေအင်န်ယူ တပ်ဖွဲ့ဝင်မိသားစုများ၊ ထိုင်းနိုင်ငံမှ ပြန်လာကြသော ရွှေ့ပြောင်းအလုပ်သမား မိသားစုများအတွက် ရည်ရွယ်၍ တည်ဆောက်ထားခြင်းဖြစ်သည်။

**ရန်ပုံငွေကျပ် ၁၈၉၁ ဒသမ ၂၁၆ သန်း သုံးစွဲ**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ကရင်ပြည်နယ်၌ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ ငွေကျပ် ၂၁ ဒသမ ၀၈၂ ဘီလီယံ ကျခံသုံးစွဲဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါလုပ်ငန်းများအနက် ကရင်ပြည်နယ် မြဝတီမြို့နယ် လေးကေ့ကော် မြို့သစ်ကို ၂၀၁၄ ခုနှစ် တွင် စတင်တည်ဆောက်ခဲ့ရာ လမ်း တံတားလုပ်ငန်းများ အပါအဝင် အခြေခံအဆောက်အအုံများကို ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ ရန်ပုံငွေကျပ် ၁၈၉၁ ဒသမ ၂၁၆ သန်း သုံးစွဲခဲ့ပြီး နေအိမ်အလုံး ၂၀၀ နှင့် အဆိုပါ နေအိမ်များအတွက် လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# တီမောလက်စ်တေနိုင်ငံ (၄၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကြေညာသည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနားကျင်းပ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စ်တေသံအမတ်ကြီး Mr. Joao Freitas de Camara၊ တီမောလက်စ်တေနိုင်ငံ၏ (၄၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ကြေညာသည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

**ရန်ကုန် နိုဝင်ဘာ ၂၈**

တီမောလက်စ်တေနိုင်ငံ၏ (၄၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကြေညာသည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ညှော်ခံပွဲ အခမ်းအနားကို ယနေ့ ည ၆ နာရီခွဲတွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် တီမောလက်စ်တေနိုင်ငံသီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စ်တေသံအမတ်ကြီး Mr. Joao Freitas de Camara နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်တို့က တီမောလက်စ်တေနိုင်ငံ၏ (၄၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ကြေညာသည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စ်တေသံအမတ်ကြီးတို့က တီမောလက်စ်တေနိုင်ငံ၏ (၄၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ကြေညာသည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ကြပြီး တက်ရောက် လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တီမောလက်စ်တေသံအမတ်ကြီးက အခမ်းအနားသို့ တက်ရောက်လာသောဧည့်သည်တော်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာဌာနေ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

*စာမျက်နှာ ၄ မှ*

အစိုးရအနေနှင့် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးထားသော အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး ကုလသမဂ္ဂ ကွန်ဗင်းရှင်း (CEDAW) သဘောတူစာချုပ်ဆိုင်ရာများကို နိုင်ငံတကာအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ အပါအဝင် ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ပတ်သက်သည့် အချက်အလက်များရရှိနိုင်ရန်အတွက် ၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ (၃)နှစ်တာ ကြာမြင့်မည့် သုတေသနတစ်ခုကို ဆောင်ရွက်လျက်ရှိပြီး ယင်းသုတေသနသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် အညွှန်းကိန်းများနှင့် စပ်လျဉ်း၍ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ရရှိလာသောသတင်းအချက်အလက်များအပေါ်အခြေခံ၍ လုပ်ငန်းစီမံချက်များ ရေးဆွဲပြီး မြန်မာနိုင်ငံအနေဖြင့် ကျား/မ အခြေပြု အကြမ်းဖက်မှုများ ပပျောက်သွားသည်အထိ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးရွာမည်

**နေပြည်တော် နိုဝင်ဘာ ၂၈**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

## မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# ဒါရိုက်တာ အေဝမ်းမောင်တင်ယုနှင့် ရုပ်ရှင်စကားဝိုင်း

*နိုဝင်ဘာ ၂၅ ရက်နေ့မှအဆက်*

**ဦးတင်ယု** ။ ။ ချစ်ရေစင် ကျတော့ လက်ထောက်ဒါရိုက်တာ ဖြစ်ပြီ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ဆရာ။

**ဦးတင်ယု** ။ ။ အဲဒီအချိန် ကျောင်းထွက်ပြီ။ ဦးတင်မောင်က ပြောတယ်။ မင်းကျောင်းလည်း မှန်မှန်မတက်ဘူး။ သွားတာမဟုတ်ဘူး ထွက်တော့ကွာ။ ငါနဲ့အတူတူလုပ်မယ်ဆိုပြီးတော့။

**ကြည်စိုးထွန်း** ။ ။ ဆရာ ဆက်မတက်တော့ဘူးပေါ့။ ဘွဲ့တွေဘာတွေလည်း မယူတော့ဘူး။ ဆရာ (၂၁) နှစ်သားပဲ ရှိသေးတာပဲနော်။ ချစ်ရေစင်ဆို။

**ဦးတင်ယု** ။ ။ ၄၁ အဲဒီကျတော့ ဒါရိုက်တာဖြစ်ပြီ။

**ကြည်စိုးထွန်း** ။ ။ ဩော် အဲဒါ (၂၁) နှစ်သားပဲ ရှိသေးတယ်။



ဗိုလ်ချုပ်အောင်ဆန်း

**ဦးတင်ယု** ။ ။ အသံတိတ် ရွှေဒေါင်းတောင်။

**ကြည်စိုးထွန်း** ။ ။ နာမည်ကြီးပဲ ဆရာ။ ရွှေဒေါင်းတောင် ဆိုတာ ဆရာသုခရဲ့ ဝတ္ထုထင်ပါရဲ့။

**ဦးတင်ယု** ။ ။ ဇာတ်ညွှန်းကတော့ ဦးတင်မောင် ထင်တာပဲ။ များသောအားဖြင့် အေဝမ်းကတစ်ယောက် ရိုက်ရင် အကုန်ရိုက်တာများတယ်။ ကျွန်တော်ဆိုလည်း ဖာတစ်လုံးခေါင်းကျား။ တချို့အခန်းတွေ ကျွန်တော် ကင်မရာဝင်ကိုင်တယ်။ ဦးတင်မောင်တချို့အခန်းတွေ ဝင်ကူပြီး ရိုက်ပေးတယ်။

**ကြည်စိုးထွန်း** ။ ။ ဩော်- စု-စုပြီးတော့ လုပ်ကြတဲ့ သဘောပေါ့။ ဟုတ်ကဲ့ ဆရာ။ နာမည်ကတော့ တစ်ယောက် ဦးဘရှင်တပ်ချင်တပ်မယ်။

**ကြည်စိုးထွန်း** ။ ။ ဒါကြောင့်မို့ ဆရာက ဓာတ်ပုံနဲ့ ဆုရတာပေါ့ ဆရာရဲ့နော်။ ရွှေဒေါင်းတောင်က ဆရာ့ရဲ့ ပထမဆုံးကား။ ကောင်းလိုက်တာဆရာရယ်။ ဝတ္ထုကလည်း ဆရာသုခ၊ ဇာတ်ညွှန်းကလည်း ဆရာကြီး ဦးတင်မောင်ဆိုတော့ ကောင်းတာပေါ့ ဆရာ။

**ဦးတင်ယု** ။ ။ လျှပ်စစ်ရုပ်ရှင်ကို အစုစပ် ထောင်ကြတယ်။ ထောင်ပြီးတော့ "ကပ္ပလီ" ဆိုပြီး ရိုက်တယ်။

**ကြည်စိုးထွန်း** ။ ။ ဩော် ကပ္ပလီဆိုတာ ကပ်ကပ်ပြီးတော့ ပလီတာ။



အောင်ဇလ၊ ကြည်မြ၊ ကျော်ဇော



ဆရာတို့ကတော့ ကင်မရာအနေအထား Director of Photography သဘောမျိုးပေါ့ လိုက်လုပ်ပေးတာ။

**ဦးတင်ယု** ။ ။ ကျွန်တော်က ဒါရိုက်တာသာဖြစ်တာ။ ကင်မရာ သိပ်ဝါသနာပါတာ။ အဲဒါလည်း ဦးသုခဝတ္ထုထင်တယ် ဆရာ။

**ဦးတင်ယု** ။ ။ အဲဒီတုန်းက ကပ္ပလီတို့၊ လေဒီဂျစ်တို့၊ ဂျစ်လေဒီတို့ ကားနာမည်တွေ ပေါ်လာတာ။ နောက် ဘဘကြီး။

**ဦးတင်ယု** ။ ။ မင်းဘာလဲ။ မင်းဘာလဲ ကျတော့ အဲဒီမှာ ဗိုလ်ချုပ်အောင်ဆန်း လာကြည့်တာ။

**ကြည်စိုးထွန်း** ။ ။ ဘယ်လိုလာကြည့်တာလဲ သူက။

**ဦးတင်ယု** ။ ။ သူက အမြဲတမ်း ကိုတင်မောင့်ကားဆို လာလာကြည့်တယ်။ စွပ်ကျယ်လေးနဲ့။

**ကြည်စိုးထွန်း** ။ ။ ဩော် စွပ်ကျယ်လေးနဲ့ လာကြည့်တယ်။ ရိုးသားလိုက်တာ ဆရာရယ်နော်။

**ဦးတင်ယု** ။ ။ ကလေးလေးချီလို့ ဘယ်သူ့မှလည်း မပြောဘူး။ သူ့ဘာသူ ပိုက်ဆံပေးပြီးတော့ ဝင်ကြည့်တာ။

**ကြည်စိုးထွန်း** ။ ။ အခွင့်ထူးခံခြင်း မရှိဘူးပေါ့နော် ဆရာ။

**ဦးတင်ယု** ။ ။ သိတော့မှ ဦးတင်မောင်တို့ကို အကြောင်းကြားရတာပေါ့။

**ကြည်စိုးထွန်း** ။ ။ အင်း- ဗိုလ်ချုပ်တော့ ဒီမှာ လာပြီး ရုပ်ရှင်ကြည့်နေပြီ ဆိုပြီးတော့ ဦးတင်မောင်ကို အကြောင်းကြားတယ်။

**ဦးတင်ယု** ။ ။ 'မင်းဘာလဲ' ကျတော့ ဦးတင်မောင်က လူကြမ်းလုပ်တာကိုး။

**ကြည်စိုးထွန်း** ။ ။ ဟုတ်တယ် ဆရာ။ ဦးတင်မောင်က ဆရာရယ် ပြောရရင်တော့ သူကသာ စတန့်ကားတွေ ရိုက်နေတာ။ ဆရာ့ဦးလေးက သူကိုယ်တိုင်ကတော့ သိပ်စတန့်ကားတွေ မရိုက်တတ်ဘူး။ ရာဇဝင်ကားတွေ မရိုက်တတ်ဘူး။ ကျွန်တော် သိသလောက်တော့ နောက်ဆုံးကျမှသာ "ဗိမ္ဗိသာရ" ရိုက်သွားတာ။ သူ ရာဇဝင်ကားလည်း မရိုက်ဘူး။ စတန့်ကားလည်း မရိုက်ဘူး။ အကြမ်းလည်း မလုပ်ဘူး။ လူကြမ်းနေရာလည်း မလုပ်ဘဲ တကယ့်အနုကားလေးတွေနဲ့ ဆရာဦးတင်မောင်က ရိုက်လာခဲ့တာပေါ့လေ။ ဆရာ့ 'မင်းဘာလဲ' ကျမှ လူကြမ်းနေရာမှာ ဝင်ရိုက်တာ။ *စာမျက်နှာ ၇ သို့*













*စာမျက်နှာ ၆ မှ*

**ဦးတင်ယု** ။ ။ အဲဒီမှာ ကျွန်တော်က လုပ်ခိုင်းတာ။

**ကြည်စိုးထွန်း** ။ ။ တူကနေပြီးတော့ ဦးလေးကို လုပ်ခိုင်းတာ။ ဘာလုပ်ခိုင်းလဲ ဆရာ။

**ဦးတင်ယု** ။ ။ လူကြမ်းလုပ်ခိုင်းတာ။

**ကြည်စိုးထွန်း** ။ ။ လုပ်တာပဲ။

**ဦးတင်ယု** ။ ။ လုပ်တယ်။ အဲဒီမှာ သူက မင်းသားပီသတယ်။ ကျွန်တော်က ဒါရိုက်တာဖြစ်တော့ ကျွန်တော့်အလုပ်မှာ ဘာမှဝင်မစွက်ဘူး။ ကျွန်တော်ခိုင်းတာကို လုပ်တယ်။ ဘာထည့်ထားသလဲဆိုတော့ ပြတင်းပေါက်ကနေ ဒိုင်ဗင်ထိုးဆင်းတဲ့အခန်း။ ဦးလေး အဲဒါလုပ်ပေးဆို။ အေးပါ လုပ်ပေးပါ့မယ်တဲ့။

**ကြည်စိုးထွန်း** ။ ။ ပြတင်းပေါက်ကနေ ဒိုင်ဗင်ထိုးရမယ့် အခန်းပါတော့ ဆရာက သူ့ကိုခိုင်းတယ်။ ဦးလေး လုပ်ပေးပါဆိုတော့ လုပ်ပေးတယ်။ ဟုတ်ကဲ့ ဆရာ။ သူ လူကြမ်းလုပ်တာက ထူးခြားနေတော့ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်က ဒါကိုတင်မောင် လူကြမ်းလုပ်တဲ့ကားပဲဆိုပြီးတော့ လာကြည့်တာ။ ဘာမှလည်း ကြိုတင်အကြောင်းမကြားထားဘူး။ ဟန်ကြီးပန်ကြီးလည်း မရှိဘူး။ သူ့ဟာသူ ပိုက်ဆံပေးပြီးတော့ ဝင်သွားတာ။ ကောင်းလိုက်တာ ဆရာရယ်။





လာပြီး အားပေးတာလေးကဖြင့် တကယ်ကြည်နူးစရာ ကောင်းပါတယ် ဆရာရယ်။ ဝမ်းလည်းသာပါတယ်။ ဆရာတို့ အရင်တုန်းက ရုပ်ရှင်လောကသားတွေနဲ့ အရင်တုန်းက ကျွန်တော်တို့ မျိုးချစ်ခေါင်းဆောင်ကြီးတွေနဲ့ ဒီလိုနေကြထိုင်ကြတာများ ကျွန်တော်တို့ ဂုဏ်လည်းယူပါတယ်။ ပီတိလည်း ဖြစ်တယ်။ အဲဒီတော့ 'မင်းဘာလဲ' ပြီးတော့ ဆက်ပါဦး ဆရာ။

**ဦးတင်ယု** ။ ။ 'မင်းဘာလဲ' ပြီးတော့ အတွင်းရန်။ ပြီးတော့မှ 'ညောင်ရမ်းညီနောင်'။

**ကြည်စိုးထွန်း** ။ ။ 'ညောင်ရမ်းညီနောင်' ဒါ ဆရာ့ရဲ့ Masterpiece ပေါ့နော် ဆရာ။

**ဦးတင်ယု** ။ ။ အသံတိတ်တုန်းကလည်း ရိုက်တယ်။ အသံသွင်းလည်း ရိုက်တယ်။

**ကြည်စိုးထွန်း** ။ ။ အသံတိတ်တုန်းကတော့ ကျွန်တော်တို့ မကြည့်ဖူးဘူး ဆရာ။ အသံထွက်ကျတော့ ကျွန်တော်တို့ ကြည့်ဖူးသွားပြီ။

**ဦးတင်ယု** ။ ။ အဲဒီကနေပြီးတော့ ရန်ပုံခွင်းသူဌေးလောင်း၊ တစ်ခိုင်လုံးရွှေ၊ ပထမဆုံးအသံထွက်က သက်လယ်။




မယ့် သီချင်းကတော့ တအားနာမည်ကြီးတာ။

**ဦးတင်ယု** ။ ။ ဒါရိုက်တာက ဖီလင်နဲ့ စာသားပေးလိုက်တာ။

**ကြည်စိုးထွန်း** ။ ။ ဩော်-ဆရာကဖီလင်တွေထည့်ပြီး ရေးပေးလိုက်တာပေါ့။ ဖီလင်ရော ရှိလား။

**ဦးတင်ယု** ။ ။ ရှိရတာပေါ့ ဆရာ။ ဒါရိုက်တာကတော့ ဖီလင်ထည့်ရတာပေါ့။

**ကြည်စိုးထွန်း** ။ ။ ပြောပါဦး ဆရာရယ်။ ဆရာက ဖီလင်ထည့်ပြီး ချစ်ဆွေက စာအုပ်ကလေး ရေးဖူးတယ် ဆရာ။ ပါးပါးလေး။ ဇာတ်ညွှန်းအကြောင်းရေးဖူးတာ ကျွန်တော်ဖတ်ဖူးတယ်။

**ဦးတင်ယု** ။ ။ ပြီးတော့မှ ၅၃ ရောက်တော့ သားရွှေဒေါင်းတောင်။

**ကြည်စိုးထွန်း** ။ ။ ၁၉၅၃ ဆိုတော့ ကျွန်တော်တို့ ရှစ်နှစ်၊ ကိုးနှစ်သားပဲ ရှိသေးတယ် ဆရာ။ ဒါပေမယ့် မှတ်မိတယ် ဆရာ။ အဲဒီကားကို မှတ်မိတယ်။ မင်းသားက ချောချောပဲ။ လူချောချော တောင့်တောင့်ဖြူဖြူ။ သူက ခေါင်းမှာ ပေါင်းပြီးတော့လေ။ ဒေါင်းတော့ အဲဒီကားပေါ့ ဆရာရယ်။ ဟို ကိုးနှစ်၊ ဆယ်နှစ်သားလောက် ကျွန်တော် ကြည့်ရတာ။ အကျော်အမော်မှာ မှတ်မိတာ ဘာမှတ်မိလဲဆိုတော့ ကြည်ကြည်ဌေးတစ်ကိုယ်ခွဲက တအားစရိုက်ကြမ်းတယ်။ သူက ဘယ်လောက်စရိုက်ကြမ်းလဲဆိုတော့ ထဘီကို တစ်ခါတည်း ဟိုအထဲကတော့ ဘောင်းဘီပါတာပေါ့။ ဘောင်းဘီလား၊ စကတ်လား မသိဘူး ပါတယ်။ ထဘီကွင်းလိုက်ပုံချပြီးတော့ တစ်ခါတည်း အဲဒီထဘီကို ခတ်ပလိုက်တာ ခြေထောက်နဲ့၊ ခုတင်ပေါ်ကို ခတ်ပလိုက်တာ သိလား။ အဲဒါမျိုးတွေပေါ့လေ။ character သိပ်ပေါ်တာပဲ အဲဒီမှာ။ မင်းမိန်းမက တော်တော်ကို ပက်စက်တာပေါ့နော်။ အနေအထိုင်ပက်စက်၊ အပြောအဆိုပက်စက်၊ ခပ်ကြမ်းကြမ်း၊ ခပ်ရမ်းရမ်း၊ တစ်ကိုယ်က။ တစ်ကိုယ်က








**ဦးတင်ယု** ။ ။ အဲဒါ နောက်နေ့ကျတော့ ကျွန်တော်က "ဗိုလ်ချုပ်မင်းဘာလဲ" ဆိုပြီးတော့

**ကြည်စိုးထွန်း** ။ ။ ကြော်ငြာတာ။ "ဗိုလ်ချုပ် မင်းဘာလဲ" မင်းဘာလဲက ကားနာမည်။

**ဦးတင်ယု** ။ ။ သခင်မြ လာကြည့်တော့ "သခင်မြ မင်းဘာလဲ"

**ကြည်စိုးထွန်း** ။ ။ ဩော် သခင်မြ လာကြည့်တော့ တစ်ခါ။ "သခင်မြ မင်းဘာလဲ"

**ဦးတင်ယု** ။ ။ အဲဒီ ကြော်ငြာလေးတောင် ရှိလားမသိဘူး။

**ကြည်စိုးထွန်း** ။ ။ ရှိရင်တော့ပေးပါဆရာ။

**ဦးတင်ယု** ။ ။ ရှာကြည့်လိုက်ဦးမယ်။

**ကြည်စိုးထွန်း** ။ ။ ရှာကြည့်ပါဦး ဆရာ။ ဒီက ပရိသတ်လည်း အဲဒါလေး ကျွန်တော် ပြချင်တာပေါ့။ "ဗိုလ်ချုပ် မင်းဘာလဲ"၊ "သခင်မြ မင်းဘာလဲ" ကားနာမည်က မင်းဘာလဲပေါ့။ ကောင်းလိုက်တာ ဆရာရယ်။ အဲဒီတုန်းက တကယ့်မြန်မာ့အမျိုးသားခေါင်းဆောင်ကြီးကနေပြီးတော့ ရုပ်ရှင်ကို စိတ်ဝင်စားပြီးတော့ ရုပ်ရှင်ရုံမှာ တကယ့်သာမန်ပရိသတ်လို

**ကြည်စိုးထွန်း** ။ ။ အဲ- ဦးကျော်ဝင်းနဲ့ တင်တင်မူနဲ့ မြင့်မြင့်ခင်နဲ့။

**ဦးတင်ယု** ။ ။ အဲဒီမှာ နာမည်ကြီးတယ်လေ။ သီချင်း 'ချစ်ဆိပ်ရည်'

**ကြည်စိုးထွန်း** ။ ။ ဩော် – 'ချစ်ဆိပ်ရည်'က အဲဒီထဲကလား။

**ဦးတင်ယု** ။ ။ ကျွန်တော်က စာသားပေးတယ်။ ရွှေပြည်အေးက အသံထည့်တယ်။

**ကြည်စိုးထွန်း** ။ ။ ဩော်-ဆရာရွှေပြည်အေးက အသံထည့်တယ်။ စာသားရော အသံရောက ကောင်းတယ် ဆရာ။ 'ချစ်ဆိပ်ရည်' ဆိုတာက ကျွန်တော်တို့ ကြားဖူးတာတော့ ဒေါ်ရီရီသန့်တို့၊ ဒေါ်ကြည်ကြည်ဌေးတို့ပေါ့နော်။ သူတို့ဆိုတာ ကြားဖူးတယ် ဆရာ။

**ဦးတင်ယု** ။ ။ ပထမဆုံးဆိုတာက မြင့်မြင့်ခင်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ဆရာ။ အဲဒါတော့ မကြားဖူးဘူး ဆရာ။ ဒါပေမယ့် တော့ ချစ်ဆိပ်ရည်ဆိုတဲ့ စာသားတွေ ရေးပေးတယ်။ အဲဒါကို ရွှေပြည်အေးကနေပြီးတော့ အသံထည့်တယ်။ အဲဒီသီချင်းဟာ ဒီနေ့ထိပေါ့နော်။ ကျွန်တော်တို့ နောက်ခေတ်လူငယ်တွေပေါ့။ ရုပ်ရှင်ကားတွေထဲမှာတောင်မှ ဂီတမှုူးတွေကနေပြီးတော့ မင်းသမီးနဲ့ မင်းသား ကွဲကြပြီဆိုရင်၊ မင်းသမီးလေး လွမ်းနေပြီဆိုရင် တစ်ခါ ဒီ 'ချစ်ဆိပ်ရည်' ဆိုတဲ့ သီချင်းလေးကို ပြန်ပြန်တီးတာ။ ကျွန်တော် တွေ့ဖူးတယ် ဆရာ။ ဆရာ့ရဲ့ သီချင်းနဲ့ ပတ်သက်တဲ့ ဖီလင်ကိုလည်း သိရတာပေါ့ ဆရာ။ အဲဒီထဲက ကျော်ဝင်းဆိုတဲ့ မင်းသားက ပထမဆုံးအကယ်ဒမီရတဲ့ မင်းသားနော် ဆရာ။ ကျော်ဝင်းက တင်တင်မူရဲ့ ယောက်ျား။ အခု ဒေစီကျော်ဝင်းရဲ့ အဖေပေါ့နော်။

**ဦးတင်ယု** ။ ။ အဲဒါပြီးတော့ 'ဝိညာဉ်မေတ္တာ' အသံထွက်ပဲ။

**ကြည်စိုးထွန်း** ။ ။ အဲဒီမှာ ထူးခြားတာက ဆရာ၊ ဇာတ်ညွှန်းရေးတဲ့ သူက တက္ကသိုလ်ချစ်ဆွေဆိုတာ တက္ကသိုလ် တောင်လေးနဲ့ ခေးခုတ်တာတွေ တော်တော်ကောင်းပါတယ် ဆရာ။

**ဦးတင်ယု** ။ ။ ၅၄ ခုမှာ အကျော်အမော်။

**ကြည်စိုးထွန်း** ။ ။ ဒါလည်း နာမည်ကြီးတာပဲ ဆရာ။ အဲဒီမှာလည်း သီချင်းနာမည်ကြီးတယ်နော် ဆရာ။ လူမှန်ရင် ကိုယ့်အားကိုယ့်အားကိုးပါ ဆိုလား။ မိန်းမ တို့ မိန်းမမျိုးဆိုလား။ အဲဒါလေး ကြည်ကြည်ဌေးဆိုတာလေ။ အဲဒီသီချင်းလေး ဆရာ မှတ်မိဦးမလား မသိဘူး။

**ဦးတင်ယု** ။ ။ မမှတ်မိတော့ဘူး။

**ကြည်စိုးထွန်း** ။ ။ အဲဒီသီချင်းက ဆရာ၊ မိန်းမကို မာမာထန်ထန်ဆိုတဲ့သီချင်းပဲ။ အဲဒါမှတ်မိနေတယ် ဆရာ။ ကြည်ကြည်ဌေး နှစ်ကိုယ်ခွဲလေ ဆရာ။ အမှန်တော့ အင်္ဂလိပ်ဇာတ်ကား ရှိမယ်ထင်တယ်။ Stolen life ဆိုတာ။

**ဦးတင်ယု** ။ ။ နောက် ဇင်မာဦးနဲ့ ဗီဒီယို ပြန်ရိုက်တယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။ ကျွန်တော်က တော့ တအားနှုတာပေါ့လေ 'အကျော်အမော်' ဆရာနော်။

**ဦးတင်ယု** ။ ။ အဲဒီ ခပ်ကြမ်းကြမ်းက အစ်မကို သတ်လိုက်ပြီးတော့ သူဝင်လိုက်တဲ့အချိန်ကျတော့။

**ကြည်စိုးထွန်း** ။ ။ ဩော်-လူစားထိုးတာ။

**ဦးတင်ယု** ။ ။ အဲဒီကျတော့ သူက အတုကို အတင်းလုပ်ရတာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ဆရာ၊ ဟုတ်ကဲ့ ဆရာ။

**ဦးတင်ယု** ။ ။ အကြမ်းရုပ် ပျောက်အောင် မနည်းလုပ်ရတာ၊ အဲဒါပြီးတော့ 'မြတာဘက်'

*ဆက်လက်ဖော်ပြပါမည်*







◆ *ရှေ့ဖုံးမှ*

ရှေ့ဖုံးမှ

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ဆွေးနွေးစဉ်းစားဆုံးဖြတ်ကြရမည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်ကို မလိုက်နာခြင်း၊ ကျော်လွန်လုပ်ဆောင်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖောက်ဖျက်ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုတင်သွင်းလာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့် ဥပဒေမူကြမ်းအား ဥပဒေနှင့်အညီ ဆက်လက်ဆွေးနွေးဆုံးဖြတ်သင့်ပါကြောင်း ဆွေးနွေးသည်။

**ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်**က ၂၁ရာစု ပင်လုံညီလာခံမှ အတည်ပြုပြီးဖြစ်သည့် သဘောတူညီချက် ၅၁ ချက်တွင် နိုင်ငံတော်ကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုအဖြစ် ဖွဲ့စည်းရမည်ဟု အတိအကျဖော်ပြပြီးဖြစ်ပါကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ် တည်ဆောက်ရာတွင် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများကျင်းပပေးရန် မဖြစ်မနေလိုအပ်ပါကြောင်း၊ ထိုအချက်သည် ၄၅ ဦးကော်မတီ၏ ရည်မှန်းချက်နှင့် တာဝန်များတွင် ပါဝင်နေသည်ကို တွေ့ရပါကြောင်း၊ (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စကို ၄၅ ဦးကော်မတီက တစ်ပေါင်းတည်း ပြင်ဆင်သည်ဖြစ်စေ အချိန်မဆွဲဘဲ ပြင်သင့်ပြင်ထိုက်သည့်ပုဒ်မများကို ဦးစားပေးပြင်ဆင်ရန်လိုအပ်ပါကြောင်း ဆွေးနွေးသည်။



တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ဒုတိယဗိုလ်မှူးကြီး စိုင်းအိုက်လှ



တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ဗိုလ်မှူးသန့်ဇင်

**တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသန့်ဇင်**က ယခုဆွေးနွေးနေသည့် ဥပဒေမူကြမ်းပြင်ဆင်ခြင်းကို အချိန်ကာလတိကျစွာ မသိနိုင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်) တစ်ခုလုံးအပေါ် သုံးသပ်လေ့လာပြီး ပြုစုရေးဆွဲတင်သွင်းလာမည့် ဥပဒေမူကြမ်းနှင့်အတူ တစ်ပြိုင်တည်းယှဉ်တွဲဆောင်ရွက်ခြင်းမပြုလုပ်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁၂)ပါ ပြဋ္ဌာန်းချက်များ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ အမြန် ဆောင်ရွက်သင့်ပါကြောင်းနှင့် ဥပဒေမူကြမ်းလေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏အစီရင်ခံစာအား ကန့်ကွက်ပါကြောင်း ဆွေးနွေးသည်။

ယင်းအစီရင်ခံစာအပေါ် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲစိုး၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်မင်းဟန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး အောင်သွင်စိုး၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး ဇွဲနေဇော်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီး ဒေါ်ခင်ငြိမ်းချမ်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးစောကျော်အောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဗိုလ်မှူး ဝင်းမင်းထွန်း၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး ခင်မောင်ချို့နှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်တို့က ဆက်လက်ဆွေးနွေးကြသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပူးပေါင်းညှိနှိုင်းပြီး အတတ်နိုင်ဆုံး ကြိုးကြပ်ဆောင်ရွက်လျက်ရှိ

ယနေ့အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က **လွှတ်တော်အစည်းအဝေးဆိုင်ရာကိစ္စရပ်များ**နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အသိပေးတင်ပြရာတွင် ယခုရက်ပိုင်းအတွင်း လွှတ်တော်အစည်းအဝေးတွင် တွေ့ရှိရသည့် အခြေအနေအချို့နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အသိပေးပြောကြားလိုပါကြောင်း၊ မိမိအနေဖြင့် လွှတ်တော်နာယကအဖြစ် စတင်တာဝန်ထမ်းဆောင်ချိန်မှစ၍ လွှတ်တော်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈ ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အသုံးပြု၍ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပူးပေါင်းညှိနှိုင်းပြီး အတတ်နိုင်ဆုံး ကြိုးကြပ်ဆောင်ရွက်လျက်ရှိသည်ကို ဦးစွာပြောကြားလိုပါကြောင်း။

မိမိသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအဖြစ် သက်ဆိုင်ရာမဲဆန္ဒနယ်မှ ဒုတိယအကြိမ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်အစတွင် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တာဝန်ပေးအပ်ခြင်း ခံခဲ့ရပါကြောင်း၊ လက်ရှိသက်တမ်းတွင်လည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တာဝန်ပေးအပ်မှုအရ ပြည်ထောင်စုလွှတ်တော်နာယကတာဝန်ကို ဥပဒေနှင့်အညီ ထမ်းဆောင်နေခြင်းဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ အဆင့်ဆင့်ရွေးကောက်တင်မြှောက်ခြင်းခံရပြီးမှ ယခုကဲ့သို့ တာဝန်ထမ်းဆောင်ရခြင်းဖြစ်ပါကြောင်း၊ နာယကအနေဖြင့် သက်ဆိုင်သည့်တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ကျင့်ဝတ်စည်းကမ်းများနှင့်အညီ လွှတ်တော်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်



ပြည်ထောင်စုလွှတ်တော်နာယက
ဦးတီခွန်မြတ်

နေသကဲ့သို့ သက်ဆိုင်ရာလွှတ်တော်အဖွဲ့အစည်းများ၏ လုပ်ငန်းများကိုလည်း ဥပဒေ၊ နည်းဥပဒေဘောင်အတွင်းမှ အချိန်အခါနှင့်အညီ အောင်မြင်ပြီးစီးအောင် ကြပ်မတ်တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း။

လွှတ်တော်နာယက၏ တာဝန်နှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းစီ၏ တာဝန်များသည် သူ့အတိုင်းအတာနှင့်သူ များပြားကြီးမားလှပါကြောင်း၊ သို့သော် ထပ်တူမဖြစ်သည့်အတွက် နာယက၏ တာဝန်နှင့် လုပ်ဆောင်မှုအပေါ် နားမလည်နိုင်ခြင်း၊ တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့၏ ဆန္ဒအတိုင်း မလုပ်ပေးနိုင်၍ သဘောမကျခြင်း ရှိနိုင်ပါကြောင်း၊ ယင်းမှာလည်း အတိုင်းအတာရှိပါကြောင်း၊ နာယက၏တာဝန်ကျေပွန်အောင် မဆောင်ရွက်နိုင်ပါက တာဝန်ရုပ်သိမ်းနိုင်သည့် ဥပဒေ၊ နည်းဥပဒေများ သတ်မှတ်ထားပြီး ဖြစ်သကဲ့သို့ မိမိ၏ တာဝန်ရှိမှုအပိုင်းကိုလည်း ကောင်းစွာသိရှိနားလည်ပါကြောင်းကို အသိပေးလိုပါကြောင်း။

ဆွေးနွေးချက်အချို့တွင် လွှတ်တော်က ဆုံးဖြတ်အတည်ပြုပြီးသည့် ကိစ္စတစ်ခုကို ဥပဒေနှင့်ညီသည် မညီဟုပြောကြပါကြောင်း၊ တစ်ဦးတစ်ဖွဲ့၏ ပြောကြားချက်ဖြင့် သတ်မှတ်၍ မရသည့် ကိစ္စဖြစ်ပါကြောင်း၊ မညီဟုယူဆပါက လုပ်ဆောင်နိုင်သည့် သတ်မှတ်ပြဋ္ဌာန်းချက်များရှိပါကြောင်း၊ ပြော၍ရတိုင်း ပြော၍မသင့်သည့်၊ ပြော၍မကောင်းသည့် အသုံးအနှုန်းများအတွက် လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများရှိပါကြောင်း၊ တစ်ဦးချင်းလိုက်နာစောင့်ထိန်းကြရန်လိုပါကြောင်း၊ လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်ကို မှန်မှန်ကန်ကန်စည်းကမ်းရှိရှိအသုံးချပြီး တာဝန်များကိုကျေပွန်ကြရန် တိုက်တွန်းလိုပါကြောင်း။

လွှတ်တော်အစည်းအဝေးအတွင်းတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အပြန်အလှန်လေးစားမှုထားပြီး လွှတ်တော်နှင့် တစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာနှင့်အညီ ပြုမူပြောဆိုဆောင်ရွက်စေလိုပါကြောင်း၊ ဆွေးနွေးချက်များတွင်လည်း အပြုသဘောဆောင်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အထောက်အကူပြုရေးရှုသည့် အသုံးအနှုန်းအပြုအမူများဖြစ်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉ တွင်ပါရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ လိုက်နာရမည့်စည်းကမ်းချက်များနှင့်ညီညွတ်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်ထောင်စုလွှတ်တော်ဟုဆိုပါက လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပါဝင်ပါကြောင်း။

## ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေတွင်ပါရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် အခွင့်အရေးများကိုလည်း အပြည့်အဝအသုံးပြုနိုင်

လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးကြသည့်အခါတွင် အစီရင်ခံစာပါ အကြောင်းအရာများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကိုသာ ဆွေးနွေးကြပြီး ပါတီ၊ ဌာန၊ အဖွဲ့အစည်းတစ်ခု၊ တိုင်းရင်းသားလူမျိုးစုတစ်ခု၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ထိခိုက်နစ်နာမှုရှိသည့် အသုံးအနှုန်းများဖြင့် ပြောဆိုဆွေးနွေးမှုမဖြစ်စေရေး သတိပြုကြစေလိုပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေတွင်ပါရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် အခွင့်အရေးများကိုလည်း အပြည့်အဝအသုံးပြုနိုင်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာနှင့် လျော်ညီသည့် ကျင့်ဝတ်စည်းကမ်းများကိုလည်း အလေးထားလိုက်နာပြီး သတ်မှတ်ချက်များနှင့်အညီ ဆွေးနွေးကြရန် မှာကြားလိုပါကြောင်း။

၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၆ ရက်က ပြုလုပ်ခဲ့သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဗိုလ်မှူးချုပ်မောင်မောင်အပါအဝင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၁၄၄ ဦးပေးပို့တင်ပြထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့် စပ်လျဉ်းသည့် လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ် ၁၅ဦး ဆွေးနွေးခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်အချို့၏ ဆွေးနွေးချက်များသည် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေပါ လွှတ်တော်ကိုယ်စားလှယ်များ၏ ကျင့်ဝတ်နှင့်စည်းကမ်းများ၊ လွှတ်တော်အစည်းအဝေးတွင်လိုက်နာရမည့် စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း၊ လွှတ်တော်နှင့် လွှတ်တော်အဖွဲ့အစည်းများ၏ ဂုဏ်သိက္ခာကို ထိပါးစေပြီးလွှတ်တော်အတွင်း ဆောင်ရွက်ချက်များကို အထင်အမြင်မှားစေသည့် ပြောဆိုဆွေးနွေးမှုများပါဝင်သည်ကို စိစစ် တွေ့ရှိရပါကြောင်း။

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ(စ)တွင် လွှတ်တော်အစည်းအဝေးများတွင် သတ်မှတ်ထားသည့် စည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်းဟု ပြဋ္ဌာန်းထားသဖြင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့် တည်ဆဲဥပဒေပါကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ် (၅)ဦး၏ ဆွေးနွေးချက်အချို့သည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉ နည်းဥပဒေခွဲ (င) (စ) (ဠ) (ဋ)ပါ လွှတ်တော် အစည်းအဝေးတွင် လိုက်နာရမည့် စည်းကမ်းများကို လိုက်နာခြင်းမရှိဘဲ ဆွေးနွေးခဲ့သည့်အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀ နည်းဥပဒေခွဲ (ဂ) နည်းဥပဒေခွဲငယ် (၅) အရ ဖောက်ဖျက်ကျူးလွန်သည့် စကားရပ်များကို လွှတ်တော်မှတ်တမ်းမှ နုတ်ပယ်မည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က **ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် မြန်မာနိုင်ငံဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ဥပဒေကြမ်းနှင့် သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှု ဥပဒေကြမ်းတို့ကို** လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ **တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်မောင်မောင်အပါအဝင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၁၄၄ဦး ပေးပို့တင်ပြထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်**



ဥပဒေမူကြမ်းလေ့လာစိစစ်ရေး
ပူးပေါင်းကော်မတီအတွင်းရေးမှူး
ဒေါက်တာမြတ်ဉာဏစိုး



ရခိုင်ပြည်နယ်
မဲဆန္ဒနယ်အမှတ်(၁)မှ
ဦးဝေစိန်အောင်

**ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့် စပ်လျဉ်းသည့် လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းလေ့လာစိစစ်ရေး ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက မိမိအနေဖြင့် ရှင်းလင်းတင်ပြလိုသည့် အချက် (၄)ချက်ရှိပါကြောင်း၊ ပထမဆုံးအချက်အနေဖြင့် ပထမအကြိမ်လွှတ်တော်သက်တမ်းတွင် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ ဖြစ်သည့် ၂၀၁၃ခုနှစ် မတ် ၂၀ ရက်တွင် ဝက်လက်မဲဆန္ဒနယ်မှ ကိုယ်စားလှယ် သူရဦးအေးမြင့်က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေးအတွက် အရေးကြီးအဆိုတစ်ခုကို လွှတ်တော်သို့ တင်သွင်းခဲ့ပါကြောင်း။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုခဲ့သည့်အတွက် ၂၀၁၃ခုနှစ် ဇူလိုင် ၂၅ ရက်တွင် ပြည်ထောင်စုလွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၁၃)ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီကို အဖွဲ့ဝင် (၁၀၉)ဦးဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ ထို့ပြင် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် ပြည်ထောင်စုလွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၁၄) ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီကို အဖွဲ့ဝင် (၃၁)ဦးဖြင့် ဖွဲ့စည်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းစဉ်များကိုဆောင်ရွက်ခဲ့သည်မှာ သမိုင်းမှတ်တမ်းတစ်ခုဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်မှုများကို လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့် မညီညွတ်ဟု ကန့်ကွက်မှုမရှိခဲ့သည်ကို လေ့လာတွေ့ရှိနိုင်ပါကြောင်း။

ဒုတိယအချက်အနေဖြင့် တင်ပြလိုသည်မှာ ယခုဒုတိယအကြိမ်လွှတ်တော်သက်တမ်းတွင် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြည်ထောင်စုလွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၉)ဖြင့် ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းတာဝန်ယူပေးအပ်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီက လွှတ်တော်သို့ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ တင်သွင်းလာမည့် ပြင်ဆင်သည့်ဥပဒေမူကြမ်းကို လွှတ်တော်သို့ လက်ရှိတင်သွင်းထားသည့် ဥပဒေမူကြမ်းများနှင့် တစ်ပြိုင်တည်းယှဉ်တွဲပြီး လေ့လာစိစစ်သုံးသပ်ရန် မိမိတို့ လေ့လာစိစစ်ရေးပူးပေါင်းကော်မတီဝင်အများစုက ဆန္ဒပြုဆုံးဖြတ်ခဲ့ကြခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းတစ်ရပ်ကို ပြုစုရေးဆွဲပြီး လွှတ်တော်သို့တင်သွင်းနိုင်ရန် ဆောင်ရွက်ရမည်ဟု ပြင်ဆင်ရေးပူးပေါင်းကော်မတီကို ဖွဲ့စည်းခဲ့သည့် အမိန့်ကြော်ငြာစာတွင် ကော်မတီ၏လုပ်ငန်းတာဝန်များကို တိတိလင်းလင်းသတ်မှတ်ဖော်ပြထား၍ ဖြစ်ပါကြောင်း။

## ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းများကို အပြိုင်တင်သွင်းလာသည့်အခါ မည်သို့ဆောင်ရွက်ရမည် ဆိုသည့် တိကျသည့် ပြဋ္ဌာန်းချက်မျိုး မပါရှိ

တတိယအချက်အနေဖြင့် တင်ပြလိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းများကို ဆက်တိုက်ကဲ့သို့ တင်သွင်းလာသည့်အခါတွင် ထပ်တူနီးပါးတူညီသည့် ဥပဒေမူကြမ်းများကို အပြိုင်တင်သွင်းလာသည့်သဘော သက်ရောက်နေပါကြောင်း၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများတွင် ယခုကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်

*စာမျက်နှာ ၉ သို့*

## ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေးနှင့် အချောသပ်လုပ်ငန်းများအတွက် ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း

ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ရည်မှန်းတောင့်တရာဖြစ်သော ထာဝရငြိမ်းချမ်းရေးဖြစ်သည့် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိရေးတို့ကို ရည်သန်၍ ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက အမှူးပြုသော ဘုရားဒါယကာ၊ ဒါယိကာမများနှင့် (၇)ရက် သားသမီး အလှူရှင်များ၏ ပေါင်းစုကောင်းမှုဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိ မြို့နယ်၊ ရာဇသင်္ဂဟလမ်း၊ ကံ့ကော်ပန်းအဝိုင်း အနီးတွင် ထာဝရငြိမ်းချမ်းရေးစေတီတော်ကို အနန္တရာယိက မြေသန့်မဟာမင်္ဂလာအခမ်းအနားမှအစပြု၍ အထက် ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားအထိ မဟာမင်္ဂလာအခမ်းအနား(၉)မျိုးဖြင့် တည်ထားကိုးကွယ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ထာဝရငြိမ်းချမ်းရေးဖြစ်သော မြတ်နိဗ္ဗာန်ချမ်းသာ ရရှိနိုင်စေရန်၊ နိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေး ရရှိစေရန်ရည်သန်လျက် နိုင်ငံသူနိုင်ငံသားများအနေဖြင့် ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေးနှင့် အချောသပ်လုပ်ငန်းများအတွက် ကုသိုလ်ယူပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါနေရာများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

| စဉ် | အမည်/ ရာထူး | နေရာ | ဖုန်းနံပါတ် |
|---|---|---|---|
| (၁) | ဦးသောင်းဝင်း<br>ညွှန်ကြားရေးမှူး | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန<br>(ဝန်ကြီးရုံး)၊ ရုံးအမှတ်(၃၁)၊ နေပြည်တော် | ၀၆၇-၃၄၀၆၂၇၆<br>၀၉-၄၂၀၇၀၁၄၆၃ |
| (၂) | ဦးမောင်မောင်မျိုး<br>ညွှန်ကြားရေးမှူး၊<br>နေပြည်တော်<br>သာသနာရေးမှူး | ထာဝရငြိမ်းချမ်းရေးစေတီတော်ပရိဝုဏ်၊<br>နေပြည်တော် | ၀၆၇-၃၅၅၀၁၈၃<br>၀၉-၂၁၃၂၁၉၁ |
| (၃) | ဦးကြင်ခိုင်<br>ညွှန်ကြားရေးမှူး | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊<br>ကမ္ဘာအေးဘုရားဝင်း၊ ရန်ကုန်မြို့ | ၀၁-၆၆၁၂၇၅<br>၀၉-၈၆၀၀၀၁၃<br>၀၉-၅၁၈၃၄၇၁ |
| (၄) | ဦးကျော်လှိုင်<br>ညွှန်ကြားရေးမှူး | မန္တလေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး | ၀၂-၄၀၃၆၃၁၂<br>၀၉-၂၆၃၉၉၉၀၀၁ |
| (၅) | ဦးစိန်မော်<br>ညွှန်ကြားရေးမှူး | ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး | ၀၁-၆၆၅၅၂၉<br>၀၉-၈၆၀၂၁၆၃ |

**ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ**

# နိုင်ငံခြားအာမခံကုမ္ပဏီများအား လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ပေးအပ်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၈**

အာမခံလုပ်ငန်းကဏ္ဍ လွတ်လပ်ခွင့်ပြုရေး လုပ်ငန်းစဉ်အရ မြန်မာနိုင်ငံတွင် နိုင်ငံခြားသား ရာနှုန်းပြည့်ပိုင်ဆိုင်သည့် အသက်အာမခံကုမ္ပဏီ (၅)ခု၊ အသက်နှင့် အထွေထွေအာမခံလုပ်ငန်း ဖက်စပ်လုပ်ကိုင်ခွင့် ရရှိခဲ့သည့် ကုမ္ပဏီ(၆)ခုတို့အား လိုင်စင်ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော် သင်္ဂဟ ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက နိုင်ငံခြားသား ရာခိုင်နှုန်းပြည့် ပိုင်ဆိုင်သည့် အသက်အာမခံကုမ္ပဏီ (၅) ခု၊ ဖက်စပ်လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသည့် အသက်အာမခံကုမ္ပဏီ (၃) ခုနှင့် အထွေထွေအာမခံကုမ္ပဏီ (၃) ခုတို့ကို လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ပေးအပ်နိုင်သည့်အတွက် ဝမ်းမြောက် ဂုဏ်ယူမိပါကြောင်း၊ မြန်မာနိုင်ငံ၏ အာမခံလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း ပုဂ္ဂလိကကဏ္ဍ ပါဝင်ဆောင်ရွက်ခွင့်ပြုခြင်းကို ၂၀၁၃ ခုနှစ်မှစ၍ ပထမအဆင့်အဖြစ် ဆောင်ရွက်ခဲ့ပြီး




ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း မြန်မာနိုင်ငံတွင် နိုင်ငံခြားသား ရာနှုန်းပြည့်ပိုင်ဆိုင်သည့် အသက်အာမခံကုမ္ပဏီ (၅) ခု၊ အသက်နှင့် အထွေထွေအာမခံလုပ်ငန်း ဖက်စပ်လုပ်ကိုင်ခွင့်ရရှိခဲ့သည့် ကုမ္ပဏီ(၆)ခုတို့အား လိုင်စင်ပေးအပ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

လက်ရှိတွင် နိုင်ငံပိုင်မြန်မာ့အာမခံလုပ်ငန်း၊ ပုဂ္ဂလိကအသက်အာမခံကုမ္ပဏီ ၁၁ ခုနှင့် အထွေထွေအာမခံကုမ္ပဏီ ၈ ခုတို့အား လုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားပြီးဖြစ်ကြောင်း၊ ယခု ဒုတိယအဆင့်အဖြစ် နိုင်ငံခြားအာမခံကုမ္ပဏီများကို မြန်မာနိုင်ငံတွင် လုပ်ငန်း လုပ်ကိုင်ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ ယခုလုပ်ငန်းလုပ်ကိုင်ခွင့်ပြုမည့် အာမခံကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံ၏ အာမခံလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် အာမခံအမျိုးအစားသစ်များ၊ အာမခံနည်းပညာများနှင့် နိုင်ငံတကာအာမခံအတွေ့အကြုံများကို အသုံးပြု၍ လုပ်ငန်းဆောင်ရွက်ကြမည်ဖြစ်သည့်အတွက် မကြာမီကာလများတွင် အများပြည်သူများအနေဖြင့် အာမခံအကာအကွယ်များ ပိုမိုရရှိပြီး တစ်ဖက်တွင်လည်း မြန်မာနိုင်ငံ၏ ငွေရေး ကြေးရေးကဏ္ဍနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုကဏ္ဍများ ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရာနှုန်းပြည့်ပိုင်ဆိုင်သည့် နိုင်ငံခြားအသက် အာမခံကုမ္ပဏီ (၅)ခုဖြစ်သည့် AIA Myanmar Life Insurance Company Limited, CHUBB Life Insurance Myanmar Limited, DAI-ICHI Life Insurance Myanmar Limited, Manulife Myanmar Life Insurance Company Limited, Prudential Myanmar Life Insurance Limited တို့ကို အာမခံလုပ်ငန်းလိုင်စင်များ ပေးအပ်သည်။

ယင်းနောက် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဖက်စပ်အသက်အာမခံ ကုမ္ပဏီအဖြစ် လုပ်ကိုင်ခွင့်ရရှိသည့် အာမခံကုမ္ပဏီ (၃) ခုဖြစ်သော CB Life Insurance Company Limited, Capital Taiyo Life Insurance Limited, Grand Guardian Nippon Life Insurance Company Limited နှင့် ဖက်စပ်အထွေထွေအာမခံကုမ္ပဏီအဖြစ်လုပ်ကိုင်ခွင့်ရရှိသည့် အာမခံကုမ္ပဏီ (၃) ခုဖြစ်သည့် AYA Sompo Insurance Company Limited, Grand Guardian Tokio Marine General Insurance Company Limited, KBZ MS General Insurance Company Limited တို့ကို အာမခံလုပ်ကိုင်ခွင့် လုပ်ငန်းလိုင်စင်များ ပေးအပ်သည်။

ထို့နောက် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသည့် နိုင်ငံခြားသား ရာနှုန်းပြည့်ပိုင်ဆိုင်သည့် အသက်အာမခံကုမ္ပဏီ (၅) ခုကိုယ်စား AIA Myanmar Life Insurance Company Limited မှ တာဝန်ရှိသူနှင့် ဖက်စပ်အသက်အာမခံကုမ္ပဏီ၊ အထွေထွေအာမခံကုမ္ပဏီများကိုယ်စား Capital Taiyo Life Insurance Company Limited နှင့် KBZ MS General Insurance Company Limited တို့မှ တာဝန်ရှိသူများက ကျေးဇူးတင်စကားပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

ဥပဒေမူကြမ်းများကို အပြိုင်တင်သွင်းလာသည့်အခါ မည်သို့ဆောင်ရွက်ရမည်ဆိုသည့် တိကျသည့်ပြဋ္ဌာန်းချက်မျိုး မပါရှိသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၊ နည်းဥပဒေခွဲ (ပ) တွင်ပြဋ္ဌာန်းထားသည့်အတိုင်း "ဤနည်းဥပဒေများတွင်ပြဋ္ဌာန်းထားခြင်းမရှိသော ကိစ္စများပေါ်ပေါက်လာလျှင် သော်လည်းကောင်း၊ ဤနည်းဥပဒေများအတိုင်း ဆောင်ရွက်ရာတွင် အခက်အခဲတစ်ရပ်နှင့် ကြုံတွေ့ရလျှင်သော်လည်းကောင်း ယင်းအခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် လွှတ်တော်၏အဆုံးအဖြတ်ရယူဆောင်ရွက်ခြင်း" ဆိုသည့် ပြဋ္ဌာန်းချက်အရ နာယကမှတစ်ဆင့် လွှတ်တော်သို့ မိမိတို့ ပူးပေါင်းကော်မတီအနေဖြင့် အစီရင်ခံတင်ပြခဲ့ရခြင်းဖြစ်ပါကြောင်း။

ယင်းသို့အစီရင်ခံတင်ပြသည့်နေရာတွင်လည်း လွှတ်တော်က အဆုံးအဖြတ်ပြုပြီးသည့် ကိစ္စရပ်တစ်ခုအပေါ်တွင် ထပ်မံဆွေးနွေးဆောင်ရွက်ခြင်း မပြုရဆိုသည့် ကန့်သတ်ချက်ရှိသော်လည်း ပြင်ဆင်သည့် ဥပဒေကြမ်းများအပြိုင်တင်သွင်းလာသည့်အတွက် လေ့လာစိစစ်ရေးပူးပေါင်းကော်မတီအနေဖြင့် မည်သို့ဆောင်ရွက်သင့်သည်ကို လွှတ်တော်က အဆုံးအဖြတ်ပြုပေးနိုင်ရန် တင်ပြခဲ့ရခြင်းဖြစ်ပါကြောင်း၊ မိမိတို့၏တင်ပြချက်အပေါ်တွင်လည်း လွှတ်တော်က အဆုံးအဖြတ်ပြုပေးခဲ့ပြီး ဖြစ်ပါကြောင်း။

စတုတ္ထအချက်အဖြစ် နောက်ဆုံးတင်ပြလိုသည်မှာ မိမိတို့လေ့လာစိစစ်ရေးပူးပေါင်းကော်မတီဝင် အများစု၏ ဆုံးဖြတ်ချက်ဖြစ်သည့် ပြင်ဆင်ရေးပူးပေါင်းကော်မတီမှ တင်သွင်းလာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုလုံးအပေါ် သုံးသပ်လေ့လာသည့် ပြင်ဆင်ချက်များ ပါရှိလာမည့် ဥပဒေမူကြမ်း၊ ယခုလွှတ်တော်သို့ ပုဒ်မ၊ ပုဒ်မခွဲအချို့သာ ပြင်ဆင်ဆောင်ရွက်ရန် တင်သွင်းလာသည့် ဥပဒေမူကြမ်းများနှင့် တစ်ပြိုင်တည်း ယှဉ်တွဲလေ့လာစိစစ်မှသာလျှင် စနစ်ကျနသည့် လေ့လာစိစစ်မှုမျိုးကို ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ နိုင်ငံတစ်ခု၏ ပင်မအသက်သွေးကြော၊ အလွန်အရေးကြီးသည့် အမှားအယွင်းအတိမ်းအစောင်းခံ၍ မရသည့် မူလဥပဒေကြီးတစ်ခုဖြစ်သည့်အတွက် နိဒါန်းမှ နောက်ဆက်တွဲဇယားများအထိ ချိတ်ဆက်နေသည့် ဥပဒေကြီးတစ်ခုလုံးအပေါ်တွင် တိကျသေချာသည့် လေ့လာစိစစ်မှုများကို ဆောင်ရွက်နိုင်ရန်လိုပါကြောင်း၊ ဥပဒေမူကြမ်း တစ်ခုချင်း တစ်ခုချင်း သုံးသပ်ဆောင်ရွက်နေမည်ဆိုပါက အစီအစဉ်ကျနမှုမရှိသည့် လေ့လာစိစစ်ခြင်းမျိုးသာ ဖြစ်နေသည့်အတွက် မိမိတို့လေ့လာစိစစ်ရေးပူးပေါင်းကော်မတီသည် လွှတ်တော်က အပ်နှင်းထားသည့် တာဝန်ကို ကျေပွန်အောင်ဆောင်ရွက်နိုင်မည် မဟုတ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်သို့ တင်ပြထားသည့် လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်အတိုင်းသာ လွှတ်တော်က သဘောတူလက်ခံဆုံးဖြတ် အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က အထက်ပါ အစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ် (၂၈)ဦးက ဆွေးနွေးခဲ့ရာတွင် တစ်ဦးချင်းအလိုက် အမျိုးမျိုးသောကိုးကားချက်၊ ထောက်ပြချက်၊ အကြံပြုချက်၊ ထင်မြင်ယူဆချက်များကို အသုံးအနှုန်းမျိုးစုံဖြင့် ဆွေးနွေးခဲ့ကြပြီးဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းက မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်ကို အသုံးပြုဆွေးနွေးခဲ့ကြသကဲ့သို့ လွှတ်တော်နာယကတစ်ဦးအနေဖြင့်လည်း ပေးအပ်ထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အသုံးပြုပြီး လွှတ်တော်၏လုပ်ငန်းတာဝန် တစ်ခုချင်းစီကို အတတ်နိုင်ဆုံး ပြီးဆုံးကျေပွန်အောင် ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း။

ယင်းသို့ဆောင်ရွက်သည့်နေရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် ညီခြင်း၊ မညီခြင်း၊ ထောက်ခံခြင်း၊ ကန့်ကွက်ခြင်းတို့သည် နာယက တစ်ဦးတစ်ယောက်၏ ဆောင်ရွက်ချက်မဟုတ်ဘဲ လွှတ်တော်၏ အဆုံးအဖြတ်သာဖြစ်ပါကြောင်း၊ လွှတ်တော်အစည်းအဝေးများတွင် ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက်များတွင် အကြောင်းအရာနှင့် လုပ်ငန်းစဉ်အပေါ်မူတည်၍ ဆွေးနွေးခြင်း၊ မှတ်တမ်းတင်ခြင်း၊ အဆုံးအဖြတ်ရယူခြင်းဆိုသည့် သတ်မှတ်ချက်များကို တွေ့ရှိနိုင်ပါကြောင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူမည့် ကိစ္စရပ်များ၊ သဘောတူအတည်ပြုချက်ရယူရမည့်ကိစ္စရပ်များ၊ မဲခွဲဆုံးဖြတ်ခြင်း ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်သည်ကို လွှတ်တော်ကိုယ်စားလှယ်များကို အသိပေးပြောကြားလိုပါကြောင်း၊ ထို့ကြောင့် အဆိုပါ ပူးပေါင်းကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ကို စက်ခလုတ်အသုံးပြုသည့်နည်းလမ်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထောက်ခံဆန္ဒမဲများပါက ယင်းအစီရင်ခံစာကို လွှတ်တော်က သဘောတူ အတည်ပြုမည်ဖြစ်ပြီး ကန့်ကွက်ဆန္ဒမဲများပါက အတည်မပြုကြောင်း ကြေညာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါ ပူးပေါင်းကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ အတည်ပြုရန် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၃၆၂ မဲ၊ ကန့်ကွက်မဲ ၁၉၂မဲ၊ ကြားနေမဲ မရှိ ဖြစ်သဖြင့် ထောက်ခံဆန္ဒမဲများသောကြောင့် သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ဒီဇင်ဘာ ၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

## ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Dong Hua နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၂၈

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Dong Hua နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီခွဲက နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

**ကုန်သွယ်မှုပိုမိုတိုးမြှင့်ရေးကိစ္စရပ်များဆွေးနွေး**

တွေ့ဆုံစဉ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုပိုမိုတိုးမြှင့်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ မျက်မမြင်များအသင်းက စာပေဟောပြောပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၈

**မြန်မာနိုင်ငံ မျက်မမြင်များအသင်းက ကြီးမှူး၍ ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စာပေဟောပြောပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းရှိ House of Orchid ၌ ကျင်းပသည်။**

အခမ်းအနားတွင် ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် စာပေဟောပြောပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ပေးပို့လာသည့် ဂုဏ်ပြုဝမ်းမြောက်စကားကို ကာတွန်းဆရာ စိုးသော်တာက ဖတ်ကြားသည်။

ထို့နောက် ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ကြိုဆိုဂုဏ်ပြုသည့် မြန်မာနိုင်ငံ မျက်မမြင်များအသင်း၏ သဘောထားထုတ်ပြန်ချက်ကို မြန်မာနိုင်ငံ မျက်မမြင်များအသင်းမှ စာရင်းကိုင် ဒေါ်စုမွန်ခိုင်က ဖတ်ကြားသည်။



ယင်းနောက် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်ဥက္ကဋ္ဌ ဦးအောင်ကိုမြင့်က နှုတ်ခွန်းဆက်စကားပြောကြားပြီး အာရှပစိဖိတ်ဒေသအတွင်း အွန်ဂျိုဘာရေးလ်စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် ဦးဘရန်နန်းအား မြန်မာနိုင်ငံ မျက်မမြင်များအသင်းကိုယ်စား ဂုဏ်ပြုဆုချီးမြှင့်သည်။

**အတွေ့အကြုံများ ဆွေးနွေးဟောပြော**

ထို့နောက် ဆရာမ မသီတာ(စမ်းချောင်း)**(ဝဲပုံ)**၊ ဆရာ စိုးသော်တာ၊ ဆရာ ကိုအင်း၀(ဂန္ထဝင်ညှပ်ကြီး)၊ Founder of Kanthari International Institute မှ Ms.Sabriye Tenberken(German)တို့က ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ဆောင်ပုဒ်ဖြစ်သည့် "အတားအဆီးကင်းရေး မျှော်မှန်းလို့ မသန်စွမ်းလူ့အခွင့်အရေးဖော်ဆောင်စို့" ဟူသည့် ခေါင်းစဉ်ဖြင့် ၎င်းတို့၏ အတွေ့အကြုံများကို ဆွေးနွေးဟောပြောကြသည်။

ထို့နောက် မြန်မာနိုင်ငံ မျက်မမြင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဒေါ်ယမင်းဥမ္မာက ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ မျက်မမြင်များအသင်းမှ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အဆင့်မြင့်ပညာသင်ယူခွင့် လက်လှမ်းနိုင်မှုနှင့် စပ်လျဉ်းသည့် ရုပ်သံဗီဒီယိုကို ပြသသည်။

မြန်မာနိုင်ငံ မျက်မမြင်များအသင်းကို ၁၉၉၆ ခုနှစ်တွင် ဖွဲ့စည်းထူထောင်ခဲ့ပြီး အသင်းရုံးကို ၂၀၀၂ ခုနှစ်တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များ မိတ်သဟာယဝင်းအတွင်း၌ ဖွင့်လှစ်ထားရှိသည်။

**အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိ**

မြန်မာနိုင်ငံ မျက်မမြင်များအသင်းသည် နိုင်ငံသားမျက်မမြင်များ၏ လူမှုဘဝဖွံ့ဖြိုးရေးနှင့် နိုင်ငံသားအခွင့်အရေး တန်းတူရရှိရေးတို့အတွက် ရည်ရွယ်၍ ၁၉၉၆ ခုနှစ် မေလ ၂၇ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များ မိတ်သဟာယ၊ ပြင်ဦးလွင် ပရဟိတမျက်မမြင် ဘက်စုံပညာသင်ကျောင်း၊ မုံရွာ ရောင်ခြည်သစ်မျက်မမြင်ကျောင်း၊ မိတ္ထီလာရှေ့ဆောင်မျက်မမြင်ကျောင်း၊ လှိုင်သာယာ စုပေါင်းအားမာန် မျက်မမြင် အလုပ်သမားများအဖွဲ့၊ ကချင်ပြည်နယ် မျက်မမြင်ဖွံ့ဖြိုးရေးအဖွဲ့၊ မိတ္ထီလာ ဘဝသစ်မျက်မမြင်ကျောင်း၊ ကချင်ပြည်နယ် လင်းလက်ကြယ်မျက်မမြင်များအဖွဲ့ အစရှိသည့်အဖွဲ့လိုက် အသင်းဝင် (၈)ဖွဲ့ အပါအဝင် တစ်ဦးချင်း အသင်းသူ အသင်းသားများနှင့် စုစည်းဆောင်ရွက်လျက်ရှိသော အမြင်အာရုံမသန်စွမ်းသူများ၏ နိုင်ငံတော်အဆင့် မျက်မမြင်များအသင်းတစ်သင်းဖြစ်သည့်အားလျော်စွာ ကမ္ဘာ့မျက်မမြင်သမဂ္ဂ၏ အဖွဲ့ဝင်အသင်းလည်း ဖြစ်သည်။ မြန်မာနိုင်ငံ မျက်မမြင်များအသင်းသည် ယခုအခါတွင် နိုင်ငံသားမျက်မမြင်များ၏ အခွင့်အရေးအတွက်သာမက မသန်စွမ်းသူ အားလုံး၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်းနှင့် အားပေးမြှင့်တင် ဆောင်ရွက်ပေးနိုင်ရေးအတွက်လည်း မိတ်ဖက်မသန်စွမ်းအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။

**ဖွင့်လှစ်ထား**

မြန်မာနိုင်ငံ မျက်မမြင်များအသင်းရုံးခွဲများကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် လည်းကောင်း၊ ရှမ်းပြည်နယ် လားရှိုးမြို့တွင် လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့တွင် လည်းကောင်း ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## MFF ယူ-၁၄ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲတွင် ကရင်အသင်း ဗိုလ်စွဲ

**ရန်ကုန် နိုဝင်ဘာ ၂၈**

မျိုးဆက်သစ် ကစားသမားများ စဉ်ဆက်မပြတ်ပေါ်ထွက်ရေး ရည်ရွယ်၍ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် 100 Plus တို့ ပူးပေါင်းကျင်းပသည့် MFF 100 Plus Cup Boy's ယူ–၁၄ တိုင်းဒေသကြီးနှင့်ပြည်နယ် လူငယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပရာ ကရင်ပြည်နယ်အသင်း ဗိုလ်စွဲခဲ့သည်။

ဗိုလ်လုပွဲတွင် ကရင်အသင်းနှင့် မန္တလေးအသင်းတို့ တွေ့ဆုံခဲ့ပြီး ကရင်အသင်းက လေးဂိုး–သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ ကရင်အသင်းသည် သုံးဂိုးပြတ် ဦးဆောင်နိုင်ခဲ့သော်လည်း မန္တလေးအသင်း၏ ချေပဂိုးများသွင်းယူမှုကို ခွင့်ပြုခဲ့ရကာ သုံးဂိုးစီ သရေကျပြီး လက်ကျန်မိနစ်များမှာ အကြိတ်အနယ်ရှိခဲ့သည်။ ပွဲပြီးခါနီးတွင် ကရင်အသင်းက အနိုင်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ချန်ပီယံဆုရရှိခဲ့ခြင်းဖြစ်သည်။ ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ သွင်းဂိုးအများဆုံးဆုရရှိသည့် အောင်ကောင်းမြတ် (မန္တလေး)အား ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်တစ်သိန်း၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုရရှိခဲ့သည့် စောမိုးဇော်(ကရင်)အား ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်တစ်သိန်း၊ ပူးတွဲတတိယဆုရရှိသည့် မွန်အသင်းနှင့် တနင်္သာရီအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၁၀ သိန်းစီ၊ ဒုတိယဆုရရှိသည့် မန္တလေးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေး ငွေကျပ် ၁၅ သိန်း၊ ပထမဆုရရှိသည့် ကရင်အသင်းအား တစ်ဦးချင်းဆု တံဆိပ်၊ ဆုကြေးငွေကျပ် ၂၅ သိန်းနှင့် ချန်ပီယံဆုဖလားတို့ကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ကရင်ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်း၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအကြံပေး ဦးဘန်နီတင်အောင်နှင့် တာဝန်ရှိသူများကဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**ဖိုးသော်ဇင်**


အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့

INTERNATIONAL DAY OF PERSONS WITH DISABILITIES

"The Future is Accessible"

"အတားအဆီးကင်းရေးမျှော်မှန်းလို့ မသန်စွမ်းလူ့အခွင့်အရေးဖော်ဆောင်စို့"

နေပြည်တော် ၃.၁၂.၂၀၁၉



ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော

ကလေးစာပေပွဲတော်

စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

(လေးမျက်နှာမြို့)

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၂ ၊ ၃)ရက်၊( တနင်္လာ ၊ အင်္ဂါ )နေ့၊နံနက်(၉)နာရီမှညနေ(၅)နာရီအထိ မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။

ဒုဋ္ဌဝတီဆောင်ခန်းမ ၊ အ.ထ.က ၊ လေးမျက်နှာမြို့။

# ဥပဒေမူကြမ်းရေးဆွဲရေးလမ်းညွှန်စာအုပ် မိတ်ဆက်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၈

**ဥပဒေမူကြမ်းရေးဆွဲရေးလမ်းညွှန်စာအုပ် မိတ်ဆက်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ရှိ Kempinski Hotel ၌ ကျင်းပသည်။**




ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ဥပဒေမူကြမ်းရေးဆွဲရေးလမ်းညွှန်စာအုပ် မိတ်ဆက်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

အခမ်းအနားတွင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက နိုင်ငံတော်၏ အချုပ်အခြာအာဏာများဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံး၍ အပြန်အလှန် ထိန်းကျောင်းခြင်း ပြုပါကြောင်း၊ အဆိုပါဥပဒေပြုရေး အခန်းကဏ္ဍ၌ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ၁၉၈၈ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်များ ရှေ့နေချုပ်ဥပဒေများအရ ဥပဒေများ စိစစ်ခြင်း၊ ရေးဆွဲခြင်းတာဝန်ရှိခဲ့ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာပြီးနောက် ဥပဒေမူကြမ်းများ ရေးဆွဲတင်သွင်းခြင်းမှာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများတွင် လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များတွင်လည်းကောင်း တာဝန်ရှိလာပါကြောင်း၊ ထို့အတူ ၂၀၁၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းသည့် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေတွင်လည်း ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ ပေးပို့လာသော ဥပဒေမူကြမ်းများအပေါ် ဥပဒေအကြံဉာဏ်ပေးခြင်း တာဝန်ကိုသာ ထည့်သွင်းပြဋ္ဌာန်းခဲ့ပါကြောင်း။

သို့ဖြစ်ပါ၍ အစိုးရဌာနအဖွဲ့အစည်းများက ဥပဒေမူကြမ်းများကို ကနဦးစတင်ရေးဆွဲပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးက မူကြမ်းများအပေါ် စိစစ်အကြံပြုလျက် ရှိပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက မူကြမ်းရေးဆွဲရာတွင် လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများက စိစစ်အကြံပြုနိုင်ရန်အတွက် လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအတွက် လည်းကောင်း ရည်ရွယ်ပြီး ဥပဒေမူကြမ်းရေးဆွဲရေးလမ်းညွှန်စာအုပ် ထုတ်ဝေနိုင်ရေးကို UNDP ၏ ပံ့ပိုးကူညီမှုဖြင့် ၂၀၁၆ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယနေ့ မိတ်ဆက်ဖြန့်ဝေမည့် လမ်းညွှန်စာအုပ်သည် ဥပဒေရေးထုံးရေးနည်းများ၊ တစ်ဆင့်ခံဥပဒေရေးထုံးရေးနည်းများကို ဥပမာ၊ သာဓကများဖြင့် အသေးစိတ်ဖော်ပြထားသည့် စာအုပ်ဖြစ်၍ ဥပဒေပြုရေးတာဝန်ယူထားသည့် လွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များအတွက် လည်းကောင်း၊အစိုးရဌာနအဖွဲ့အစည်းများအတွက်လည်းကောင်း၊ ဥပဒေအရာရှိများအတွက် လည်းကောင်း၊ ဥပဒေရေးဆွဲခြင်းပညာကို လေ့လာနေသူများအတွက် လည်းကောင်း အထောက်အကူပြုမည်ဖြစ်ပါကြောင်းနှင့် အဆိုပါလမ်းညွှန်စာအုပ်သည် နိုင်ငံတော်အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်သည့် ဥပဒေကောင်းများ ဖြစ်ပေါ်လာစေရေးအတွက် အထောက်အပံ့တစ်ရပ် ဖြစ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းစာအုပ်များကို ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥပဒေကြမ်း ကော်မတီများ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အတွင်းရှိ ဥပဒေရုံးများနှင့် ဦးစီးအရာရှိနှင့် အထက်ဥပဒေအရာရှိများအား ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ဒုတိယရှေ့နေချုပ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဥပဒေချုပ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရဌာနအဖွဲ့အစည်းများမှ အရာရှိကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ဌာနေကိုယ်စားလှယ်နှင့် အကြံပေးပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည် အစီရင်ခံစာရေးသားရေးအဖွဲ့ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၈**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည်အစီရင်ခံစာ ရေးသားရေးအဖွဲ့ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဓာတ်ပုံ)**



အစည်းအဝေးတွင် မသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည် အစီရင်ခံစာရေးသားရေးအဖွဲ့ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ယခု အစည်းအဝေးသည် မသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည်အစီရင်ခံစာ ရေးသားရေးအဖွဲ့၏ တတိယအကြိမ် အစည်းအဝေး ဖြစ်ပါကြောင်း၊ ပထမအကြိမ် အစည်းအဝေးကို အောက်တိုဘာ ၉ ရက်တွင် ကျင်းပခဲ့ပြီး ဆုံးဖြတ်ချက်(၈)ချက် ချမှတ်ခဲ့ပါကြောင်း၊ အဓိကအချက်များမှာ အစီရင်ခံစာကို နှစ်ပတ်လည်အစီရင်ခံစာအဖြစ် ဆောင်ရွက်ရန်၊ နှစ်ပတ်လည်အစီရင်ခံစာကို ၂၀၂၀ ပြည့်နှစ် မတ်လကုန်တွင် ထုတ်ဝေနိုင်ရန်၊ မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသားထုတ်ဝေရန်နှင့် ထည့်သွင်းဖော်ပြမည့် Content များ၊ အကြောင်းအရာများ၊ ဆောင်းပါးများကို ဒီဇင်ဘာလကုန်အထိ ဆက်စပ်အဖွဲ့အစည်းများထံမှ တောင်းခံသွားရန်တို့ ဖြစ်ပါကြောင်း၊ ဒုတိယအကြိမ် အစည်းအဝေးကို နိုဝင်ဘာ ၈ ရက်တွင် ကျင်းပခဲ့ပြီး အဓိကဆုံးဖြတ်ချက်မှာ မသန်စွမ်း ဆက်စပ်အဖွဲ့အစည်းများမှ လုပ်ငန်းဆောင်ရွက်ချက်များ တောင်းခံရန်ဖြစ်ပါကြောင်း၊ ယနေ့ အစည်းအဝေးတွင်လည်း ဆက်စပ်အဖွဲ့အစည်း အသီးသီးမှ တာဝန်ရှိသူများအနေဖြင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် နှစ်ပတ်လည်အစီရင်ခံစာရေးသားရေးအဖွဲ့ဝင် ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းက နှစ်ပတ်လည်အစီရင်ခံစာ ထုတ်ဝေနိုင်ရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများ၊ ဆပ်ကော်မတီများ၊ သက်ဆိုင်ရာဌာနများ၊ ဆက်စပ်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဆောင်ရွက်မှု မှတ်တမ်းများကို ပေါင်းစည်းထုတ်ပြန်နိုင်ရေး အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆပ်ကော်မတီများ အလိုက် မသန်စွမ်းသူများအတွက် ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက နှစ်ပတ်လည် အစီရင်ခံစာရေးသား ထုတ်ဝေနိုင်ရေးကိစ္စများကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ထို့နောက် မသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည်အစီရင်ခံစာ ရေးသားရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

❂ *ကျောဖုံးမှ*

ဂိုးပြတ်အနိုင်ရရန်ပါ ကြိုးစားရမည်ဖြစ်သည်။

**အကောင်းဆုံး ယှဉ်ပြိုင်**

မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ် ပိုပေ့ါဗ်က “ဖိလစ်ပိုင်ကို အနိုင်ယူပြီး အမှတ်ရယူနိုင်ခဲ့တဲ့အတွက် ဝမ်းသာပါတယ်။ ဒါပေမယ့် ကျွန်တော်တို့အတွက် လက်ကျန်နှစ်ပွဲက အရေးကြီးပါတယ်။ အရင်ဆုံး တီမောအသင်းနဲ့ပွဲမှာ အနိုင်ရဖို့ သေချာပြင်ဆင်ကစားသွားမှာဖြစ်ပါတယ်။ တီမောအသင်းရဲ့ ခြေစွမ်းနဲ့ ကစားပုံကိုလည်း လေ့လာထားပါတယ်။ အကောင်းဆုံးကစားပြီး အနိုင်ရမယ်လို့လည်း ယုံကြည်ပါတယ်။ အသင်းရဲ့ အားနည်းချက်တွေကို ပြင်ဆင်ပြီး အကောင်းဆုံး ယှဉ်ပြိုင်သွားမှာပါ”ဟု ပြောကြားသည်။

အုပ်စု(က)တွင် ကမ္ဘောဒီးယားနှင့် မြန်မာအသင်းက နှစ်ပွဲကစား လေးမှတ်စီ၊ မလေးရှားအသင်းက တစ်ပွဲကစား တစ်မှတ်၊ ဖိလစ်ပိုင်အသင်းက နှစ်ပွဲကစား တစ်မှတ်ရထားပြီး တီမောအသင်းမှာမူ တစ်ပွဲကစား တစ်ပွဲ ရှုံးနိမ့်ထားသည်။

**ညီမြတ်သော်တာ**

❉ *ကျောဖုံးမှ*

ကစားသမားဖြစ်ခဲ့သည်။ ယင်းအုပ်စု၏ ပွဲစဉ်တစ်ပွဲဖြစ်သော ဂျပန်နှင့် ဆော်လ်ဘတ်ပွဲတွင် အဝေးကွင်း၌ ဆော်လ်ဘတ်အသင်း လေးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

အုပ်စု(င) ရပ်တည်မှုမှာ လီဗာပူးအသင်းသည် ရမှတ် ၁၀မှတ်ဖြင့် ဇယားထိပ်တွင် ဦးဆောင်နေသော်လည်း နောက်တစ်ဆင့်တက်ရန် မသေချာသေးဘဲ နာပိုလီ ကိုးမှတ်၊ ဆော်လ်ဘတ် ခုနစ်မှတ်နှင့် ဂျန့်ခ်က တစ်မှတ်ရရှိထားသည်။ အုပ်စုနောက်ဆုံးပွဲစဉ်(၆)တွင် လီဗာပူးသည် ဆော်လ်ဘတ်ကို အဝေးကွင်းတွင် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယင်းပွဲတွင် လီဗာပူးသည် အနည်းဆုံး သရေတစ်မှတ်ရယူနိုင်မှသာ မျှော်လင့်ချက်ရှိမည်ဖြစ်ရာ ရှုံးနိမ့်ခဲ့လျှင် ရမှတ် ၁၀ မှတ်စီ တူညီသွားမည်ဖြစ်ပြီး ဂိုးကွာခြားချက်ဖြင့် ဆော်လ်ဘတ်အသင်း နောက်တစ်ဆင့်တက်ရောက်သွားနိုင်သည်။

လက်ရှိ ဂိုးရလဒ်မှာ လီဗာပူးအသင်းသည် သွင်းဂိုး ၁၁ ဂိုးနှင့် ပေးဂိုး ရှစ်ဂိုးသာရှိခဲ့ပြီး ဆော်လ်ဘတ်အသင်းသည် သွင်းဂိုး ၁၆ ဂိုးထိ သွင်းယူထားကာ ပေးဂိုး ၁၁ ဂိုး ပေးထားရသည်။ ယင်းအုပ်စု၏ ကျန်နှစ်သင်းဖြစ်သော နာပိုလီသည် အိမ်ကွင်းတွင် ဂျန့်ခ်ကို ဧည့်ခံရမည်ဖြစ်ကာ အနိုင်သေချာပြီး နောက်တစ်ဆင့်တက်ရောက်ရန် သေချာသွားပြီ ဖြစ်သည်။

ချန်ပီယံလိဂ် အခြားပွဲစဉ် ရလဒ်များအဖြစ် အုပ်စု(စ)တွင် ဘာစီလိုနာက ဒေါ့မွန်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အင်တာက ဆလားဗီးယားပရပ်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းအုပ်စုတွင် ဘာစီလိုနာက ၁၁ မှတ်၊ အင်တာနှင့် ဒေါ့မွန်က ခုနစ်မှတ်စီ တူညီနေပြီး ဆလားဗီးယားပရပ်မှာ နှစ်မှတ်သာ ရရှိထားသည်။ အုပ်စု(ဆ)တွင် ဇင်းနစ်က လိုင်ယွန်ကို နှစ်ဂိုး-ဂိုးမရှိ၊ လိုက်ပ်ဇစ်နှင့် ဘင်ဖီကာမှာ တစ်ဖက် နှစ်ဂိုးစီ သရေကျခဲ့သည်။ ယင်းအုပ်စု ရပ်တည်မှုမှာ လိုက်ပ်ဇစ်က ၁၀ မှတ်၊ ဇင်းနစ်နှင့် လိုင်ယွန်မှာ ခုနစ်မှတ်စီ တူညီနေပြီး ဘင်ဖီကာက လေးမှတ် ရရှိထားသည်။

အုပ်စု(ဇ)တွင် အိုင်းယက်စ်က လိုင်လီကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဗလင်စီယာ နှင့် ချယ်လ်ဆီးမှာ တစ်ဖက် နှစ်ဂိုးစီ သရေကျခဲ့သည်။ ယင်းအုပ်စုတွင် အိုင်းယက်စ်က ၁၀ မှတ်၊ ဗလင်စီယာနှင့် ချယ်လ်ဆီးမှာ ရှစ်မှတ်စီရရှိထားပြီး လိုင်လီက တစ်မှတ်သာ ရရှိထားသည်။ ပွဲစဉ်(၆) နောက်ဆုံးပွဲစဉ်တွင် ချယ်လ်ဆီးအသင်းသည် အိမ်ကွင်းတွင် လိုင်လီကို ဧည့်ခံယှဉ်ပြိုင်ရမည်ဖြစ်ပြီး နောက်တစ်ဆင့် တက်ရောက်ရန် အခွင့်အရေးရှိခဲ့ကာ အိုင်းယက်စ်နှင့် ဗလင်စီယာမှာ အနိုင်ရရှိသည့် အသင်းက နောက်တစ်ဆင့် တက်ရောက်သွားမည်ဖြစ်သည်။

**သီဟ**



# အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၂၈

ဖိလစ်ပိုင်နိုင်ငံတွင် နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၁၁ ရက်အထိ ကျင်းပမည့်အကြိမ် (၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြလေးစိန်၊ မြန်မာ့လက်ရွေးစင်(ဂွင်းသွင်းခတ်)ခြင်းလုံးအသင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အမှုဆောင်များသည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့မှ ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာသွားသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့အား အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်နှင့် ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲအောင်နှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက် ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ကလေးငယ်တွေ စာပေအသိပညာဗဟုသုတတိုးပွားဖို့ စာအုပ်စာစောင်တွေကို လက်လှမ်းမီစွာ ဖတ်ရှုလေ့လာနိုင်ဖို့ အခွင့်အလမ်းတွေဖော်ဆောင်ပေးတာပဲဖြစ်ပါတယ်

ဦးသိန်းကို
(ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး)

**ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၂၆ မြို့နယ်လုံးတွင် ကလေးစာပေပွဲတော်များကို ကျင်းပဆောင်ရွက်သွားမည်ဖြစ်ရာ နိုဝင်ဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ကျင်းပမည့် သာပေါင်းမြို့ ကလေးစာပေပွဲတော်အကြို ရင်တွင်းပီတိစကားသံများအား ဖော်ပြပေးလိုက်ပါသည်။**



ဦးသိန်းကို



ဒေါ်ကြူကြူလှိုင်



စာရေးဆရာ ကိုကြီးစော



မချစ်ရေစင်မီ



မောင်ရဲလင်းထိုက်

**ဦးသိန်းကို**
**(ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး)**

ကျွန်တော်တို့မြို့မှာ ကလေးစာပေပွဲတော် အောင်မြင်စွာကျင်းပနိုင်ဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်တွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ ဌာနဆိုင်ရာတွေ၊ လုပ်ငန်းရှင်၊ လူမှုရေးအသင်းအဖွဲ့တွေနဲ့ ဦးစီးကော်မတီ၊ ဆပ်ကော်မတီတွေ ဖွဲ့စည်းပြီး တစ်လကျော် အချိန်ယူပြင်ဆင်ခဲ့ပါတယ်။ ဒီလို စီစဉ်ဆောင်ရွက်ရတာလည်း နောင် အနာဂတ်ရဲ့ ကြယ်ပွင့်လေးတွေဖြစ်တဲ့ ကလေးငယ်တွေ စာပေအသိပညာ ဗဟုသုတတိုးပွားဖို့ စာအုပ်စာစောင်တွေကို လက်လှမ်းမီစွာ ဖတ်ရှုလေ့လာနိုင်ဖို့ အခွင့်အလမ်းတွေ ဖော်ဆောင်ပေးတာပဲဖြစ်ပါတယ်။ ဒီလို လုပ်ပေးခြင်းဖြင့် ကလေးငယ်တွေမှာ ဗဟုသုတနဲ့ ကိုယ်ရည်ကိုယ်သွေး မြင့်မားပြီး စုပေါင်းဆောင်ရွက်တတ်တဲ့ အလေ့အကျင့်ကောင်းတွေ၊ မိမိဒေသဖွံ့ဖြိုးရေးလုပ်ငန်းနဲ့ အကျိုးပြုလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်တတ်တဲ့ အသိအမြင်တွေရရှိလာဖို့လည်း ရည်ရွယ်ပါတယ်။

**ဒေါ်ကြူကြူလှိုင်**
**(သာပေါင်းမြို့နယ်ပညာရေးမှူး)**

ကျွန်မတို့ ပညာရေးဌာနမှာရော ကလေးတွေမှာရော အရည်အချင်းလေးတွေ ကိုယ်စီရှိတာကို ပြသခွင့်ရမှာဖြစ်တဲ့အတွက် ဝမ်းသာမိပါတယ်။ အခုလို ပွဲတွေမှာကျတော့ တစ်ဦးတစ်ယောက်ချင်းစီရဲ့အရည်အသွေးသာမက အဖွဲ့လိုက်အရည်အသွေးကိုပါ ထုတ်ဖော်ခွင့်ပေးလိုက်တာဖြစ်ပါတယ်။ ဒီပွဲမှာ ကျွန်မတို့အနေနဲ့ အရည်အသွေးတွေကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ထုတ်ဖော်ခွင့်ရလို့ ပညာရေးဌာန တစ်ခုလုံးအတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ ပွဲတော်မှာ ပါဝင်ဆင်နွှဲခြင်းဖြင့်လည်း ဆရာရော ကျောင်းသားပါ အားသာချက် အားနည်းချက်တွေကို သိလာပြီး အရည်အသွေးကို ပိုမိုမြင့်လာအောင် ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ပါတယ်။ ပညာရေးပြခန်းတစ်ခုကိုလည်း ထည့်သွင်းပြသသွားမှာ ဖြစ်ပြီး အများနှစ်သက်လိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။

**စာရေးဆရာ ကိုကြီးစော**

လုပ်သင့်လုပ်ထိုက်တဲ့ အစီအစဉ်တစ်ခုပါ။ ဘာကြောင့်လဲဆိုတော့ အခုခေတ် လူငယ်လေးတွေက စာဖတ်အား သိပ်ကိုနည်းလာကြပါပြီ။ စာတော့တတ်ကြတယ်၊ စာမဖတ်ကြဘူး ဖြစ်နေတယ်။ အခုလို ကလေးစာပေပွဲတော် ကျင်းပပေးခြင်းအားဖြင့် ကလေးတွေဟာ စာအုပ်စာပေနဲ့ ထိတွေ့ရင်းနှီးလာပြီးတော့ စာပေအပေါ် အာရုံစိုက်မှုဖြစ်ပေါ်လာစရာအကြောင်း ရှိပါတယ်။ ဒါကြောင့် ကလေးစာပေပွဲတော် ကျင်းပတဲ့ လုပ်ငန်းစဉ်ကြီး တစ်ခုလုံးကို ဝမ်းမြောက်ဝမ်းသာ နှစ်ထောင်းအားရ ရှိလှပါတယ်။ ကျွန်တော်တို့မြို့နယ် စာရေးဆရာအသင်းအနေနဲ့လည်း စာရေးဆရာ ခြောက်ယောက်ကနေပြီးတော့ စာပေဟောပြောပွဲမှာ ပါဝင်ဆွေးနွေးသွားမှာ ဖြစ်သလို ဒုတိယအကြိမ် ထုတ်ဝေတဲ့ သာပေါင်းမြို့နယ် မဂ္ဂဇင်းကိုလည်း ဒီစာပေပွဲတော်မှာ ဖြန့်ဝေသွားဖို့အတွက် စီစဉ်ဆောင်ရွက်ထားပါတယ်။

**မချစ်ရေစင်မီ(ဒသမတန်းကျောင်းသူ)**

ကျွန်မတို့ကျောင်းမှာ ကလေးစာပေပွဲတော် ကျင်းပတဲ့အတွက် အလွန်ဝမ်းသာမိပါတယ်။ ကျွန်မအနေနဲ့ Myanmar Fitness Dance အကနဲ့ ဝင်ရောက်ဖျော်ဖြေဖို့ ပြင်ဆင်ထားပါတယ်။ ပြခန်းတွေမှာ ဝင်ရောက်ရှင်းပြပြီး ကူညီပေးဖို့လည်း ရှိပါတယ်။ အခုတော့ သူငယ်ချင်းတွေနဲ့ ကျောင်းသန့်ရှင်းရေးပိုင်းမှာ ကူညီဆောင်ရွက်ပေးနေပါတယ်။ ပွဲတော်ကျင်းပရင်လည်း သူငယ်ချင်းတွေနဲ့ ပြိုင်ပွဲတွေမှာ ဝင်ပြိုင်ဖို့ စိတ်ကူးထားပါတယ်။

**မောင်ရဲလင်းထိုက်**
**(ဒသမတန်းကျောင်းသား)**

ဒီပွဲတော်ကို ကျွန်တော်တို့ ကျောင်းမှာ လာပြီးလုပ်တဲ့အတွက်ကြောင့် ဝမ်းသာမိပါတယ်။ ရတောင့်ရခဲ အခွင့်အရေးလည်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပန်းချီပြိုင်ပွဲမှာ ဝင်ပြိုင်ဖို့ စိတ်ကူးထားပါတယ်။ ကျွန်တော်က စာအုပ်ဖတ်တဲ့ အရသာကို ကြိုက်တယ်။ သုတ ရသ နှစ်မျိုးစလုံးကို စိတ်ဝင်စားပါတယ်။ ကျောင်းအားရက်တွေမှာ အိမ်မှာလည်း စာဖတ်ဖြစ်ပါတယ်။ ကိုယ်ကြိုက်တဲ့ စာအုပ်တွေ ရွေးပြီးဝယ်ဖို့လည်း စိတ်ကူးထားပါတယ်။ ပွဲတော်မတိုင်ခင် ကြိုတင်ပြင်ဆင်မှုတွေ အကတိုက်တာတွေ ဆောင်ရွက်နေကတည်းက ကျွန်တော်တို့တွေ ပျော်နေကြပါတယ်။ ပွဲတော်ကျင်းပရင်လည်း သူငယ်ချင်းတွေနဲ့ အတူတူ ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲဖို့ ပြင်ထားပါတယ်။

အဆိုပါ ကလေးစာပေပွဲတော်တွင် ပုံပြော၊ ကဗျာရွတ်၊ ကျပန်းစကားပြော၊ စာပေဟောပြောပွဲနှင့် စာပေဆွေးနွေးပွဲ၊ စက္ကူခေါက်၊ ပန်းချီ၊ ဆေးရောင်ခြယ်၊ စကားပုံဆက်၊ အရုပ်ဆက်၊ အိမ်ဆောက်ကစားနည်းများ၊ ဂိမ်းကစားနည်းများ၊ ထူးချွန်ထင်ရှား ရောဝတီတိုင်းသားများပြခန်း၊ အသိပညာပေးပြခန်းများ၊ ကလေးစာဖတ်ခန်းနှင့် စာအုပ်အရောင်းဆိုင်များဖြင့် စည်ကားသိုက်မြိုက်စွာ ထည့်သွင်း ကျင်းပသွားမည် ဖြစ်သည်။

တွေ့ဆုံမေးမြန်း - နေဝင်းမြင့်
မောင်မောင်မြင့်
ဓာတ်ပုံ - နန်းထိုက် ၊ မျိုးဇော်စိုး

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

## ချန်ပီယံလိဂ်သွင်းဂိုးအများဆုံးစာရင်းတွင် လီဝမ်ဒေါစကီး ဦးဆောင်



ချန်ပီယံလိဂ်သွင်းဂိုးအများဆုံးစာရင်းတွင် ဘိုင်ယန်မြူးနစ်အသင်းမှ လီဝမ်ဒေါစကီးက ၁၀ ဂိုးဖြင့် ဦးဆောင်နေပြီး ၎င်းနောက်တွင် ဆောလ်ဘတ်အသင်းမှ ဟာလန်းက ရှစ်ဂိုး၊ တော့တင်ဟမ်အသင်းမှ ဟယ်ရီကိန်းက ခြောက်ဂိုး၊ မန်စီးတီးအသင်းမှ ရာဟင်စတားလင်းက ငါးဂိုး၊ တော့တင်ဟမ်အသင်းမှ ဆွန်ဟောင်မင်က ငါးဂိုး၊ အင်တာမီလန်အသင်းမှ မာတီးနက်ဇ်က ငါးဂိုးဖြင့် အသီးသီး ရပ်တည်နေသည်။

## တော့တင်ဟမ်နှင့် စာချုပ်သစ်ချုပ်ဆိုရန် ဗာတွန်ဂန် ဆန္ဒရှိနေ

ဘယ်လ်ဂျီယံခံစစ်ကစားသမား ဗာတွန်ဂန် (၃၂နှစ်)သည် နည်းပြမော်ရင်ဟိုအသင်းသို့ ရောက်ရှိလာမှုနှင့်အတူ တော့တင်ဟမ်အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရေးနှင့်ပတ်သက်ပြီး ဆွေးနွေးရန် ဆန္ဒရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

## မိုယက်စ်ကို နည်းပြအဖြစ်ခန့်အပ်ရန် ချိန်ရွယ်

ဝက်စ်ဟမ်းအသင်းသည် ၎င်းတို့အနေဖြင့် နည်းပြ ပယ်ရီဂရီနီကို ထုတ်ပယ်လိုက်ပါက ဒေးဗစ် မိုယက်စ်ကို နည်းပြအဖြစ်ခန့်အပ်ရန် ချိန်ရွယ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

## ဖာနန်ဒက်ဇ် စပို့တင်း လစ္စဘွန်းအသင်းနှင့် စာချုပ်သစ် ချုပ်ဆို

မန်ယူနှင့် တော့တင်ဟမ်အသင်းတို့က ခေါ်ယူရန် ပစ်မှတ်ထားနေသော ဘရူနို ဖာနန်ဒက်ဇ် (၂၅နှစ်) သည် စပို့တင်း လစ္စဘွန်းအသင်းနှင့် စာချုပ်သစ်တစ်ရပ် ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း၊ အဆိုပါ စာချုပ်သစ်တွင် စာချုပ်လျော်ကြေး ပေါင် ၈၅ သန်းအထိ ပါဝင်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

## လူကာကူ ကစားသမားဘဝတစ်လျှောက် သွင်းဂိုး ၂၅၀ ပြည့်မြောက်

အင်တာမီလန်တိုက်စစ်ကစားသမား ရိုမီလူ လူကာကူသည် ၎င်း၏ ကစားသမားဘဝတစ်လျှောက် သွင်းဂိုး ၂၅၀ ပြည့်မြောက်သည့် ဂိုးကို နိုဝင်ဘာ ၂၈ ရက်နံနက်ပိုင်းက ချန်ပီယံလိဂ် အုပ်စုပွဲစဉ်အဖြစ် အင်တာမီလန်အသင်းက ပရာ့ဂ်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော ပွဲစဉ်တွင် သွင်းယူနိုင်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အောင်ဇော်




**ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန်နှင့် မြန်မာအားကစားသမားများအား ကြည့်ရှုအားပေးရန် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဒေါ်အေးအေးရွှေနှင့် အမှုဆောင်များသည် နိုဝင်ဘာ ၂၈ ရက်က ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ ပို့ဆောင်နှုတ်ဆက်ကြသည့် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးတို့နှင့်အတူ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်စဉ်။**

အေကေလင်း

# ရှမ်းပြည်နယ်ရှိ မြို့နယ်အချို့နှင့် ချင်းပြည်နယ် တွန်းဇံမြို့နယ်တို့၌ ဘိန်းစိုက်ခင်း ၁၄၈ ဧက ခန့်ဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၂၈**
ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၇ ရက်က ကောင်ထိုကျေးရွာ၏ အနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာ၌ အမြင့် နှစ်ပေခွဲခန့် သီးပွင့်ဆဲ ဘိန်းစိုက်ခင်း စုစုပေါင်း ၃၅ ဒသမ ၅ ဧကခန့်နှင့် ခန္ဓဲကျေးရွာ အနောက်တောင်ဘက် နှစ်မိုင်ခွဲခန့် အကွာ၌ အမြင့် တစ်ပေခွဲခန့်သီးပွင့်ဆဲ ဘိန်းစိုက်ခင်း စုစုပေါင်း ၂၇ ဧကခန့်တို့ကို ဖျက်ဆီးခဲ့သည်။



အလားတူ ဟိုပုံးမြို့နယ် ကျောက္ကချားကျေးရွာ၏ တောင်ဘက် သုံးမိုင်ခန့်အကွာ၌ အမြင့် တစ်ပေခန့် သီးပွင့်ဆဲဘိန်းစိုက်ခင်းစုစုပေါင်း ၁၅ ဧကခန့်၊ ဖယ်ခုံမြို့နယ် ဆိုင်ခွန်ကျေးရွာ အရှေ့ဘက် တစ်မိုင်ခွဲခန့်အကွာနှင့် အနောက်မြောက်ဘက် သုံးမိုင်ခန့်အကွာတို့၌ အမြင့် နှစ်ပေခွဲခန့် သီးပွင့်ဆဲဘိန်းစိုက်ခင်း ၂၆ ဧကခန့်၊ ဆီဆိုင်မြို့နယ် ပချားကလို့ကျေးရွာ၏ အနောက်တောင်ဘက် တစ်မိုင်ခန့်အကွာ၌ အမြင့် တစ်ပေခန့် သီးပွင့်ဆဲဘိန်းစိုက်ခင်း စုစုပေါင်း ၁၈ ဧက ခန့်၊ မိုင်းပန်မြို့နယ် ပန်ပိကျေးရွာအနီး၌ အမြင့် နှစ်ပေခန့် သီးပွင့်ဆဲဘိန်းစိုက်ခင်း တစ်ဧကခန့်နှင့် မောက်မယ်မြို့နယ် ပန်းတန်ကျေးရွာအနီး အမြင့် နှစ်ပေခွဲခန့် သီးပွင့်ဆဲဘိန်းစိုက်ခင်း စုစုပေါင်း ၇ ဒသမ ၅ ဧကခန့်တို့ကို သက်ဆိုင်ရာရဲတပ်ဖွဲ့များက အသီးသီးဖျက်ဆီးခဲ့ကြောင်း သိရသည်။

ထို့ပြင် ချင်းပြည်နယ် တွန်းဇံမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အန်းလွန်းကျေးရွာ၏ အရှေ့မြောက်ဘက် ရှစ်မိုင်ခန့်အကွာ၌ အမြင့် နှစ်ပေခွဲခန့် ဘိန်းစိုက်ခင်း စုစုပေါင်း ၁၈ ဧကခန့်ကို ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

# လှိုင်သာယာမြို့နယ်ရှိ ဖော့စက်ရုံ ဆေးလိပ်မီးကြောင့် မီးလောင်

**ရန်ကုန် နိုဝင်ဘာ ၂၈**
လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန် လှသိင်္ဂီလမ်းရှိ အမှတ် (၃၈၁) Yuan Xing ဖော့စက်ရုံတွင် နိုဝင်ဘာ ၂၇ ရက် ည ၈ နာရီက ညဆိုင်းကုန်တင်ကုန်ချပြုလုပ်နေစဉ် အလုပ်သမားဖြစ်သူ မောင်ဇော်က လုပ်ငန်းခွင်အတွင်း ဆေးလိပ် သောက်ပြီး ဖော့လိပ်အတွင်းထားခဲ့၍ တစ်ဖက်ဂိုဒေါင်ရှိ ဖော့လိပ်များ သိမ်းဆည်းနေစဉ် အဆိုပါဆေးလိပ်မီးမှတစ်ဆင့် ဖော့လိပ်များသို့ မီးကူးစက်လောင်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မီးငြိမ်းသတ်ယာဉ် ၄၃ စီး၊ ရေသယ်ယာဉ် ၂၁ စီး၊ အထောက်အကူပြုယာဉ် ကိုးစီး၊ ကွပ်ကဲမှုယာဉ် ရှစ်စီး၊ မီးငြိမ်းသတ်စက်ယာဉ် တစ်စီး၊ လူနာတင်ယာဉ် နှစ်စီးတို့ဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ က မီးငြိမ်းသတ်ခဲ့ရာ ည ၁၀ နာရီ ၅ မိနစ်ခန့်တွင် မီးငြိမ်းခဲ့သည်။ မီးလောင်မှုကြောင့် အလျား ၂၃၅ ပေ၊ အနံပေ ၈၀ သွပ်မိုး၊ အုတ်ကာ ကွန်ကရစ်ခင်း Steel Structure အဆောက်အအုံတစ်လုံးနှင့် ဖော့ချပ် အလျား သုံးပေ၊ အနံ နှစ်ပေရှိ ဖော့ချပ် ၅၀ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ ၁၆၄



ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းအရှေ့ရပ်ကွက် မြို့မကျောင်းလမ်း အထက -၂ (မြို့မကျောင်း) ရှေ့တွင် ကျောင်းသူ ကျောင်းသားများအား ဒဂုံမြို့မ ရဲစခန်းမှူး ဒုတိယရဲမှူး ဇော်နီချစ်နှင့်အဖွဲ့သည် နိုဝင်ဘာ ၂၈ ရက်က ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာ ပေးဟောပြောစဉ်။ မင်းခေတ်



ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့၌ နိုဝင်ဘာ ၂၇ ရက်က မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်မှုကို တပ်ကုန်းမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်နှင့် ဝန်ထမ်းများအား မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူး ဦးဝင်းမင်းစိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်သရုပ်ပြစဉ်။ ဇော်မျိုးနိုင်



နိုဝင်ဘာ ၂၇ ရက်က နွားထိုးကြီးမြို့နယ် ပြင်စည်ရဲကင်းစခန်းမှ စခန်းမှူး ရဲအုပ်ဝေလု ဇီးတောကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ရွာသူရွာသား ၁၀၀ ခန့်အား သက်ငယ်မုဒိမ်းမှုအကြောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအကြောင်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးပညာပေးမှုများ ဟောပြောစဉ်။ ဌေးမြင့်မောင်

## မြန်မာ့ရုပ်မြင်သံကြား

၂၉-၁၁-၂၀၁၉ (သောကြာနေ့)

**နံနက်ပိုင်း**

- ၆:၀၀ – တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ – Breakfast News
- ၇:၃၅ – MRTV Travelogue
- ၈:၄၅ – "၂၀၁၈ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှင်နှင့် တွေ့ဆုံခြင်း" (စာရေးဆရာ ဝေယံဘုန်း)
- ၉:၃၅ – မျက်မှောက်ရေးရာအဖြာဖြာ
- ၁၀:၄၅ – အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမြင်ကွင်းများ
- ၁၀:၅၅ – လူမှုစီးပွားမြင်ကွင်းများ
- ၁၁:၂၅ – Road to SEA Games Philippine 2019 (ရွက်လှေ)
- ၁၁:၃၅ – အလုပ်သမားရေးရာအစီအစဉ်
- ၁၂:၄၀ – လူညွန့်တုံးစေသောအရာ
- ၁၂:၅၅ – နိုင်ငံခြားဇာတ်လမ်းတွဲ
- ၁၄:၀၀ – အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဖိလစ်ပိုင်နိုင်ငံ) (မြန်မာအသင်းနှင့် တီမောလက်စ်တေအသင်း)

**ညပိုင်း**

- ၁၆:၃၅ – Road to SEA Games Philippine 2019 (စစ်တုရင်)
- ၁၇:၀၅ – "ဦးတိုးအောင် အငြိမ်းစားကုလသမဂ္ဂအရာထမ်း UEHRD ကော်မတီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်နှင့် တွေ့ဆုံမေးမြန်းခန်း"
- ၁၇:၃၀ – Weekly Sport Info
- ၁၈:၄၀ – BBC Click
- ၂၀:၀၀ – ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀:၃၀ – လျှပ်စစ်ဓာတ်အားသုံးစွဲမှုသတိပြု
- ၂၀:၃၅ – ပြည်သူ့အကျိုးပြုမှတ်တိုင်များ " SITE စက်မှုနည်းပညာသင်တန်းကျောင်း" (အပိုင်း-၂)
- – "၂၀၁၈ ခုနှစ်အတွက် အမျိုးသား စာပေဆုရရှင်နှင့် တွေ့ဆုံခြင်း" (စာရေးဆရာမ မသန်းသန်း- မန်းတက္ကသိုလ်)
- – အကြိမ်(၃၀)မြောက်အရှေ့တောင် အာရှအားစကားပြိုင်ပွဲ မြင်ကွင်းများ

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၈**
မူးယစ်တပ်ဖွဲ့စု(၁၀၁) နေပြည်တော်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(၁) နေပြည်တော်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီခွဲက လယ်ဝေးမြို့နယ် သာဝတ္ထိ-ပျဉ်းမနားမြို့ရှောင်လမ်းနှင့် နေပြည်တော် လေဆိပ်လမ်းဆုံတွင် ရဲမြင့်(ခ) မိုဟာမက် မောင်းနှင်လာသည့် နစ်ဆန်းအမျိုးအစား (၁၂)ဘီး မော်တော်ယာဉ်ကို ရှာဖွေရာ ငွေကျပ်သိန်း ၇၄၂၅ တန်ဖိုးရှိ ဟိုက်ဒြိုကလိုရစ်အက်စစ် ၉၉၀၀ လီတာ သိမ်းဆည်းရမိခဲ့သည်။

ယင်းနေ့ ညနေ ၄ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အင်းတော်မြို့နယ် စင်းဟောက်ကျေးရွာအနီး ရွှေဘို-မြစ်ကြီးနားသွားကားလမ်းတွင် ဖြိုးနောင်(ခ)ဖြိုးဝေနောင် မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၉၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း၊ အလားတူ အဆိုပါပူးပေါင်းအဖွဲ့သည် စင်းဟောက်ကျေးရွာအနီး ဒေသအခေါ် ခိုင်တောင်ကွေ့၊ ရွှေဘို-မြစ်ကြီးနားသွား ကားလမ်းတွင် ဖြိုးဝေအောင် မောင်းနှင်ပြီး မထုရင်(ခ)တိန်ဖန်ထု လိုက်ပါလာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၅၀၅ ပြားနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ နံနက်ပိုင်းတွင် မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် ဟိုနမ့်ကျေးရွာအနီး ဒေသအခေါ် ဟိုးပုံးရေထွက် နတ်စင်ရှေ့၊ ဟိုပုံး-လွိုင်လင်သွား ကားလမ်းတွင် မောင်တိုး(ခ)ဖိုးတိုး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းစိမ်း ၃ ဒသမ ၉ ကီလိုကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ရေနံချောင်းမြို့၌ ကလေးသူခိုးဟုဆိုကာ ဖမ်းမိထားသူမှာ စိတ်ပုံမှန်မဟုတ်သူဖြစ်နေ

**ရေနံချောင်း နိုဝင်ဘာ ၂၈**
မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ညောင်လှရပ်ကွက်၌ နိုဝင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီခန့်က ကလေးသူခိုးဖမ်းမိပြီး အဆိုပါ ဖမ်းမိထားသူမှာ ဆင်ပေါင်ဝဲမြို့နယ် သာဂီအုပ်စု လက်ယက်ကျေးရွာနေ ကိုဝင်းလွင်(၃၇နှစ်) ဖြစ်ပြီး စိတ်ပုံမှန်မဟုတ်သည့် အခြေအနေဖြစ်နေသဖြင့် ခေတ္တထိန်းသိမ်းထားသူဖြစ်ကြောင်း ညောင်လှနယ်မြေရဲစခန်းမှ သိရ သည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၉ နာရီခန့်က ရေနံချောင်းမြို့နယ် ငွေးကုန်းလမ်းဆုံတွင် အထုပ်တစ်ထုပ်နှင့် မသင်္ကာသူအမျိုးသားတစ်ဦး တွေ့ရှိကြောင်း ငွေးကုန်းကျေးရွာတာဝန်ခံ ဦးမောင်အေး၏ သတင်းပေးချက်အရ နယ်ထိန်းသက်လွင်ဦးက ကိုဝင်းလွင်အား ညောင်လှနယ်မြေရဲစခန်းတွင် ခေါ်ယူစစ်ဆေးမေးမြန်းပြီး ခေတ္တထိန်းသိမ်းထားစဉ် ညောင်လှရွာသစ်ရပ်ကွက်အတွင်းသို့ ထွက်ပြေးသွားခဲ့သည်။ ၎င်းအား ရဲတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးရာ သစ်သားတုတ်ဖြင့် ပြန်လည်ခုခံ၍ လွတ်မြောက်သွားခဲ့သည်။ ထို့နောက် ရပ်ကွက်ရာအိမ်မှူး ဦးကျော်ဦး၏ နေအိမ်အောက်ထပ်၌ ဆော့ကစားနေသော သားဖြစ်သူ မောင်ထိန်လင်းအောင်(KG)တန်း၏ လည်ပင်းအား မိဘများ မရှိခိုက် သစ်သားတုတ်ဖြင့် ဖိထားရာ ကလေးက အော်သဖြင့် အိမ်နီးချင်း မငြိမ်းအိမ့်နက ဝင်ရောက်ကာကွယ်ပေးပြီး အော်ဟစ်အကူအညီတောင်းသဖြင့် ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းဖမ်းဆီးခဲ့ပြီး ညောင်နယ်မြေရဲစခန်းသို့ ပို့အပ်ခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ကိုဝင်းလွင်မှာ စိတ်မူမမှန်သည့် အနေအထားတွေ့ရှိရသဖြင့် ညောင်လှနယ်မြေရဲစခန်းက စိတ်ရောဂါကု ဆရာဝန်နှင့် သွားရောက်ပြသရန် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ရွှေဆူး

# လေရှီးမြို့နယ် ဆွမ္မရာမြို့၌ လူ ရှစ်ဦး အစာအဆိပ်သင့်မှုဖြစ်ပွား

**ဆွမ္မရာ နိုဝင်ဘာ ၂၈**
စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် ဆွမ္မရာမြို့၌ နိုဝင်ဘာ ၂၁ ရက်က အမဲသားဝယ်ယူပြီး ချက်ချင်းချက်မစားဘဲ လေးငါးရက်ခန့်အကြာ ချက်စားရာမှ လူရှစ်ဦး အစာအဆိပ် သင့်ခဲ့သည်။ အစာအဆိပ်သင့်သူများမှာ အမဲခေါင်းသုပ်နှင့် ဝမ်းတွင်းသားစားမိသူများဖြစ်ပြီး ကိုယ်ခံအားနည်းသည့် သက်ကြီးပိုင်းနှင့် ကလေးငယ်များဖြစ်ကြောင်း သိရသည်။

အစာအဆိပ်သင့်လူနာများမှာ ဝမ်းလျှော၊ အော့အန်လျက်ရှိသော်လည်း စိုးရိမ်ဖွယ်မရှိကြောင်း ဆွမ္မရာမြို့မှ ဒေါက်တာဖြိုးသန်းလှိုင်ဦး၏ ပြောပြချက်အရ သိရသည်။

စနေမောင်(ခန္တီး)

*** ကျောဖုံးမှ**
အနည်းငယ်ထိခိုက်တာပေ့ါ။ တချို့ ကားဆရာတွေက ဂိတ်သွားနေတဲ့အချိန် နောက်ကကားတွေက ကျော်တက်ပြီး လမ်းပိတ်တာတွေလည်း တစ်ခါတလေ ကြုံရပါတယ်။ အားလုံးအဆင်ပြေဖို့ဆိုတာ သူတို့နိုင်ငံကိုတော့ သွားပြောလို့ မရဘူးပေ့ါ။ အဓိကကိုယ့်နိုင်ငံကသူတွေက သူတို့ သတ်မှတ်ထားတဲ့အတိုင်း မှတ်ပုံတင်၊ ယာဉ်မောင်းလိုင်စင် စတဲ့အထောက်အထား ပြည့်ပြည့်စုံစုံ ပါလာမယ်၊ ကိုယ့်ဘက်ကလည်း အဝင် အထွက်မှာ စည်းကမ်းတကျဝင်မယ်၊ ကားတွေကိုလည်း ကျော်မတက်ဘဲ သူ့စည်းကမ်းနဲ့ သူမောင်းမယ်ဆိုရင်တော့ အချိန်က ပြောသလောက် မကြာပါဘူး"ဟု ယာဉ်မောင်းတစ်ဦးက ပြောသည်။

မူဆယ်နယ်စပ် (၁၀၅)မိုင် ကုန်သွယ်ရေး ဇုန်နယ်မြေအတွင်းရှိ နှစ်နိုင်ငံ သစ်သီးရောင်းဝယ်ကွင်းတွင် ယခုရက်ပိုင်း ဖရဲ၊ သခွားကား အစီးရေ ၂၀၀ ကျော် ၃၀၀ ဝန်းကျင်ခန့် ဝင်ရောက်ရောင်းချနေပြီး အဆိုပါ အသီးကားများသည် တရုတ်နိုင်ငံ ဝမ်တိန်အသီးကွင်းသို့ ကျင်စန်းကျော့လမ်းမှတစ်ဆင့် နေ့စဉ်အဝင်အထွက်ပြုလုပ်နေကြောင်း သိရသည်။

သန့်ဇင်(မူဆယ်)

# ဟောင်ကောင်လူ့အခွင့်အရေးဥပဒေကို အမေရိကန်က အတည်ပြုလိုက်မှုအပေါ် တုံ့ပြန်မည်ဟု တရုတ်နိုင်ငံပြော

**ပေကျင်း နိုဝင်ဘာ ၂၈**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဟောင်ကောင်ရှိဒီမိုကရေစီလိုလားသည့် ဆန္ဒပြပြည်သူများအား ထောက်ခံသည့် လူ့အခွင့်အရေးဥပဒေကို လက်မှတ်ရေးထိုးလိုက်ပြီးနောက်တွင် တရုတ်နိုင်ငံက အဆိုပါ လက်မှတ်ရေးထိုးမှုကို ကန့်ကွက်ကြောင်း ယင်းကိစ္စအပေါ် တုံ့ပြန်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

သမ္မတထရမ့်က အဆိုပါ ဥပဒေကို လက်မှတ်ထိုးရန် စိတ်အားထက်သန်မှုမရှိသော်လည်း ကွန်ဂရက်လွှတ်တော်မှ ဖိအားပေးမှုများကြောင့် နောက်ဆုံးတွင် လက်မှတ်ရေးထိုးအတည်ပြုခဲ့သည်။

သမ္မတထရမ့်၏ ထုတ်ပြန်ချက်၌ တရုတ်သမ္မတ ရှီကျင့်ဖျင်ကို ၎င်းအနေဖြင့် လေးစားကြောင်း၊ တရုတ်နှင့် ဟောင်ကောင် ခေါင်းဆောင်များနှင့် တာဝန်ရှိကိုယ်စားလှယ်များက ၎င်းတို့အကြား သဘောထားကွဲလွဲမှုများကို အခင်အမင်မပျက်ဘဲ ဖြေရှင်းနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ဖော်ပြခဲ့သည်။

သို့ရာတွင် တရုတ်နိုင်ငံက ယင်းကိစ္စအပေါ် ကန့်ကွက်ကြောင်းနှင့် ပြင်းပြင်းထန်ထန် တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။


ဆန္ဒပြနေကြသည့် ဟောင်ကောင်ပြည်သူများကို တွေ့ရစဉ်။

ဟောင်ကောင်၌ ပြည်သူများ၏ လွတ်လပ်ခွင့်ကို နှစ်စဉ်ပြန်လည်သုံးသပ်ရန် လိုအပ်မှုနှင့် မျက်ရည်ယိုဗုံးကဲ့သို့ လူစုလူဝေးကို ထိန်းချုပ်သည့် လက်နက်ရောင်းချမှုကို ပိတ်ပင်သည့် ဥပဒေကို သမ္မတထရမ့်က လက်မှတ်ရေးထိုးလိုက်ပြီးနောက်တွင် ဟောင်ကောင်အစိုးရက အလွန်စိတ်မကောင်းဖြစ်ရကြောင်း ဖော်ပြခဲ့သည်။

ရီပတ်ဘလစ်ကန် ဆီးနိတ်လွှတ်တော်အမတ် မာကိုရူဘီယိုနှင့် ဂျင်ရစ်ချ်နှင့်တကွ ဒီမိုကရက်တစ် လွှတ်တော်အမတ် ဘင်ကာဒင် ဘော့မီနန်ဒက်ဇ်တို့က သမ္မတထရမ့်၏ ဆုံးဖြတ်ချက်ကို ကြိုဆိုကြောင်း ပူးတွဲဖော်ပြချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

ရူဘီယိုက ယခုအခါ ဟောင်ကောင်၏ ပြည်တွင်းရေးကို ပေကျင်းမှ ဝင်ရောက်လွှမ်းမိုးခြင်းနှင့် ကြားဝင်စွက်ဖက်ခြင်း မပြုနိုင်အောင် ဟန့်တားမည့် အရာတစ်ခု အမေရိကန်၌ ရှိလာပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

သမ္မတထရမ့်၏ လက်မှတ်ရေးထိုးမှုကို ဟောင်ကောင်အရေး တက်ကြွလှုပ်ရှားသူများကလည်း ကြိုဆိုခဲ့ကြပြီး ယင်းဥပဒေက ၎င်းတို့၏ လှုပ်ရှားမှုကို ထောက်ခံသည့် နိုင်ငံတကာ ဘုံသဘောတူညီမှုတစ်ရပ် တည်ဆောက်နိုင်ရန် အထောက်အကူပြုလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## ၂၀၁၈ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း အေအိုင်ဒီအက်စ်ရောဂါဖြင့်သေဆုံးသူ ကလေးငယ် တစ်သိန်းကျော်ရှိကြောင်း ယူနီဆက်ဖ်ပြော

**ဂျီနီဗာ နိုဝင်ဘာ ၂၈**

၂၀၁၈ ခုနှစ်အတွင်း အေအိုင်ဒီအက်စ်ရောဂါနှင့် အခြားဆက်စပ်အကြောင်းရင်းများကြောင့် အသက် ၁၉ နှစ်အောက် လူငယ် ၁၂၀၀၀၀ ခန့် သေဆုံးခဲ့ရကြောင်း ယူနီဆက်ဖ်အဖွဲ့က နောက်ဆုံးထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

အဆိုပါအစီရင်ခံစာကို ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့မတိုင်မီ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၈ ခုနှစ်တွင် အေအိုင်ဒီအက်စ်ကြောင့် သေဆုံးခဲ့သည့် ကလေးငယ်များ၏ ၆၂ ရာခိုင်နှုန်းသည် အသက်လေးနှစ်အထိ အုပ်စုထဲမှ ဖြစ်ကြောင်း သိရသည်။

မိခင်မှ ရင်သွေးဆီသို့ ကူးစက်မှုတားဆီးရေးလုပ်ငန်းစဉ်များ လိုအပ်ကြောင်း အဆိုပါအစီရင်ခံစာတွင်ဖော်ပြထားပြီး အချို့မှ မွေးဖွားမလာမီကတည်းက ရောဂါကူးစက်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ရောဂါကူးစက်ခံရသူများအနက် ၆၀ ရာခိုင်နှုန်းကျော်သည် ဆာဟာရအနောက်ပိုင်း အာဖရိကဒေသများတွင် ဖြစ်ပွားခဲ့ကြောင်း အစီရင်ခံစာ၌ ဖော်ပြသည်။

အိတ်ချ်အိုင်ဗွီ စစ်ဆေးမှုများ၊ ကလေးနှင့် ဆယ်ကျော်သက်များအတွက် ဆေးကုသခွင့် အနေအထားများပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်ကြရန် ယူနီဆက်အဖွဲ့က အစိုးရများသို့ တိုက်တွန်းခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## အီရတ်ဆန္ဒပြသူများ အီရန်ကောင်စစ်ဝန်ရုံးကို မီးရှို့

**ဘဂ္ဂဒက် နိုဝင်ဘာ ၂၈**

အီရတ်နိုင်ငံ၌ အစိုးရကို ဆန့်ကျင်သည့် ဆန္ဒပြမှုများ အရှိန်မြင့်လျက်ရှိနေချိန်တွင် အီရတ်ဆန္ဒပြပြည်သူများသည် နိုဝင်ဘာ ၂၇ ရက်က ဘာသာရေးမြို့တစ်ခုဖြစ်သည့် နာဂျစ်ဖ်ရှိ အီရန်ကောင်စစ်ဝန်ရုံးကို မီးရှို့ခဲ့ကြောင်း သိရသည်။

အီရတ်တောင်ပိုင်း နာဂျစ်ဖ်မြို့ရှိ အီရန်ကောင်စစ်ဝန်ရုံးဝင်ပေါက်တွင် မီးတောက်များနှင့် မီးခိုးလုံးကြီးများ ထွက်ပေါ်လာခဲ့ကြောင်း အေအက်ဖ်ပီ သတင်းထောက်တစ်ဦးက ပြောသည်။ အီရတ်တို့အောင်ရမည်ဟု ဆန္ဒပြသူများက ကြွေးကြော်အော်ဟစ်ခဲ့ကြသည်။

နိုင်ငံတစ်ဝန်း ဆန္ဒဖော်ထုတ်မှုများသည် နှစ်လနီးပါးခန့်ကြာမြင့်ခဲ့ပြီဖြစ်ပြီး ဆန္ဒပြပွဲများအတွင်း ၃၅၀ ကျော်သေဆုံးခဲ့ရသည်။ အီရတ်နိုင်ငံ၏ ဒုတိယမြောက် ဘာသာရေးမြို့ဖြစ်သည့် ကာဘာလာမြို့ရှိ အီရန်ကောင်စစ်ဝန်ရုံးကို ယခုလအစောပိုင်းတွင် ဆန္ဒပြသူများ၏ ပစ်မှတ်ထားခြင်းခံခဲ့ရပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနေရာကို ကာကွယ်သည့်အနေဖြင့်ဆန္ဒပြသူလေးဦးကိုသေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။


ဆန္ဒပြသူများ မီးရှို့ထားမှုကို တွေ့ရစဉ်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၈ ရက်က နာဂျစ်ဖ်မြို့၌ ဆန္ဒပြသူများကို မျက်ရည်ယိုဗုံးဖြင့် ပစ်ခတ်ခဲ့ရာ ဆန္ဒပြသူအချို့ ဒဏ်ရာရခဲ့ကြောင်း အခင်းဖြစ်ပွားရာသို့ ရောက်ရှိခဲ့သည့် သတင်းသမားတစ်ဦးက ပြောခဲ့သည်။ **အေအက်ဖ်ပီ**

# စီအိုင်အေနှင့် အဆက်အသွယ်ရှိပြီး သတင်းပေးပို့သူဟု ယူဆရသူ ရှစ်ဦးကို အီရန်ဖမ်းဆီး

**တီဟီရန် နိုဝင်ဘာ ၂၈**

အီရန်သည် စီအိုင်အေနှင့် အဆက်အသွယ်ရှိကာ စက်သုံးဆီဈေးနှုန်း မြင့်တက်လာမှုကို အကြောင်းပြု၍ ဖြစ်ပွားလာသော အကြမ်းဖက်ဆန္ဒပြမှုဖြစ်စဉ်အတွင်း သတင်းအချက်အလက်များ စုဆောင်းပြီး နိုင်ငံခြားသို့ ပေးပို့သည်ဟု စွပ်စွဲခံရသူ ရှစ်ဦးကို ဖမ်းဆီးလိုက်ကြောင်း နိုင်ငံတကာ သတင်းတစ်ရပ်တွင် နိုဝင်ဘာ ၂၈ ရက်က ဖော်ပြလိုက်သည်။


အီရန်ထိပ်တန်းခေါင်းဆောင် အယာတိုလာ အလီခါမေနီကို လူထုဟောပြောပွဲတစ်ခု၌ တွေ့ရစဉ်။

အဆိုပါဆန္ဒပြမှုဖြစ်စဉ်အတွင်း နိုဝင်ဘာ ၁၆ ရက်မှစတင်ကာ အီရန်နိုင်ငံတွင် အင်တာနက်လိုင်းများ အားလုံးနီးပါး ဖြတ်တောက်ထားခဲ့သည်။ ဓာတ်ဆီဈေးနှုန်းများ မြင့်တက်လာမည်ဟု ရုတ်တရက်ကြေညာချက် ထုတ်ပြန်လိုက်ပြီးနောက်တွင် ယခုလို အင်တာနက်လိုင်းများ ဖြတ်တောက်ခဲ့ခြင်းဖြစ်သည်။

အချို့ဒေသများတွင် ဘဏ်များ၊ ဆီဆိုင်များ၊ ရဲစခန်းများကို မီးရှို့သည်အထိ အကြမ်းဖက်ပုံစံဖြစ်ပေါ်လာသော ဆန္ဒပြမှုများအား ထိန်းသိမ်းရန် လုံခြုံရေးတပ်ဖွဲ့များ ဖြန့်ကြက်ပြီးနောက်သေဆုံးမှုများနှင့် ဖမ်းဆီးမှုများအကြောင်း သတင်းများထွက်ပေါ်လာသည်။

နယူးယောက် အခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့က အကြမ်းဖက်နှိမ်နင်းမှု ဖြစ်စဉ်များအတွင်း လူပေါင်း ၁၀၀ ကျော်သေဆုံးပြီး လူထောင်ပေါင်းများစွာ ဖမ်းဆီးလိုက်သည့်အကြောင်းကို ရည်ရွယ်ချက်ရှိရှိ သတင်းထိန်ချန်သည်ဆိုကာ အီရန်ကို စွပ်စွဲခဲ့သည်။

ဆူပူအုံကြွမှု ဖြစ်စေသည့် ကွင်းဆက်ခေါင်းဆောင် ၁၈၀ အပါအဝင် ယခုအချိန်အထိ လူပေါင်း ၅၀၀ ကို ဖမ်းဆီးခဲ့ပြီး ငါးဦးသေဆုံးခဲ့ကြောင်း အီရန်အရာရှိများက အတည်ပြုခဲ့သည်။

အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့် (အေအိုင်)က နိုဝင်ဘာ ၁၅ ရက်မှ စတင်ခဲ့သည့် အကြမ်းဖက်နှိမ်နင်းမှုများအတွင်း ဆန္ဒပြသူ ၁၄၃ ဦးထက် မနည်းသေဆုံးခဲ့ကြောင်း ပြောကြားခဲ့သည်။

မကြာသေးမီက ဆူပူအုံကြွမှုဖြစ်စဉ်အတွင်း စီအိုင်အေနှင့် ဆက်သွယ်သည်ဟု ယူဆသူရှစ်ဦးကို အီရန်တွင် ထိန်းသိမ်းခဲ့ကြောင်း နိုင်ငံပိုင်သတင်းအေဂျင်စီ အိုင်အာအင်န်အေက ယမန်နေ့နှောင်းပိုင်းက ဖော်ပြခဲ့သည်။ မကြာသေးမီက ဖြစ်ပွားခဲ့သော ဆူပူအုံကြွမှုများအတွင်း သတင်းအချက်အလက်များ စုဆောင်းပြီး နိုင်ငံပြင်ပကို ပေးပို့ခဲ့သူများကိုသာ ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# မူးယစ်ဂိုဏ်းတွေကို အကြမ်းဖက်စာရင်းသွင်းပြီး နှိပ်ကွပ်တော့မယ့် သမ္မတထရမ့်

═══ ကလျာမိုးမြင့် ═══

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ဟာမက္ကဆီကိုရှိ မူးယစ်ဆေးဝါးရောင်းချဖြန့်ဖြူးမှုတွေပြုလုပ်နေတဲ့ ဂိုဏ်းအဖွဲ့အစည်းတွေမှန်သမျှကို အကြမ်းဖက်အုပ်စုတွေအဖြစ် စာရင်းသွင်းဖို့ စီစဉ်နေပြီဆိုတဲ့အကြောင်း နိုဝင်ဘာ ၂၆ ရက်က အွန်လိုင်းမှာဖော်ပြခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ပြောကြားခဲ့ပါတယ်။



နိုဝင်ဘာ ၂၆ ရက်က မေရီလန်းရှိ ပူးတွဲစစ်အခြေစိုက်စခန်းသို့ ရောက်ရှိလာသည့် သမ္မတထရမ့်

### ထရမ့်စတင်လှုပ်ရှား

နိုဝင်ဘာလအစောပိုင်းက မက္ကဆီကိုမြောက်ပိုင်းမှာ မော်မွန်(Mormon) ဘာသာရေးအဖွဲ့အစည်းကအမျိုးသမီးတွေနဲ့ ကလေးငယ်ကိုးဦးသေနတ်နဲ့ ပစ်သတ်ခံခဲ့ရမှုနဲ့ပတ်သက်ပြီး မူးယစ်ဂိုဏ်းတွေကို နှိမ်နင်းတဲ့ စစ်ဆင်ရေးတစ်ရပ်ဆင်နွှဲဖို့ တိုက်တွန်းလိုက်ပြီး မကြာမီမှာပဲ ထရမ့်က မူးယစ်ဂိုဏ်းတွေကို အကြမ်းဖက်စာရင်းသွင်းဖို့ လှုပ်ရှားလာခဲ့တာဖြစ်ပါတယ်။

အမေးအဖြေပြုလုပ်မှုအတွင်းမှာ ကွန်ဆာဗေးတစ် သတင်းမီဒီယာတာဝန်ရှိသူ တစ်ဦးဖြစ်တဲ့ ဘီလ်အိုရီလီကသင့်အနေနဲ့ မက္ကဆီကိုမှာရှိတဲ့ မူးယစ်ဂိုဏ်းတွေကိုအကြမ်းဖက် စာရင်းသွင်းပြီးဒရုန်းယာဉ်တွေနဲ့ စတင်တိုက်ခိုက်တော့မှာလားဆိုပြီး မေးခွန်းထုတ်ခဲ့မှုကို ၎င်းရဲ့ကိုယ်ပိုင်ဝက်ဘ်ဆိုက်တစ်ခုမှာဖော်ပြခဲ့တာကို တွေ့ရပါတယ်။

### ရက်ပေါင်းကိုးဆယ်

အဲဒီမေးခွန်းကို ထရမ့်က ဒီကိစ္စမှာကျွန်ုပ်ဘာလုပ်တော့မယ်ဆိုတာကို သိပ်တော့ထုတ်မပြောချင်ဘူး၊ ဒါပေမယ့် သေချာပေါက် အဲဒီအဖွဲ့အစည်းတွေကို အကြမ်းဖက်အုပ်စုထဲထည့်သွင်းရလိမ့်မယ်၊ ပြီးခဲ့တဲ့ ရက်ပေါင်းကိုးဆယ်လုံးလုံး ဒီအတွက် အလုပ်လုပ်နေခဲ့တာဖြစ်တယ်လို့ သမ္မတထရမ့်က အဖြေပေးထားပါတယ်။

တကယ်တော့ စာရင်းသွင်းတယ်ဆိုတဲ့ ကိစ္စကပြောသလောက်တော့ မလွယ်ဘူး၊ လုပ်ငန်းစဉ်အဆင့်ဆင့်ကိုကျော်ဖြတ်ရမယ်၊ အဲဒီဖြစ်စဉ်ထဲမှာလည်း ဘောင်ဝင်အောင်ဆက်သွားရမယ်လို့ ထရမ့်က ဖြည့်စွက်ပြောလိုက်ပါတယ်။မက္ကဆီကိုနဲ့ပတ်သက်ပြီး ထရမ့်ပြောခဲ့တဲ့ စကားတွေကို ရှည်လျားတဲ့ အင်တာဗျူးတစ်ခုရဲ့ အစိတ်အပိုင်းတစ်ခုအနေနဲ့ အိုရီလီရဲ့ ဝက်ဘ်ဆိုက်မှာ ဖော်ပြခဲ့တာဖြစ်ပါတယ်။

### အာဏာပိုင်တွေ တုံ့ပြန်

ထရမ့်ရဲ့ မှတ်ချက်အပေါ်မှာမက္ကဆီကိုအာဏာပိုင်တွေက ချက်ချင်းလက်ငင်းဆိုသလိုပဲတုံ့ပြန်ခဲ့ကြပြီး မက္ကဆီကိုနိုင်ငံခြားရေးဝန်ကြီးဌာနက မှတ်ချက်စကားတစ်ခွန်းရဲ့ အဓိပ္ပာယ်နဲ့ လက်ခံနိုင်တဲ့အတိုင်းအတာကို နားလည်သဘောပေါက်ဖို့ အမေရိကန်အာဏာပိုင်တွေဆီဆက်သွယ်ပြောဆိုခဲ့တယ်လို့ ဆိုထားပါတယ်။ မက္ကဆီကိုအနေနဲ့ ၎င်းရဲ့သဘောထားရပ်တည်ချက်ကို ကိုယ်စားပြုဖော်ပြဖို့အတွက်နဲ့ ဝါရှင်တန်ရဲ့ အတွေးအမြင်တွေကို နားစွင့်ဖို့အတွက် အဆင့်မြင့်အစည်းအဝေးတစ်ခုကို မကြာခင်အချိန်အတွင်း အတတ်နိုင်ဆုံး မြန်မြန်ဆန်ဆန် ကျင်းပနိုင်ဖို့လုပ်မယ်လို့လည်း နိုင်ငံခြားရေးဝန်ကြီးဌာနကဆိုပါတယ်။

### လက်နက်မှောင်ခိုဝင်ရောက်မှု

မက္ကဆီကိုဘက်က အမေရိကန်အပေါ် အပြစ်မြင်နေတဲ့ အကြောင်းတစ်ခုက မက္ကဆီကိုမှာ ရာဇဝတ်မှုတွေပိုပြီး မြင့်တက်လာနေတဲ့အချက်ဟာ အမေရိကန်ဆီက အလုံးအရင်းဝင်လာတဲ့ မှောင်ခိုလက်နက်တွေကြောင့်ဖြစ် တယ်ဆိုတဲ့ အချက်ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်ထဲမှာ အမေရိကန်ပြည်ထောင်စုဆီရောက်ရှိရာ လမ်းကြောင်းဖြစ်တဲ့ မက္ကဆီကိုနယ်နိမိတ်ကို ဖြတ်ကျော်လာတဲ့ ခဲတုပစ္စည်းတွေနဲ့ မူးယစ်ကုန်ကြမ်းတွေကို တားဆီးပိတ်ပင်နိုင်ရေးအပြင် မက္ကဆီကိုမှာ ရာဇဝတ်မှုတွေပြုလုပ်ဖို့ စီစဉ်သူတွေထံအမေရိကန်ဆီက ငွေကြေးနဲ့ လက်နက်စီးဆင်းဝင်ရောက်မှုကို လျှော့ချရေးလုပ်ဆောင်ရာမှာအောင်မြင်မှုရရှိစေဖို့ ဆွေးနွေးပွဲတွေ ကျင်းပဖို့ကြိုးပမ်းသွားရဦးမှာဖြစ်တယ်လို့ ဖော်ပြထားပါတယ်။

### ခွင့်ပြုမှာမဟုတ်

အမေရိကန်ပြည်ထောင်စုမှာ ဝယ်ယူတဲ့လက်နက်တွေ အများအပြား ဝင်ရောက်လာပြီး မက္ကဆီကို တောင်ပိုင်းမှာ မှောင်ခိုရောင်းချမှုဖြစ်ပွားနေတာနဲ့ပတ်သက်လို့ မက္ကဆီကိုက စောဒကတက်နေခဲ့တာ အတော်လေးကြာခဲ့ပါပြီ။ ဒီကိစ္စအပေါ်မှာ မက္ကဆီကို နိုင်ငံခြားရေးဝန်ကြီးမာစီလိုအီဘရဒ်ရဲ့ တွစ်တာအကောင့်မှာ တုံ့ပြန်ထားပုံက ပိုပြီးပြင်းထန်ပါတယ်။၎င်းက မက္ကဆီကိုဟာ နိုင်ငံတော် အချုပ်အခြာအာဏာကိုချိုးဖောက်ရာရောက်တဲ့ ဘယ်လိုအပြုအမူမျိုးကိုမှ ခွင့်ပြုမှာမဟုတ်ဘူးလို့ ဆိုထားပါတယ်။

မက္ကဆီကို အာဏာပိုင်တွေအနေနဲ့ ၎င်းတို့ရဲ့ အတွေးအမြင်ကို ဝါရှင်တန်က သိအောင်လုပ်ခဲ့ပြီးသွားပြီဖြစ်သလို နိုင်ငံတကာမှာဖြစ်နေတဲ့ ကြိုတင်စီစဉ်ထားသော ရာဇဝတ်မှုတွေကို ကိုင်တွယ်ဆောင်ရွက်ဖို့ မက္ကဆီကိုရဲ့ ဆုံးဖြတ်ချက်ကိုလည်းသိရှိအောင် ဖော်ပြခဲ့ပြီးပြီဖြစ်တယ်လို့ ၎င်းက ပြောကြားလိုက်ပါတယ်။

### မီးမောင်းထိုးပြ

မော်မွန်ဘာသာရေးအဖွဲ့အစည်းကလူတွေ အသတ်ခံရတဲ့ဖြစ်ရပ်ဟာ မက္ကဆီကိုမှာ မူးယစ်ဂိုဏ်းတွေကြောင့်ဖြစ်ပွားရတဲ့ အကြမ်းဖက်မှုတစ်ခုကိုမီးမောင်းထိုးပြလိုက်သလိုဖြစ်ခဲ့ပြီး လက်ဝဲသမားတစ်ဦးဖြစ်တဲ့ မက္ကဆီကိုသမ္မတအန်ဒရီရက်စ် မန်နျူရယ် လိုပက်ဇ် အော်ဘရာဒါအနေနဲ့ ဒီလိုရာဇဝတ်မှုမျိုးကို ထိန်းချုပ်နိုင်ဖို့ အတော်လေးရုန်းကန်ကြိုးစားနေရတဲ့ အနေအထားတစ်ခုကို ထင်သာမြင်သာ ဖြစ်စေခဲ့ပါတယ်။

ရှစ်လသားအမြွှာကလေးငယ်နှစ်ဦးအပါအဝင် အသတ်ခံခဲ့ရသူ ကိုးဦးဟာ မက္ကဆီကိုမြောက်ပိုင်းဆိုနိုရာနဲ့ ချီဟွာဟွာဒေသအကြားဝေးလံခေါင်ဖျားတဲ့ လမ်းတစ်လမ်းပေါ်မှာကားနဲ့ ခရီးသွားနေစဉ်အတွင်း အသတ်ခံခဲ့ရပါတယ်။ အခင်းဖြစ်ပွားခဲ့တဲ့နေရာဟာယှဉ်ပြိုင်ဘက် မူးယစ်မှောင်ခိုဂိုဏ်းတွေအကြား ခိုက်ရန်ဖြစ်ပွားမှုတွေနဲ့ တရားဥပဒေစိုးမိုးမှုမရှိတဲ့ နေရာတစ်ခုလို့ သိရပါတယ်။

### အထင်မှားသတ်ဖြတ်ခဲ့ခြင်းဖြစ်နိုင်

La Linea လို့ခေါ်တဲ့ မူးယစ်မှောင်ခိုဂိုဏ်းဟာ ပြိုင်ဘက် ဂိုဏ်းတစ်ခုက အဖွဲ့ဝင်တွေလို့ အထင်မှားပြီး မော်မွန်တွေကို သတ်ခဲ့တာဖြစ်နိုင်တယ်လို့ မက္ကဆီကို အာဏာပိုင်တွေက ပြောပါတယ်။ ဘာပဲဖြစ်ဖြစ် အပြစ်မဲ့တဲ့ လူ့အသက် တွေကတော့ မူးယစ်ဂိုဏ်းအချင်းချင်းအကြားရန်စတွေကြောင့် မဆီမဆိုင်သေဆုံးခဲ့ရပါပြီ။ သေဆုံးသူတွေရဲ့ ဆွေမျိုးတွေကတော့ အသတ်ခံခဲ့ရတဲ့ ၎င်းတို့မိသားစုဝင်တွေဟာ တမင်သက်သက်ကို ပစ်မှတ်ထားသတ်ဖြတ်ခံလိုက်ရတာလို့ ယုံကြည်နေကြပါတယ်။

အမေရိကန်ပြည်ထောင်စုက မော်မွန်တွေဟာ မယားပြိုင်ထားခြင်းအပါအဝင် ၎င်းတို့ရဲ့ ဓလေ့ထုံးစံတွေအပေါ် နှိပ်ကွပ်ခံရမှုတွေကြောင့် ၁၉ ရာစုနှောင်းပိုင်းလောက်မှာ မက္ကဆီကိုသို့ ပြောင်းရွှေ့အခြေချနေထိုင်ခဲ့ကြပါတယ်။ မော်မွန်ဘာသာဝင်တွေ အသတ်ခံရပြီးနောက်မှာ သမ္မတက မက္ကဆီကို မူးယစ်ဂိုဏ်းတွေကို မကောင်းဆိုးရွားသဖွယ်ထင်မြင်လာပြီး ယခင်ကထက် အဆပေါင်းများစွာ မျက်မုန်းကျိုးလာဟန်ရှိတာကို တွေ့ရပါတယ်။

ကျွန်ုပ်အနေနဲ့ အမေရိကန်ဟာမက္ကဆီကို နိုင်ငံအတွင်းမှာထကြွနေတဲ့ မူးယစ်ဂိုဏ်းတွေကို နှိမ်နင်းတဲ့ စစ်ဆင်ရေးလုပ်ဆောင်လိုတယ်ဆိုတဲ့ အကြောင်းမက္ကဆီကို သမ္မတမန်နျူရယ်လိုပက်ဇ် အော်ဘရာဒါကို ဖွင့်ပြောခဲ့ပြီးသားဖြစ်တယ်။ မက္ကဆီကိုနိုင်ငံထဲဝင်ပြီး မကောင်းဆိုးရွားတွေကို ရှင်းထုတ်ခွင့်ပေးဖို့ ကမ်းလှမ်းခဲ့ပေမယ့်လည်း မစ္စတာလိုပက်ဇ်ကကမ်းလှမ်းချက်ကို လက်မခံခဲ့ဘူး။ ဒါပေမယ့် အတိုင်းအတာတစ်ခုအထိလုပ်ဖို့ လိုအပ်တဲ့အရာ တွေကိုတော့ လုပ်ထားရမှာပဲလို့ သမ္မတထရမ့်က ပြောပါတယ်။

### အကြမ်းဖက်စာရင်းသွင်းခံရတဲ့အခါ

အမေရိကန်ပြည်ထောင်စုမှာ အဖွဲ့အစည်းတစ်ခုကို အကြမ်းဖက်အုပ်စုအဖြစ် စာရင်းသွင်းလိုက်ပြီဆိုတာနဲ့ အဲဒီအဖွဲ့ဟာအမေရိကန်ကပြည်သူတွေအတွက် တရားမဝင်တဲ့အဖွဲ့တစ်ဖွဲ့ဖြစ်သွားပြီး ဒီလူတွေ တစ်ယောက်မှ အမေရိကန်ကို ဝင်ရောက်ခွင့်ရတော့မှာ မဟုတ်တဲ့အပြင် အမေရိကန်ပြည်ထောင်စုအတွင်းမှာ နေထိုင်ပြီးသားလူဖြစ်နေတယ်ဆိုရင်လည်း နှင်ထုတ်ခံရမှာပါ။

ငွေကြေးဆိုင်ရာအဖွဲ့အစည်းတွေအနေနဲ့လည်း အကြမ်းဖက်စာရင်းသွင်းခံရတဲ့အုပ်စုနဲ့ ငွေကြေးအရဆက်ဆံမှုရှိကြောင်း တွေ့ရှိတယ်ဆိုရင် အဲဒီငွေကြေးကို ပိတ်ပင်ခံရမှာဖြစ်ပြီး အမေရိကန်ဘဏ္ဍာရေးဌာနကို သတိပေးနှိုးဆော်မှာ ဖြစ်ပါတယ်။ ။

**ကိုးကား- အေအက်ဖ်ပီ**

## နိုင်ငံတကာသတင်းတိုထွာ

### ၂၀၂၀ အားကစားပြိုင်ပွဲများတွင် ရုရှားအားကစားသမားများကို ပါဝင်ခွင့်မပြုရန် အဆိုပြု

**မော်စကို နိုဝင်ဘာ ၂၈**

၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် တိုကျို အိုလံပစ်နှင့် မသန်စွမ်းအားကစားပြိုင်ပွဲများတွင် ရုရှားအားကစားသမားများကို ပါဝင်ယှဉ်ပြိုင်ခွင့်တားမြစ်ရန် တားမြစ်ဆေးသုံးစွဲမှုနှိမ်နင်းရေး နိုင်ငံတကာအေဂျင်စီ (WADA) ကော်မတီက အဆိုပြုခဲ့ကြောင်း သိရသည်။

၂၀၂၀ ပေကျင်းဆောင်းရာသီ အားကစားပွဲအပါအဝင် နိုင်ငံတကာ အားကစားပြိုင်ပွဲကြီးများတွင် ရုရှားကစားသမားများ ပါဝင်ခွင့် လေးနှစ်အထိ ပိတ်ပင်ရန် အဆိုပြုချက်ကို အဆိုပါအေဂျင်စီက ကြေညာခဲ့ခြင်းဖြစ်သည်။ အားကစားသမားများ၏ တားမြစ်ဆေးသုံးစွဲမှုဆိုင်ရာ အချက်အလက်များကို ရုရှားက ပြင်ဆင်ဖျောက်ဖျက်မှုပြုလုပ်ခဲ့သည် ဆိုသောသံသယဖြင့် WADA၏ လွတ်လပ်သော လေးစားလိုက်နာမှုဆိုင်ရာ စစ်ဆေးသုံးသပ်ရေးကော်မတီက အဆိုပြုချက်ကို အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

### ဂျပန်၌ စားသုံးခွန်တိုးမြှင့်သင့်ကြောင်း အိုင်အမ်အက်ဖ် အကြီးအကဲအကြံပြု

**တိုကျို နိုဝင်ဘာ ၂၈**

သက်ကြီးပုဂ္ဂိုလ်အရေအတွက် မြင့်တက်လာနေသည့် ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံ၏ ကုန်ကျစရိတ်ကို အထောက်အကူပြုနိုင်စေရန် စားသုံးခွန်တိုးမြှင့်မှုထပ်မံလုပ်ဆောင်သင့်သည်ဟု နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ အကြီးအကဲ က အကြံပြုလိုက်ကြောင်း သိရသည်။

အိုင်အမ်အက်ဖ် အကြီးအကဲ ခရစ်တာလီနာ ဂျော်ဂီဗာက လတ်တလောရင်ဆိုင်နေရသည့် ကမ္ဘာ့စီးပွားရေးနှေးကွေးမှုကြောင့် မသေချာမရေရာမှုများနှင့် နိုင်ငံအတွင်း သက်ကြီးပုဂ္ဂိုလ်အရေအတွက် များပြားလာမှုနှင့် လူဦးရေလျော့ကျမှုဒဏ်ကို ဂျပန်နိုင်ငံအနေဖြင့် ခံနိုင်ရည်မည်မျှရှိသည်ကို စမ်းသပ်ခံရဖွယ်ရှိသည်ဟု တိုကျို၌ ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံတွင် ပြီးခဲ့သည့်လက စားသုံးခွန်ကို ၈ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ခဲ့သည်။ စားသုံးခွန်ကို ၂၀၃၀ ပြည့်နှစ် နောက်ဆုံးထားပြီး ၁၅ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ၂၀၅၀ပြည့်နှစ်နောက်ဆုံးထားပြီး ၂၀ ရာခိုင်နှုန်းအထိ လည်းကောင်း တိုးမြှင့်သွားရန် လိုအပ်ကြောင်း ခရစ်တာလီနာက အကြံပြုခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# မင်းလှမြို့နယ် ခလိုင်းကျေးရွာ၌ ဆိုလာအသေးစား ဓာတ်အားပေးစနစ် ပန္နက်တင်

**မကွေး နိုဝင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ခလိုင်းကျေးရွာ ဆိုလာအသေးစားဓာတ်အားပေးစနစ် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယမန်နေ့က ခလိုင်းကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို့နှင့် ပြင်သစ်နိုင်ငံ သံအမတ်ကြီး Mr. Christian Lechervy တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ EDF မှ Asia Director Mr. Jean–Phillippe Buisson၊ Infra Co Asia မှ CEO Mr. Allard Nooy၊ Infra Co Myanmar မှ Managing Director Mr. Yanis Boudjouher၊ Solar Rise Sys ကုမ္ပဏီလီမိတက်မန်နေဂျာ ဦးကျော်မင်းထွန်းတို့က ကျေးဇူးတင်စကားများ ပြောကြားကြသည်။

ထို့နောက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဝင်းကြိုင်က ခလိုင်းကျေးရွာမီးလင်းရေးကော်မတီကိုယ်စား ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် ပန္နက်တိုင်များ စိုက်ထူကြသည်။ (ယာပုံ)

အဆိုပါ ကျေးရွာမီးရရှိရေးကို ဆိုလာအသေးစား ဓာတ်အားပေးစနစ်ဖြင့် ဆိုလာ ၄၂ ဒသမ ၄ ကီလိုဝပ်၊ ဂျင်နရေတာ ၈၂ ဒသမ ၅ ကေဗွီအေ ဆိုလာ–ဒီဇယ်ပေါင်းစပ်စနစ် အမျိုးအစားကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆိုလာအသေးစား ဓာတ်အားပေးစနစ် ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိအိမ်ခြေ ၂၈၃ အိမ်အတွက် ၂၄ နာရီ အချိန်ပြည့် လျှပ်စစ်ဓာတ်အားရရှိမည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင် (မကွေး)**



# တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ် အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်နေ

**မြိတ် နိုဝင်ဘာ ၂၈**

တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို မြိတ်မြို့၌ ဒီဇင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ရာ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီနှင့်အထောက်အကူပြုလုပ်ငန်းကော်မတီများ ဖွဲ့စည်းခဲ့ပြီး ကော်မတီများအလိုက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို စတင်ဆောင်ရွက်နေကြပြီ ဖြစ်ကြောင်း သိရသည်။

"တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကျင်းပရတဲ့ အကြောင်းရင်းက တိုင်းဒေသကြီးရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်ချင်လို့ ဖြစ်ပါတယ်။ တိုင်းဒေသကြီးက ပင်လယ်ကမ်းရိုးတန်းဒေသ ဖြစ်တယ်။ လှပတဲ့ကျွန်းတွေ အများကြီးရှိတယ်။ ငြိမ်းချမ်းရေးရှိတဲ့ ဒေသဖြစ်တယ်။ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံစုပေါင်းနေထိုင်ပေမယ့် အေးအေးချမ်းချမ်းနဲ့ အတူတကွ လက်တွဲနေထိုင်ကြတယ်။ တိုင်းဒေသကြီးအတွင်းမှာ လူငယ်လုပ်ငန်းရှင်တွေ၊ စီးပွားရေးကိုစိတ်ဝင်စားတဲ့လူငယ်တွေ တော်တော်များများလည်း ရှိတယ်။ ဒါကြောင့် တနင်္သာရီတိုင်းဒေသကြီးဟာ စီးပွားရေးရင်းနှီးမြှုပ်နှံမှု အလားအလာကောင်းတွေ အများကြီးရှိတဲ့နေရာ ဖြစ်တဲ့အတွက် ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဒီလိုပွဲမျိုး စီစဉ်ရတာ ဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါ်ရီရီချိုက ပြောသည်။

ရင်းနှီးမြှုပ်နှံမှုဖိုရမ် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီများနှင့် အထောက်အကူပြုလုပ်ငန်းကော်မတီများက ကော်မတီများအလိုက် ပြပွဲများ၊ ဆွေးနွေးပွဲများ ကျင်းပမည့်နေရာများ ပြင်ဆင်ခြင်းနှင့် အခြားကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်မောင်က နိုဝင်ဘာ ၂၆ ရက် ညနေပိုင်းက ကြည့်ရှုစစ်ဆေးခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင် ပြပွဲများ၊ ဆွေးနွေးပွဲများ၊ အကျိုးတူပူးပေါင်းရေး စာချွန်လွှာ လက်မှတ်ရေးထိုးပွဲများ ပါဝင်မည်ဖြစ်ပြီး ပြပွဲများတွင် ပြခန်းပေါင်း ၁၀၀ ပြသရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း၊ ဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၏ အဓိကရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အလားအလာနှင့် စိန်ခေါ်မှုများအကြောင်းကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဖိုရမ်သို့ လာရောက်ကြမည့် ဧည့်သည်များအား မြိတ်ခရိုင်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လေ့လာနိုင်ရန် လေ့လာရေးခရီးစဉ်လည်း ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**



ဖိုရမ်အတွက် ပြင်ဆင်ထားမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင် ကြည့်ရှုစစ်ဆေးနေစဉ်။

# ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေးထိုးနှံခြင်း ဧရာဝတီတိုင်းဒေသကြီးအဆင့် ဖွင့်ပွဲကျင်းပ

**ပုသိမ် နိုဝင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် နိုင်ငံတစ်ဝန်း ဝက်သက်–ဂျိုက်သိုး ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း(၂၀၁၉) တိုင်းဒေသကြီးအဆင့် ဖွင့်ပွဲကို နိုဝင်ဘာ ၂၆ ရက်က ပုသိမ်မြို့ရှိ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ကျင်းပသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က အသက်ငါးနှစ်အောက်ကလေးများတွင် ဝက်သက်ရောဂါကူးစက်မှု များပြားလာခြင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ဝက်သက်ရောဂါမှာ ကပ်ရောဂါအသွင်ဖြစ်ပွားလာခြင်းတို့ကြောင့် ယခုလို အပိုဆောင်းထိုးနှံပေးခြင်းဖြစ်ကြောင်း၊ မိမိတို့ တိုင်းဒေသကြီးအတွင်း ဖျာပုံ၊ ဘိုကလေးနှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့တွင် အောက်တိုဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ငါးရက်ကြာ ကာကွယ်ဆေးထိုးပေးမည်ဖြစ်ပြီး ကျန် ၂၃ မြို့နယ်တွင် ၂၆ ရက်မှ ၂၈ ရက်အထိ သုံးရက်ကြာ ထိုးပေးမည်ဖြစ်ကြောင်း၊ အသက်ကိုးလမှ ငါးနှစ်ခွဲအထိ ကလေးပေါင်း လေးသိန်းကျော်အား ထိုးနှံပေးရမည်ဖြစ်၍ အားလုံးပူးပေါင်းပြီး ပါဝင်ဆောင်ရွက်ရန် အထူးမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းအောင်က နိုင်ငံတစ်ဝန်း ဝက်သက်–ဂျိုက်သိုးကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်းလုပ်ငန်း(၂၀၁၉)နှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းတင်ပြခဲ့သည်။

**တိုးဝေဇင်(ပြန်/ဆက်)**



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# ကရင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေး

**ဘားအံ နိုဝင်ဘာ ၂၈**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး Ms. Andrea Faulkner နှင့် အဖွဲ့အား နိုဝင်ဘာ ၂၆ ရက်က ပြည်ထောင်စုရိပ်သာ ပဒိုဒေးဗစ်တောခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ချက်များ၊ ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်မှု၊ တိုင်းရင်းသားရေးရာ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ ပြန်လည်ထူထောင်ရေး၊ ရွှေ့ပြောင်းအလုပ်သမားများအရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ကလေးခရိုင်မှ ဒေသခံပြည်သူများ တွေ့ဆုံ

**ကလေး နိုဝင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကလေးခရိုင်အတွင်းရှိ မြို့နယ်များမှ ဌာနဆိုင်ရာများနှင့် ပြည်သူများအား နိုဝင်ဘာ ၂၆ ရက်က ကလေးမြို့ မင်္ဂလာဥယျာဉ်ရပ်ကွက်ရှိ မြို့တော်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးများက မိမိတို့ဌာနအလိုက် တိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ကလေးခရိုင်အတွင်းရှိ ကလေးမြို့နယ်၊ ကလေးဝမြို့နယ်နှင့် မင်းကင်းမြို့နယ်တို့မှ ဒေသခံပြည်သူများက မိမိတို့ဒေသအတွင်း လိုအပ်သည့် လမ်း၊ တံတား၊ သောက်သုံးရေ၊ စိုက်ပျိုးရေ၊ လျှပ်စစ်မီး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် လမ်းပန်းဆက်သွယ်ရေးစသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရတို့က သုံးနှစ်ကျော်ကာလအတွင်း စစ်ကိုင်းတိုင်းဒေသကြီး၌ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ၊ လက်ရှိနှင့် လာမည့်နှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ နယ်မြေခံတပ်ရင်းမှ သိမ်းဆည်းထားပြီး ပြန်လည်စွန့်လွှတ်လိုက်သော လယ်ယာမြေ ဧက ၂၅၀ အတွက် မူလပိုင်ရှင် ကံကြီးကျေးရွာအုပ်စုမှ တောင်သူ ၂၅ ဦးနှင့် ကြက်ဖနက်ကျေးရွာအုပ်စုမှ တောင်သူ ၁၅ ဦးထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃)များကို တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်သူများထံ လက်ရောက်ပေးအပ်ခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရသည် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူလူထု တွေ့ဆုံပွဲများတွင် အုပ်ချုပ်ရေး၊ တရားစီရင် ရေး၊ ဥပဒေပြုရေး မဏ္ဍိုင်ကြီး(၃)ရပ်နှင့် ပတ်သက်၍ ပြည်သူများထံမှ တိုင်ကြားစာများကို လက်ခံပြီး ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ ယခုတွေ့ဆုံပွဲတွင် ကလေးမြို့နယ်မှ တိုင်ကြားစာ ၂၉ စောင်နှင့် မင်းကင်းမြို့နယ်မှ တိုင်ကြားစာ နှစ်စောင် ရရှိကြောင်းနှင့် အဆိုပါ တိုင်ကြားစာများနှင့်ပတ်သက်၍ သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ တာဝန်ရှိသူများက သက်ဆိုင်သူများထံသို့ ပြန်လည်ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က တောင်သူတစ်ဦးထံ ယာယီလယ်ယာလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃) ပေးအပ်နေစဉ်။

# မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ၂၀/၂၀၁၉ ကြိမ်မြောက် သား/ငါးကဏ္ဍဆိုင်ရာ လုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ၂၀/၂၀၁၉ ကြိမ်မြောက် သား/ငါးကဏ္ဍဆိုင်ရာ လုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် သဘာပတိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အကြီးတန်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများက ငါးဖမ်း ရရှိမှုအခြေအနေ၊ ငါးပိ၊ ငါးခြောက်ထုတ်လုပ်မှု၊ ပင်လယ်ငါးစားသုံးမှု အခြေအနေ၊ ငါး/ ပုစွန် ရေထွက်ပစ္စည်းပို့ကုန်များ တင်ပို့ရောင်းချမှုအခြေအနေ၊ ငါးဈေးကွက်၊ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။



ထို့နောက် တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး သဘာပတိက နိဂုံးချုပ်ဆွေးနွေးပြောကြားသည်။

သဘာပတိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အကြီးတန်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က "ဒီနေ့ အဓိကဆွေးနွေးတာက ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့အတွက် ခေတ်မီနည်းစနစ်တွေ ပြောင်းတယ်၊ တရုတ်မှာ သွားပြီးလေ့လာခဲ့တဲ့ အကြောင်းတွေ၊ နိုင်ငံတကာကွန်ဖရန့်တွေကနေ အများကြီးလေ့လာနားလည်လာပြီး မြန်မာနိုင်ငံရဲ့ ငါးလုပ်ငန်းတွေမှာ လုပ်ရမယ့်လုပ်ငန်းတွေလည်း တွေ့လာတယ်ဆိုတာ၊ ဒါကိုလည်း ဆွေးနွေးပေးတယ်။ နောက်တစ်ခုက ကိုယ့်နိုင်ငံမှာရှိနေတဲ့ သယံဇာတတွေ ဘယ်လောက်များသလဲဆိုတာကို လူတိုင်းသိအောင်လို့ နိုင်ငံတကာကွန်ဖရန့်တွေတက်ပြီး ပြောတဲ့အခါမှာ လူတော်တော်များများလည်း စိတ်ဝင်စားလာတယ်။ ခုန ကိုယ်လုပ်နေတဲ့ လုပ်ငန်းသည် နိုင်ငံတော်ရဲ့ ငါးလုပ်ငန်းကဏ္ဍကို အများကြီး တိုးတက်အောင်လုပ်နိုင်တဲ့ လုပ်ငန်းတွေဖြစ်တဲ့အတွက်ကြောင့် ဒါကို ကျွန်မတို့အနေနဲ့ ကြိုးစားပြီး လုပ်နေတယ်ဆိုတဲ့ အကြောင်းကို ဆွေးနွေးခဲ့ပါတယ်" ဟု ပြောသည်။

**သတင်း - ရီရီမြင့်**
**ဓာတ်ပုံ - လှမိုး**

# သီပေါ၌ ရှမ်းနှစ်သစ်ကူးပွဲတော် ကျင်းပ

**သီပေါ နိုဝင်ဘာ ၂၈**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ရှမ်းတိုင်းရင်းသားများ စာပေနှင့် ယဉ်ကျေးမှု ကော်မတီမှကြီးမှူး၍ ရှမ်းတိုင်းရင်းသားများ ပီမိုင်တိုင်းနှစ်သစ်ကူးပွဲတော်ကို ယမန်နေ့က သီပေါမြို့နယ် ဝိုင်းကောင်ကျေးရွာ ရှမ်းစာပေနှင့် ယဉ်ကျေးမှုကွင်းဝင်းအတွင်း၌ ကျင်းပသည်။

ရှမ်းနှစ်သစ်ကူးပွဲတော်တွင် မြို့နယ်ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီနာယက ဦးဆန်စိုင်းသာညွန့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးက အမှာစကား ပြောကြား၍ ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးစိုင်းငို့ကွမ်းက ရှမ်းနှစ်သစ်ကူး ဖြစ်ပေါ်လာပုံနှင့် နှစ်သစ်ကူးပွဲတော်ကို နတ်တော်လအတွင်း နှစ်စဉ်ကျင်းပခဲ့ပုံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှမ်းတိုင်းရင်းသားရိုးရာ တေးသီချင်းများ၊ အကပဒေသာများ၊ **(အောက်ပုံ)** ရှမ်းအိုးစည်တီးဝိုင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး တက်ရောက်လာသူ ဧည့်ပရိသတ်များကို ရှမ်းရိုးရာအစားအစာများဖြင့် ဧည့်ခံကျွေးမွေးသည်။

ရှမ်းနှစ်သစ်ကူးဖြစ်ပေါ်လာခြင်းမှာ သာသနာသက္ကရာဇ် ၄၅၀ ပြည့်နှစ် နတ်တော်လဆန်း ၁ ရက်တွင် ရှမ်းတိုင်းရင်းသားများ နေထိုင်ရာဒေသသို့ ဗုဒ္ဓသာသနာရောက်ရှိချိန်မှ ရှမ်းသက္ကရာဇ်စတင်ခဲ့ပြီး နှစ်စဉ်နတ်တော်လဆန်း ၁ ရက်နေ့ကို ရှမ်းနှစ်ဆန်း ၁ ရက်နေ့အဖြစ် သတ်မှတ်၍ ရှမ်းနှစ်သစ်ကူးပွဲတော်ကို နတ်တော်လအတွင်း နှစ်စဉ်ကျင်းပခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# တောင်ငူ နည်းပညာအထက်တန်းကျောင်း ဒုတိယအကြိမ် အောင်လက်မှတ်ပေးအပ်ပွဲ ကျင်းပ

**တောင်ငူ နိုဝင်ဘာ ၂၈**

နည်းပညာသက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအစိုးရနည်းပညာ အထက်တန်းကျောင်း(တောင်ငူ )ဒုတိယအကြိမ် အောင်လက်မှတ်ပေးအပ်ပွဲကို နိုဝင်ဘာ စတုတ္ထပတ်က တောင်ငူမြို့ ကန်ရိုးကျေးရွာရှိ နည်းပညာအထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

ထို့နောက် တောင်ငူနည်းပညာအထက်တန်းကျောင်း၌ အထူးပြုဘာသာငါးခုတွင် ပညာသင်ကြားပြီးမြောက်ကြသည့် ကျောင်းသား ကျောင်းသူ ၁၂၂ ဦးကို ကျောင်း အုပ်ဆရာကြီး ဦးကျော်မင်းလတ်က အောင်လက်မှတ်များ ပေးအပ်ခဲ့ကြောင်းသိရသည်။

**သူရ(တောင်ငူ)**

# ရန်ကုန်တက္ကသိုလ် ရာပြည့်အကြို အထိမ်းအမှတ် စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းနှင့် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်တို့ ပူးပေါင်း၍ ရန်ကုန်တက္ကသိုလ်ရာပြည့်အကြိုအထိမ်းအမှတ် စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၅ ရက်မှ ၈ရက်အထိ ရန်ကုန်တက္ကသိုလ်အဓိပတိလမ်း ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ရှေ့နှင့် သစ်ပုတ်ပင်တစ်ဝိုက်တို့တွင် စာအုပ်ဆိုင်ခန်းပေါင်း ၁၂၀ ကျော်တို့က အထူးဈေးနှုန်းဖြင့် ရောင်းချမည်ဖြစ်သည်။

ထို့ပြင် ရှေးဟောင်းရှားပါး စာအုပ်များ၊ အခြားအထူးလျှော့ဈေးဖြင့် ရောင်းချမည့် စာအုပ်အရောင်းဆိုင်များပါ ပါဝင်ကြမည်ဖြစ်ရာ တက္ကသိုလ်အငွေ့အသက်ကို ခံစားရင်း မည်သူမဆို လာရောက်ကြည့်ရှု ဝယ်ယူအားပေးနိုင်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# စစ်တွေမြို့ရှိ ဌာနဆိုင်ရာရုံးများသို့ ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်များ အခမဲ့ငှားရမ်းပေး

**စစ်တွေ နိုဝင်ဘာ ၂၈**

ရွေ့လျားစာကြည့်တိုက်လုပ်ငန်းများ အရှိန်အဟုန်မပျက် စာဖတ်ရှိန်မြင့်တင်ရေး ဆောင်ရွက်လျက်ရှိရာ စစ်တွေခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စစ်တွေမြို့ရှိ ဌာနဆိုင်ရာရုံးများသို့ ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်များ အခမဲ့ငှားရမ်းပေးခြင်းကို ယမန်နေ့က ပြည်နယ်သမဝါယမဦးစီးဌာန၊ ပြည်နယ်စည်ပင်သာယာရေး၊ မြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံးသို့ သွားရောက်သည်။

အဆိုပါ အခမဲ့ငှားပေးခြင်းဆောင်ရွက်မှုတွင် သုတ/ရသ စာအုပ်များကို စာဖတ်သူများ လက်ဝယ်အရောက် အခမဲ့ငှားရမ်းပေးခဲ့ပြီး အပတ်စဉ်သွားရောက်လဲလှယ်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၈-၁၁-၂၀၁၉

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၇၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၄၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၇၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၄၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၉၀/၉၇၀ ကျပ် | ၉၆၅/၉၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၀၀/၉၈၅ကျပ် | ၉၈၀/၁၀၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀/၈၉၀ ကျပ် | ၉၃၀/၉၃၅ ကျပ် |
| အောက်တိန်း ၉၅ | ၉၄၀/၉၉၅ ကျပ် | ၁၀၃၅/၁၀၅၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၁၂ . ၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၆၅ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၀၇ . ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၄၄ . ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၈၅ . ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၂၆ . ၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၅ . ၄၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၂၂၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၈ . ၅၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၂ . ၅၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၀၅၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂၀၀၀ | ၁၁၅၀၀ | ၅၉၅၂ | ၆၈၄၅၃၅၀၀ |
| MTSH | ၄၀၀၀ | ၄၀၀၀ | ၃၄၂၈ | ၁၃၆၉၂၀၀၀ |
| MCB | ၈၃၀၀ | - | - | - |
| FPB | ၂၃၀၀၀ | ၂၂၅၀၀ | ၁၂ | ၂၇၃၀၀၀ |
| TMH | ၃၀၀၀ | ၃၀၀၀ | ၅၀ | ၁၅၀၀၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး** - စိုးစိုးနိုင်
**သတင်းထောက်ချုပ်** - မြင့်ဆွေ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com,
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာ ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်၏နောက်ကွယ်သို့ “ဝင်”ကြည့်ခြင်း

**— — ဝင်းဇေယျာထွန်း — —**

*နိုဝင်ဘာ ၂၇ ရက်မှအဆက်*

၂၀၀၁ ခုနှစ်မှာ အမေရိကန်ဦးဆောင်တဲ့ နိုင်ငံစုံတပ်ဖွဲ့က အာဖဂန်နစ္စတန်နိုင်ငံအား ကျူးကျော်ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်း၊ ၂၀၀၃ ခုနှစ်မှာ အမေရိကန် ဦးဆောင်တဲ့ နိုင်ငံစုံတပ်ဖွဲ့က အီရတ်နိုင်ငံအား ဝင်ရောက်ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ခဲ့ခြင်းတို့ဟာ “ မိမိကိုယ်ကို ခုခံကာကွယ်ခြင်း( Self Defence) နဲ့ ကြိုတင်ကာကွယ်ခြင်း (prevention)” တို့ကို ပူးတွဲအသုံးပြုခဲ့တဲ့ အကောင်းဆုံး ဥပမာများ ဖြစ်ကြပါတယ်။ တစ်ခုစီကို ရှင်းလင်းပြပါမယ်။

**အာဖဂန်နစ္စတန်စစ်ပွဲ**

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်မှာ အမေရိကန်နိုင်ငံမှာရှိတဲ့ World Trade Centre အဆောက်အအုံကို အကြမ်းဖက်သမားများက ခရီးသည်တင်လေယာဉ်တွေကို အပိုင်စီးပြီး အသေခံဝင်တိုက်ခဲ့တဲ့ “၉/၁၁ တိုက်ခိုက်မှု” ဖြစ်ပွားခဲ့ပါတယ်။ ဒီဖြစ်စဉ်ကို အကြောင်းပြုပြီး အမေရိကန်နိုင်ငံက အာဖဂန်နစ္စတန်နိုင်ငံကို ဝင်ရောက်တိုက်ခိုက်ခဲ့ကာ တာလီဘန်အစိုးရကိုဖြုတ်ချခဲ့ပါတယ်။

ဒီစစ်ပွဲကိုကြည့်မယ်ဆိုရင် အခြေခံအားဖြင့် အမေရိကန်နိုင်ငံဟာ ကုလသမဂ္ဂပဋိညာဉ်စာချုပ် အခန်း (၁)၊ စာပိုဒ် (၂-၄) မှာ ပြဋ္ဌာန်းထားတဲ့ “နိုင်ငံတစ်နိုင်ငံက အခြားတစ်နိုင်ငံကို အင်အားသုံး ကျူးကျော်တိုက်ခိုက်ခြင်းမပြုရ” ဆိုတဲ့ ပြဋ္ဌာန်းချက်ကို အတိအလင်းချိုးဖောက်တယ်လို့ ပြောလို့ရပါတယ်။

| Article 2 |
| --- |
| 4. All Members shall refrain in their international relations from the threat or use of force against the territorial integrity or political independence of any state, or in any other manner inconsistent with the Purposes of the United Nations. |
| **စာပိုဒ် (၂)** |
| ၄။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် အခြားနိုင်ငံများ၏ နိုင်ငံရေးလွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှုတို့အပေါ် အင်အားသုံး(တိုက်ခိုက်)ခြင်း၊ သို့မဟုတ် အင်အားသုံး(တိုက်ခိုက်)မည်ဟု ခြိမ်းခြောက်ခြင်း မပြုရ။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် ကုလသမဂ္ဂပဋိညာဉ်စာချုပ်ပါ ရည်ရွယ်ချက်များနှင့် ဆန့်ကျင်သော အပြုအမူများ ပြုလုပ်ခြင်းမပြုရ။ |

စာပိုဒ်(၂-၄)ပါ ဒီပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ခဲ့တဲ့ အမေရိကန်နိုင်ငံကို ကုလသမဂ္ဂအဖွဲ့ကြီးက ဘာလို့ အရေးယူခြင်းမရှိတာလဲဆိုတာ စိတ်ဝင်စားဖွယ် မေးခွန်းဖြစ်နေပါတယ်။ အရိုးရှင်းဆုံးအဖြေက အမေရိကန်နိုင်ငံဟာ ကုလသမဂ္ဂပဋိညာဉ်စာချုပ်ရဲ့ပြဋ္ဌာန်းချက်တွေကို အသုံးချပြီး နိုင်ငံတကာဥပဒေပိုင်းဆိုင်ရာ “ဘောင်ဝင်အောင်” ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ဖြစ်ပါတယ်။

ကုလသမဂ္ဂပဋိညာဉ်စာချုပ်မှာ အဖွဲ့ဝင်နိုင်ငံများအား စစ်မက်ပြုပိုင်ခွင့်ကို အကန့်အသတ်နဲ့ ခွင့်ပြုထားတာ ရှိပါတယ်။ အထက်မှာ တင်ပြခဲ့တဲ့ အခန်း(၇)၊ စာပိုဒ် (၅၁) မိမိကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့် (Self-defence) အရ ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံဟာ “အာဖဂန်နစ္စတန်နိုင်ငံမှာ တာလီဘန်အကြမ်းဖက်သမားတွေ အခြေပြုထားတယ်။ ဒီအကြမ်းဖက်သမားများက အမေရိကန်နိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးရဲ့ ငြိမ်းချမ်းရေးနဲ့လုံခြုံရေးကို ထိပါးနေတယ်။ ဒီအကြမ်းဖက်သမားတွေဟာ အမေရိကန်နိုင်ငံအပါအဝင် ကမ္ဘာနိုင်ငံများမှာလည်း နောက်ထပ် အကြမ်းဖက်တိုက်ခိုက်မှုတွေ ပြုလုပ်လာနိုင်တဲ့အတွက် မိမိကိုယ်ကို ခုခံကာကွယ်တဲ့အနေနဲ့ ကြိုတင်ကာကွယ်ဖို့ လိုအပ်တယ်” ဆိုတဲ့စာပိုဒ် (၁-၁) ရဲ့ “ ကြိုတင်ကာကွယ်ခြင်း (prevention)” ဆိုင်ရာအကြောင်းပြချက်တွေနဲ့ စာပိုဒ်(၅၁)ပါ “မိမိကိုယ်ကိုခုခံကာကွယ်ပိုင်ခွင့်” နဲ့ ပေါင်းစပ်ပြီး အာဖဂန်နစ္စတန်နိုင်ငံကို ဝင်ရောက်တိုက်ခိုက်ခဲ့တာ ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံရဲ့ ပိုင်နက်နယ်မြေပေါ်မှာ လက်နက်ကိုင်တိုက်ခိုက်မှု ဖြစ်ပွားခဲ့တယ်။ ( ၉/၁၁ တိုက်ခိုက်မှု)၊ လုံခြုံရေးကောင်စီကိုလည်း ချက်ချင်းသတင်းပို့ အစီရင်ခံတယ်။ အမေရိကန်ရဲ့ အကြောင်းပြချက်ဟာလည်း လက်တွေ့တိုက်ခိုက်ခံခဲ့ရတဲ့ အခြေအနေကြောင့် ခိုင်လုံမှုရှိတယ်။ ဒါကြောင့် အမေရိကန်နိုင်ငံရဲ့ ဆောင်ရွက်ချက်များဟာ စာပိုဒ်(၅၁) အရ နိုင်ငံတကာ ဥပဒေလမ်းကြောင်းနဲ့ ဘောင်ဝင်မှုရှိတယ်လို့ ပြောလို့ရပါတယ်။

ဒါပေမယ့် နောက်ပိုင်းဆက်လက်ဖြစ်ပေါ်ခဲ့တဲ့ ကိစ္စရပ်တွေမှာ လုံခြုံရေးကောင်စီရဲ့ဆောင်ရွက်ချက်တွေနဲ့ အမေရိကန်နိုင်ငံရဲ့ ဆောင်ရွက်ချက်တွေကို ကြည့်မယ်ဆိုရင် စာပိုဒ်(၅၁)ပါ ပြဋ္ဌာန်းချက်တွေနဲ့ သွေဖည်မှု ရှိတာတွေကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ လုံခြုံရေးကောင်စီက World Trade Centre အဆောက်အအုံအကြမ်းဖက် တိုက်ခိုက်ခံရပြီး နောက်တစ်ရက်ဖြစ်တဲ့ ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၂ ရက်မှာ ဆုံးဖြတ်ချက်အမှတ် ၁၃၆၈ ကို ထုတ်ပြန်ပါတယ်။ ဒါပေမယ့် အင်အားသုံးတိုက်ခိုက်ခွင့်ပေးနိုင်တဲ့ ကုလသမဂ္ဂပဋိညာဉ်စာချုပ် အခန်း(၇) အောက်ကထုတ်တာ မဟုတ်ပါဘဲ အထွေထွေသဘောထုတ်ပြန်ခဲ့တာ ဖြစ်ပါတယ်။ ဆုံးဖြတ်ချက်မှာလည်း အဖွဲ့ဝင်နိုင်ငံတွေကို အကြမ်းဖက်သမားများအား တရားစီရင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ဖို့ တိုက်တွန်းချက်တွေပဲ ပါဝင်ပါတယ်။

> **“အမေရိကန်နိုင်ငံဟာ ‘အီရတ်နိုင်ငံမှာ အဖျက်စွမ်းအားပြင်း လက်နက်များ ပိုင်ဆိုင်ထားပြီး အမေရိကန်နိုင်ငံနဲ့ မဟာမိတ်နိုင်ငံများအပါအဝင် တစ်ကမ္ဘာလုံးရဲ့ လုံခြုံရေးကို ခြိမ်းခြောက်ထိပါးနေကြောင်း’ အကြောင်းပြကာ အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက် သိမ်းပိုက်ခဲ့တဲ့စစ်ပွဲ ဖြစ်ပါတယ်။ ဒီစစ်ပွဲဟာ ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်နဲ့ ကိုက်ညီမှု ရှိ မရှိဆိုတာ နိုင်ငံတကာဥပဒေလောကမှာ တော်တော်လေး အငြင်းပွားခဲ့တဲ့ကိစ္စ ဖြစ်ပါတယ် ”**

ဆက်လက်ပြီးတော့ ၂၀၀၁ ခုနှစ် စက်တင်ဘာ ၂၈ ရက်နေ့မှာ ဆုံးဖြတ်ချက်အမှတ် (၁၃၇၃) ကို ထပ်မံထုတ်ပြန်ပါတယ်။ ဒီအကြိမ်မှာ အင်အားသုံး တိုက်ခိုက်ခွင့်ပေးနိုင်တဲ့ ကုလသမဂ္ဂပဋိညာဉ်စာချုပ် အခန်း(၇) အောက်က ထုတ်တာဖြစ်ပါတယ်။ ဆုံးဖြတ်ချက် ၁၃၇၃ ရဲ့ ဥပဒေပိုင်းဆိုင်ရာ သက်ရောက်မှုမရှိတဲ့ စကားချီးပိုင်း (Non-operative paragraph) မှာ နိုင်ငံများရဲ့ “ မိမိကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့်”ကို အသိအမှတ်ပြုထားပြီး၊ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ထိပါးလာတဲ့ အကြမ်းဖက်မှုနဲ့ အကြမ်းဖက်သမားတွေကို နည်းလမ်းပေါင်းစုံဖြင့် တိုက်ဖျက်သွားရန် လိုအပ်ကြောင်း ဖော်ပြထားပေမယ့် အင်အားသုံးတိုက်ခိုက်ခွင့် ပေးခဲ့ခြင်းမရှိပါဘူး။ ပြောရမယ်ဆိုရင် တင်ပြခဲ့တဲ့ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်နှစ်ခုလုံးမှာ “ အာဖဂန်နစ္စတန်နိုင်ငံ” လို့ ရည်ညွှန်းတဲ့စကားလုံး အသုံးအနှုန်း တောင်မပါဝင်ပါဘူး။ လုံခြုံရေးကောင်စီက ဒီကိစ္စနဲ့ ပတ်သက်လို့ နောက်ပိုင်းထုတ်ပြန်တဲ့ ဆုံးဖြတ်ချက်များမှာလည်း အမေရိကန်နိုင်ငံကို စစ်ရေးအရ အင်အားသုံး ကျူးကျော်တိုက်ခိုက်ခွင့်ပေးထားတာ မရှိခဲ့ပါဘူး။ ၁၉၉၀ ပြည့်နှစ်မှာ ကူဝိတ်နိုင်ငံကို ကျူးကျော်သိမ်းပိုက်ထားတဲ့ အီရတ်တပ်များအား စစ်ရေးအရ အင်အားသုံး တိုက်ထုတ်ဖို့ အမေရိကန်ဦးဆောင်တဲ့ မဟာမိတ်တပ်ဖွဲ့တွေကို ကုလသမဂ္ဂပဋိညာဉ်စာချုပ် အခန်း(၇)ရဲ့ အခွင့်အာဏာအရ ခွင့်ပြုပေးခဲ့တဲ့ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် (၆၇၈)မှာ အောက်ပါအတိုင်း ရှင်းလင်းပြတ်သားစွာ ခွင့်ပြုခဲ့ကြောင်းကို နှိုင်းယှဉ်သိရှိနိုင်ဖို့ ဖော်ပြအပ်ပါတယ်–

| UN Security Council Resolution ( 678) |
| --- |
| “ …Acting under Chapter VII of the Charter,…… Authorized member states Co-operating with the Government of Kuwait, unless Iraq on or before 15 January 1991 fully implements, as set forth in paragraph 1 above, the above mentioned resolutions, to use all necessary means to uphold and implement resolution 660 (1990) and all subsequent relevant resolutions and to restore international peace and security in the area;…” |

| **လုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် (၆၇၈)** |
| --- |
| “…..ကုလသမဂ္ဂပဋိညာဉ်စာချုပ် အခန်း(၇)၏ အခွင့်အာဏာအရ (လုံခြုံရေးကောင်စီသည်) ကူဝိတ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား လိုအပ်သောနည်းလမ်းများ(စစ်ရေးနည်းလမ်းအပါအဝင်)အသုံးပြု၍ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် (၆၆၀) (ကူဝိတ်နိုင်ငံမှ အီရတ်တပ်ဖွဲ့များ ရုပ်သိမ်းရေးအတွက် အီရတ်နိုင်ငံအားတောင်းဆိုသည့် ဆုံးဖြတ်ချက်)ကို အကောင်အထည်ဖော်ရန်နှင့် ဒေသတွင်း နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ပြန်လည်တည်ဆောက်ရန် ခွင့်ပြုလိုက်သည်…” |

စာပိုဒ်(၅၁)အရ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံရဲ့ စစ်ရေးအရ အင်အားသုံးပြီး မိမိကိုယ်ကို ခုခံကာကွယ်မှုကို လုံခြုံရေးကောင်စီက အဆိုပါကိစ္စကိုကိုင်တွယ်ပြီး လိုအပ်တဲ့အရေးယူ ဆောင်ရွက်မှုတွေ ( Measures ) ပြုလုပ်တဲ့ အချိန်အထိပဲ ခွင့်ပြုထားတာ ဖြစ်ပါတယ်။ ဆက်လက်တိုက်ခိုက်/အင်အားသုံးလိုတယ်ဆိုရင်တော့ လုံခြုံရေးကောင်စီရဲ့ ခွင့်ပြုချက် လိုအပ်ပါတယ်။ လုံခြုံရေးကောင်စီက ၉/၁၁ ဖြစ်စဉ်နဲ့ စပ်လျဉ်းပြီး ချမှတ်ခဲ့တဲ့ ဆုံးဖြတ်ချက်များမှာ ၁၉၉၁ ခုနှစ် ကူဝိတ်ကိစ္စနဲ့ ချမှတ်ခဲ့တဲ့ ဆုံးဖြတ်ချက်(၆၇၈)ကလို “ခွင့်ပြုသည် (Authorized)”ဆိုတဲ့ စကားလုံးရှာလို့ မတွေ့ပါဘူး။ ဒါပေမယ့် အမေရိကန်နိုင်ငံကတော့ အာဖဂန်နစ္စတန်စစ်ပွဲကို ဆက်လက်တိုက်ခိုက်ခဲ့ပါတယ်။

အာဖဂန်နစ္စတန်စစ်ပွဲကို သုံးသပ်မယ်ဆိုရင် အမေရိကန်နိုင်ငံဟာ ကုလသမဂ္ဂပဋိညာဉ်စာချုပ်ရဲ့ စာပိုဒ်(၅၁)ပါ “ မိမိကိုယ်ကိုခုခံကာကွယ်ပိုင်ခွင့်(Self Defence)”ကို ပဋိညာဉ်စာချုပ်စာပုဒ်(၁-၁)ရဲ့ “ ကြိုတင်ကာကွယ်ခြင်း (prevention and removal of threats to the peace)” ဆိုတဲ့ ပြဋ္ဌာန်းချက်နဲ့အတူ ကိုင်စွဲပြီး ဥပဒေကြောင်းအရ ခိုင်မာအောင်ဆောင်ရွက်ခဲ့တာဟာ နိုင်ငံတကာက ဝေဖန်မှု မပြုနိုင်လောက်အောင် အတိုင်းအတာတစ်ခုအထိ ခိုင်မာမှုရှိခဲ့ကြောင်းတွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒီလို အစပိုင်းမှာ ခိုင်မာမှုရှိခဲ့တာနဲ့ ဆက်စပ်ပြီး လုံခြုံရေးကောင်စီက ပဋိပက္ခအပေါ် ကိုင်တွယ်ဆောင်ရွက်ပြီးတဲ့ နောက်ပိုင်းမှာ လုံခြုံရေးကောင်စီရဲ့ ရှင်းလင်းပြတ်သားတဲ့ ခွင့်ပြုချက်မရဘဲ အင်အားသုံးကျူးကျော်တိုက်ခိုက်တဲ့ ကိစ္စရပ်အပေါ် နိုင်ငံတကာ ဥပဒေကြောင်းအရတရားဝင်မှုရှိ မရှိ မေးခွန်းထုတ်မှုတွေ အင်မတန်နည်းပါးတာကို တွေ့ရှိရပါတယ်။ အမေရိကန်နိုင်ငံဟာ အင်အားကြီးနိုင်ငံတစ်နိုင်ငံ ဖြစ်တာလည်း ပါပါလိမ့်မယ်။

**အီရတ်စစ်ပွဲ ( ၂၀၀၃)**

နောက်ထပ် ဥပမာတစ်ခုကတော့ ၂၀၀၃ ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ အီရတ်စစ်ပွဲဖြစ်ပါတယ်။ အမေရိကန်နိုင်ငံဟာ ‘အီရတ်နိုင်ငံမှာ အဖျက်စွမ်းအားပြင်းလက်နက်များ ပိုင်ဆိုင်ထားပြီး အမေရိကန်နိုင်ငံနဲ့ မဟာမိတ်နိုင်ငံများ အပါအဝင် တစ်ကမ္ဘာလုံးရဲ့လုံခြုံရေးကိုခြိမ်းခြောက်ထိပါးနေကြောင်း’’ အကြောင်းပြကာ အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက် သိမ်းပိုက်ခဲ့တဲ့စစ်ပွဲ ဖြစ်ပါတယ်။ ဒီစစ်ပွဲဟာ ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်နဲ့ ကိုက်ညီမှုရှိမရှိဆိုတာ နိုင်ငံတကာဥပဒေလောကမှာ တော်တော်လေး အငြင်းပွားခဲ့တဲ့ကိစ္စ ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံကတော့ ဒီစစ်ပွဲကို ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ပါ လုပ်ပိုင်ခွင့်နှစ်ရပ်အရ တိုက်ခိုက်ခဲ့တာဖြစ်ကြောင်း အကြောင်းပြခဲ့ပါတယ်။

ပထမအကြောင်းပြချက်က အီရတ်နိုင်ငံမှာ အဖျက်စွမ်းအားကြီးလက်နက် ( WMD-Weapon Of Mass Destruction) တွေရှိနေပြီး အမေရိကန်နိုင်ငံ အပါအဝင် တစ်ကမ္ဘာလုံးရဲ့ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေတဲ့အတွက်(Threats to peace) ကုလသမဂ္ဂပဋိညာဉ်စာချုပ် အခန်း-၁၊ စာပိုဒ်(၁-၁)အရ “ ကြိုတင်ကာကွယ် (prevention)” ရခြင်းဖြစ်တယ်လို့ ဆိုပါတယ်။ ကုလသမဂ္ဂပဋိညာဉ်စာချုပ် အခန်း-၁၊ စာပိုဒ်(၁-၁) ရဲ့ “ ကမ္ဘာ့ငြိမ်းချမ်းရေးကိုခြိမ်းခြောက်မှု (Threats to the peace)” ဆိုတဲ့စကားရပ်ကို “ကြိုတင်ကာကွယ်ခြင်း(p revention)”ဆိုတဲ့စကားရပ်နဲ့ ပေါင်းစပ်အသုံးချပြီး ဥပဒေအရ ဘောင်ဝင်အောင်ဆောင်ရွက်လိုက်ခြင်း ဖြစ်ပါတယ်။ ဘာပဲပြောပြော ဒီအကြောင်းပြချက်ဟာ “..Threats to peace..” ဆိုတဲ့ စကားရပ်အပေါ် ကုလသမဂ္ဂပဋိညာဉ်စာချုပ်မှာ အဓိပ္ပာယ်ဖွင့်ဆိုမှု ရှင်းရှင်းလင်းလင်းမရှိတာကလွဲရင် ဥပဒေကြောင်းအရ ခိုင်မာမှုရှိတဲ့ အကြောင်းပြချက်ကောင်းတစ်ခု ဖြစ်ပါတယ်။

ဒုတိယအကြောင်းပြချက်က ကုလသမဂ္ဂပဋိညာဉ်စာချုပ် စာပိုဒ်(၅၁)ပါ “ မိမိကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့်” ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံဟာ “(၉/၁၁) ဖြစ်စဉ်”နဲ့ တိုက်ခိုက်ခံရပြီး ဖြစ်တယ်။ တိုက်ခိုက်ခဲ့တဲ့ အယ်လ်ကေဒါအစရှိတဲ့ အကြမ်းဖက်အဖွဲ့အစည်းများနဲ့ အီရတ်အစိုးရက ဆက်သွယ်မှုရှိတယ်။ အီရတ်နိုင်ငံမှာလည်း အဖျက်စွမ်းအားပြင်းလက်နက်များပိုင်ဆိုင်ထားတယ်။ တစ်ချိန်ချိန်မှာ အမေရိကန်နိုင်ငံကို အဖျက်စွမ်းအားပြင်းလက်နက်များနဲ့ တိုက်ခိုက်လာနိုင်ဖွယ်ရှိတယ်။ ဒါကြောင့် ကုလသမဂ္ဂပဋိညာဉ်စာချုပ် စာပိုဒ်(၅၁)အရ “မိမိကိုယ်ကို ခုခံကာကွယ်တဲ့အနေနဲ့လက်ဦးမှုရယူ တိုက်ခိုက်တာဖြစ်တယ်” လို့ အကြောင်းပြခဲ့ပါတယ်။ ဒုတိယအကြောင်းပြချက်ဟာလည်း လက်ရှိဖြစ်ပေါ်နေတဲ့ ကမ္ဘာ့နိုင်ငံရေးအခြေအနေအရ ခိုင်မာမှုရှိတယ်လို့ ယူဆလို့ရတဲ့ အကြောင်းပြချက်ကောင်းတစ်ခု ဖြစ်ခဲ့ပါတယ်။

တစ်ဖက်ကပြန်ကြည့်ရင် အမေရိကန်နဲ့ မဟာမိတ်များရဲ့ အီရတ်နိုင်ငံအပေါ် ကျူးကျော်စစ်ဟာ ကုလသမဂ္ဂပဋိညာဉ်စာချုပ် အခန်း (၁)၊ စာပိုဒ် ( ၂-၄) “အင်အားသုံးကျူးကျော်တိုက်ခိုက်ခြင်းမပြုရ” ဆိုတဲ့ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်တဲ့အတွက် နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်းဖြစ်တယ်လို့ ပြောလို့ရပါတယ်။ ဒါပေမယ့် အမေရိကန်နဲ့ မဟာမိတ်များရဲ့ ကုလသမဂ္ဂပဋိညာဉ်စာချုပ် အခန်း(၁)၊ စာပိုဒ်(၁-၁)အရ “ ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိပါးစေသော ခြိမ်းခြောက်မှု (threats to the peace)” ဆိုတဲ့စကားရပ်ကို“ကြိုတင်ကာကွယ်ခြင်း(..prevention …of threats to the peace)..” ဆိုတဲ့စကားရပ်နဲ့ ပေါင်းစပ်ပြီး ပြသခဲ့တဲ့ အကြောင်းပြချက်ဟာ ဥပဒေကြောင်းအရ ခိုင်လုံမှုရှိခဲ့တဲ့အတွက်၊ အခန်း(၁)၊ စာပိုဒ် (၂-၄)ရဲ့ “ အင်အားသုံး ကျူးကျော်တိုက်ခိုက်ခြင်းမပြုရ” ဆိုတဲ့ အချက်ဟာ လက်တွေ့မှာ ပျက်ပြယ်သွားခဲ့ပါတယ်။ ဘယ်နိုင်ငံ၊ ဘယ်အဖွဲ့အစည်းကမှ ၂၀၀၃ ခုနှစ် အီရတ်ကျူးကျော်စစ်ပွဲဟာ နိုင်ငံတကာ ဥပဒေချိုးဖောက်ခြင်းရှိမရှိ ( Legality of war)ဆိုတဲ့အချက်ကို ပြင်းပြင်းထန်ထန် မေးခွန်းထုတ်နိုင်မှု မရှိခဲ့ပါဘူး။

ဒီနေရာမှာ ကုလသမဂ္ဂက အမေရိကန်နိုင်ငံကို အမှန်တကယ် စစ်ရေးအရကျူးကျော်တိုက်ခိုက်ခွင့် ပေးခဲ့သလားဆိုတာ ပြန်ကြည့်ဖို့ လိုလာပါတယ်။ အထက်မှာ တင်ပြခဲ့သလိုပဲကူဝိတ်နိုင်ငံကို အီရတ်နိုင်ငံက ကျူးကျော်ခဲ့စဉ်က လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ်(၆၇၈) နဲ့ အမေရိကန်ဦးဆောင်တဲ့ တပ်ဖွဲ့တွေကို ထင်ရှားပြတ်သားတဲ့ အင်အားသုံး တိုက်ခိုက်ခွင့် ပေးခဲ့ပါတယ်။ ဒါပေမယ့် အခုအီရတ်ကိစ္စမှာ အမေရိကန်နဲ့ မဟာမိတ်နိုင်ငံတွေကို ကူဝိတ်ကိစ္စတုန်းကလို လုံခြုံရေးကောင်စီက သိသာထင်ရှားတဲ့ ခွင့်ပြုချက်ပေးတာ လုံးဝမရှိခဲ့ပါဘူး။ အမေရိကန်က ၎င်းတို့ဟာ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ်(၁၄၄၁)အရ အင်အားသုံး တိုက်ခိုက်ခွင့် ရရှိခဲ့ကြောင်း အစပိုင်းမှာ ဆင်ခြေပေးခဲ့ပါတယ်။ ဆုံးဖြတ်ချက်အမှတ် (၁၄၄၁)မှာ ဆုံးဖြတ်ချက် အမှတ် (၆၇၈) ကလို “ခွင့်ပြုသည် ( Authorized )” ဆိုတဲ့ စကားလုံးတစ်လုံးမှတောင် မပါပါဘူး။ ဒါကြောင့် နောက်ပိုင်းမှာ အမေရိကန်နိုင်ငံဟာ ရပ်တည်ချက်ပြောင်းလဲသွားပြီး ကူဝိတ်ကိစ္စတုန်းက အင်အားသုံးခွင့်ပေးခဲ့တဲ့ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် (၆၇၈) ရဲ့ “ ဆက်စပ်ခွင့်ပြုချက် ( Subsequent authorization)” အရ အင်အားသုံးတိုက်ခိုက်ခဲ့တာဖြစ်ကြောင်း ပြန်လည်ပြင်ဆင်အကြောင်းပြခဲ့ပါတယ်။ *စာမျက်နှာ ၁၉သို့*

# ရန်ကုန်တက္ကသိုလ် ရာပြည့်အမှတ်သညာပွဲတော်အမည်ဖြင့် ဓာတ်ပုံ၊ ပန်းချီပြပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၈

ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် "ရန်ကုန်တက္ကသိုလ် ရာပြည့်အမှတ်သညာပွဲတော်" အမည်ဖြင့် ဓာတ်ပုံ၊ ပန်းချီပြပွဲကို ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ၌ ဒီဇင်ဘာ ၁ ရက်မှ စတင်ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် ရန်ကုန်တက္ကသိုလ်၏ဖြစ်တည်မှု သမိုင်းပုံရိပ်များနှင့် ခေတ်အလိုက် ကျောင်းသားကျောင်းသူများ၏ လှုပ်ရှားမှုပုံရိပ်များကို စုဆောင်းထားသော ဓာတ်ပုံပေါင်း ၃၀၀ ခန့်အနက်မှ အကောင်းဆုံးပုံ ၂၅၀ ခန့်ကို ရွေးထုတ်ပြသမည်ဖြစ်ကြောင်း သိရသည်။



ဓာတ်ပုံ၊ ပန်းချီပြပွဲကျင်းပနိုင်ရေးအတွက် ကျောင်းသား ကျောင်းသူများ ပြင်ဆင်နေစဉ်။

ရန်ကုန်တက္ကသိုလ် ရာပြည့်အမှတ်သညာပွဲတော်ကို ရန်ကုန်တက္ကသိုလ် သမိုင်းဌာနနှင့် ပန်းဆိုးတန်းလမ်းရှိ Art Gallery တို့မှ တာဝန်ယူကျင်းပခြင်းဖြစ်ပြီး Art Gallery အနေဖြင့် အခမ်းအနား ပြင်ဆင်ရေးကို အဓိကအားဖြည့် ကူညီပေးလျက်ရှိကြောင်း သိရသည်။

ဒီဇင်ဘာ ၁ ရက်မှ ၅ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိ ပြသမည်ဖြစ်ကာ ပြပွဲနေ့များ၏ ညနေပိုင်းများတွင် တက္ကသိုလ်နှင့် ဆက်နွှယ်သော ပန်းတွေနဲ့ဝေ၊ မယ်သီတာလိုမိန်းကလေး၊ ကြည်ပြာရောင်နဂ္ဂတစ်များ၊ ကောလိပ်ဂျင် အစရှိသော ရုပ်ရှင်ကား ငါးကားကိုလည်း တစ်ရက်တစ်ကား ပြသသွားရန် စီစဉ်ထားကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

**ဓာတ်ပုံ – လင်းညွန့်**

# ရွှေသွေးဂျာနယ် ထွက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

နိုဝင်ဘာ ၃၀ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ကာတွန်းသာဦး၏ တာတေနှင့် မိုက်တီးရွှေအ၊ အင်တာနက်ကို အသုံးပြုခြင်းကြောင့် အကျိုးကျေးဇူးများရရှိနိုင်သကဲ့သို့ ဆိုးကျိုးများလည်း ဖြစ်စေနိုင်ကြောင်း ပညာပေးရေးသားထားသော သုတဆောင်းပါး၊ ပလတ်စတစ်အိတ်တစ်လုံးကြောင့် အန္တရာယ်က လွတ်မြောက်သွားသော ဖိုးလုံးအကြောင်းကို ဟာသရေးဖွဲ့ထားသည့် နှစ်မျက်နှာကာတွန်း၊ သူတစ်ပါး ပျော်ရွှင်စေရန် ကူညီခဲ့ပုံအကြောင်း ရေးသားထားသည့် ဝတ္ထုတိုအပါအဝင် ရွှေသွေးအင်္ဂလိပ်စကားဝိုင်း၊ ဉာဏ်စမ်း၊ ကဗျာသံစဉ်စသည့် ဖတ်စရာ၊ မှတ်စရာများပါရှိကြောင်း သိရသည်။

**သတင်းစဉ်**




# ရောဝတီတံတား(ပခုက္ကူ)ရေလမ်းကြောင်းပြောင်းလဲမည်

နေပြည်တော် နိုဝင်ဘာ ၂၈

ရောဝတီတံတား (ပခုက္ကူ ) ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်း အဖြစ် ရေလယ်တိုင်အမှတ်(၁၅)နှင့် (၁၆)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၁၄) နှင့် (၁၅) အကြားမှလည်းကောင်း ဖွင့်လှစ်ထားခဲ့သည်။

ယခုအခါ ရေနည်းကာလသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစ၍ အစုန်/အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ် (၁၃)နှင့် (၁၄)အကြားသို့ ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်း၏ ကင်းလွတ်အကျယ်မှာ ၂၆၂ ပေရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၅၂ ပေရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်ဖြစ် သည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည် ဖြစ်သည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွဲရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန် အပြင်ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် **ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ** ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်းသိရသည်။ **သတင်းစဉ်**

# "နိုင်ငံ၏တန်ဖိုး လူမျိုး၏ဂုဏ်သိက္ခာ" ပို့စကတ်ပြိုင်ပွဲဆုရရှိသူများစာရင်း ထုတ်ပြန်

နေပြည်တော် နိုဝင်ဘာ ၂၈

၂၀၂၀ ခုနှစ် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပို့စကတ်ပြိုင်ပွဲအား **"နိုင်ငံ၏တန်ဖိုးလူမျိုး၏ဂုဏ်သိက္ခာ"** ဟူသောခေါင်းစဉ်ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စီစဉ်ကျင်းပခဲ့သည်။

အဆိုပါပို့စကတ်ပြိုင်ပွဲသို့ ပညာရှင် ၂၃ ဦးက ပြိုင်ပွဲဝင် ပို့စကတ်ပေါင်း ၂၂၄ ပုံကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမဆု မောင်ဖြိုးမောင်မောင် (ရွှေဘို)၊ ဒုတိယဆု ဇော်ဇော်ဝေ (ဆင်ဖြူကျွန်း)၊ တတိယဆုနိုင်ထူးအောင်တို့က ရရှိခဲ့ကြသည်။

အထူးဆုများအဖြစ် အောင်ကျော်ထွန်း (ပုသိမ်ကြီး)၊ နိုင်ထူးအောင်၊ ငွေဝင်း (ရမ္မာဝတီ)၊ ကိုအောင်ကျော်မိုးနှင့် ရဲသူရအောင်(IPRD) တို့က ဆုများရရှိခဲ့ကြသည်။ ဆုရရှိသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဆုများထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့်ဆုပေးပွဲကျင်းပမည့်ရက်ကို ထပ်မံအသိပေးအကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၈ မှ*

လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ်(၆၇၈)နဲ့ အထဲမှာ ရည်ညွှန်းထားတဲ့ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ်(၆၆၀)တို့ဟာ ကူဝိတ်နိုင်ငံမှ အီရတ်တပ်များ ဆုတ်ခွာသွားအောင်သာ အင်အားသုံးဆောင်ရွက်ခွင့်ပြုထားတာဖြစ်ပြီး အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ဖို့ ခွင့်ပြုထားခြင်း မရှိပါဘူး။ ဒါကြောင့် ကူဝိတ်စစ်ပွဲမှာ အမေရိကန်တပ်များက ကူဝိတ်နိုင်ငံနယ်နိမိတ်အတွင်းမှာသာ အီရတ်တပ်ဖွဲ့တွေကို တိုက်ခိုက်ခဲ့တာဖြစ်ပြီး အီရတ်နိုင်ငံအတွင်း ဝင်ရောက်မှုမရှိခဲ့တာ ဖြစ်ပါတယ်။

ဒီအချက်တွေကို ကြည့်မယ်ဆိုရင် အမေရိကန်နဲ့ မဟာမိတ်များဟာ လုံခြုံရေးကောင်စီရဲ့ သိသာထင်ရှားတဲ့ ခွင့်ပြုချက်မရဘဲ အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ခဲ့တယ်ဆိုတာ တော်တော်ကြီး ထင်ရှားနေတဲ့ အချက်ဖြစ်ပါတယ်။ ဒါပေမယ့် အမေရိကန်နိုင်ငံရဲ့ ကုလသမဂ္ဂ ပဋိညာဉ်စာချုပ် အခန်း(၁)၊စာပိုဒ်(၁–၁)အရ " ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိပါးစေသော ခြိမ်းခြောက်မှု (threats to the peace)" ဆိုတဲ့စကားရပ်နဲ့ " ကြိုတင်ကာကွယ်ခြင်း (..prevention…of threats to the peace).." ဆိုတဲ့ စကားရပ်တို့ပေါင်းစပ်ပြီး ကိုင်စွဲခဲ့တဲ့ အကြောင်းပြချက်ကြောင့် လုံခြုံရေး ကောင်စီရဲ့ခွင့်ပြုချက်မပါဘဲ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ခဲ့ခြင်းဟာ နိုင်ငံတကာ စာမျက်နှာမှာ မှေးမှိန်သွားခဲ့ရပါတယ်။

**ချဲ့ထွင်လာသောအယူအဆများ ( Concept expansion)**

အီရတ်စစ်ပွဲနဲ့ဆက်စပ်ပြီး နောက်ထပ် နိုင်ငံတကာဥပဒေပိုင်းဆိုင်ရာ အရေးကြီးတဲ့ အယူအဆ (Concept) နှစ်ခုရှိပါတယ်။ ဒါကတော့ ပဋိညာဉ်စာချုပ် အခန်း(၇)၊ စာပိုဒ်(၅၁)"မိမိကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့် (Self defence)"ကို အခန်း(၁)၊ စာပိုဒ်(၁–၁) မှာပါတဲ့ " ကြိုတင်ကာကွယ်ခြင်း (Prevention)" နဲ့ ဆက်စပ်အသုံးချတဲ့ " လက်ဦးမှု ရယူဆောင်ရွက်ခြင်း (Pre–emptive action)" နဲ့ "ဖြစ်လာခြင်းမရှိသေးသော ကိစ္စရပ်များအား မျှော်မှန်း၍ မိမိကိုယ်ကို ခုခံကာကွယ်ခြင်း (anticipatory self–defense)" ဆိုတဲ့ အယူအဆများပဲ ဖြစ်ပါတယ်။

နားလည်ဖို့ ပိုမိုလွယ်ကူအောင် အထက်မှာ တင်ပြခဲ့တဲ့ ၂၀၀၃ အီရတ်စစ်ပွဲနဲ့ပဲ နှိုင်းယှဉ်ပြပါမယ်။ အမေရိကန်နိုင်ငံက အီရတ်နိုင်ငံမှာ အဖျက်စွမ်းအားပြင်းလက်နက်များ ပိုင်ဆိုင်ထားတယ်။ အယ်လ်ကေးဒါး အစရှိတဲ့ အကြမ်းဖက်အဖွဲ့အစည်းများနဲ့ ဆက်သွယ်မှုရှိတယ်။ ဒါ့ကြောင့် တစ်ချိန်ချိန်မှာ အမေရိကန်နိုင်ငံကို အီရတ်နိုင်ငံကဖြစ်စေ၊ အကြမ်းဖက်အဖွဲ့အစည်းများကဖြစ်စေ အဖျက်စွမ်းအားပြင်း လက်နက်များနဲ့ တိုက်ခိုက်လာနိုင်ဖွယ်ရှိတယ်လို့ ယုံကြည်ခဲ့ပါတယ်။ ၉/၁၁ တိုက်ခိုက်မှု ဖြစ်ပွားထားတာကြောင့် အမေရိကန်နိုင်ငံရဲ့ယုံကြည်မှုကို မှားတယ်လို့ ပြောလို့မရပါဘူး။ ဒီယုံကြည်ချက်အရ အမေရိကန်နိုင်ငံ တိုက်ခိုက်ခံရခြင်း မရှိမီ အမေရိကန်နိုင်ငံက အီရတ်နိုင်ငံကို လက်ဦးမှုရယူ တိုက်ခိုက်ခဲ့တာ ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံအတွက် အီရတ်စစ်ပွဲဟာ ၉/၁၁ ဖြစ်စဉ်ကို အခြေခံထားတဲ့ "လက်ဦးမှုယူဆောင်ရွက်ခြင်း (Pre–emptive action)" လို့လည်း ပြောလို့ရသလို " ဖြစ်လာခြင်း မရှိသေးသော ကိစ္စရပ်များအားမျှော်မှန်း၍ မိမိကိုယ်ကို ခုခံကာကွယ်ခြင်း (anticipatory self–defense)" လို့လည်းပြောလို့ ရပါတယ်။ အမေရိကန်ဟာ ဒီအယူအဆ နှစ်ရပ်ကို ကုလသမဂ္ဂ ပဋိညာဉ်စာချုပ် အခန်း(၇)၊ စာပိုဒ် (၅၁)ပါ " မိမိကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့် (Self –defence)" နဲ့ တွဲဖက်အသုံးပြုပြီး ဥပဒေပိုင်းဆိုင်ရာ ခိုင်မာမှုရှိအောင် အသုံးချခဲ့တယ်ဆိုတာ concept expansionအရ တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။ ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်အရ " လက်ဦးမှုရယူဆောင်ရွက်ခြင်း (Pre–emptive action)" နဲ့ " ဖြစ်လာခြင်း မရှိသေးသောကိစ္စရပ်များအား မျှော်မှန်း၍ မိမိကိုယ်ကို ခုခံကာကွယ်ခြင်း (anticipatory self–defense)" ဆိုတာတွေဟာ ဥပဒေကြောင်းအရ တရားဝင်မှုရှိ မရှိ ဆိုတာ အလွန်နက်နဲတဲ့ ဖြေရခက်သော မေးခွန်းတစ်ရပ်အဖြစ် တည်ရှိနေဆဲဖြစ်ပါတယ်။ အီရတ်စစ်ပွဲမှာတော့ ဒီမူတွေကို အသုံးပြုခဲ့ပြီးဖြစ်ပါတယ်။

အထက်မှာ တင်ပြသွားတာတွေက အခန်း(၇)၊ စာပိုဒ်(၅၁)ရဲ့ မိမိကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့်နဲ့ ဆက်စပ်တဲ့ အချက်များ ဖြစ်ပါတယ်။ ဒီနေရာမှာ တစ်စုံတစ်ဦးက အခန်း(၁)၊စာပိုဒ်(၁–၁) မှာပြဋ္ဌာန်းထားတဲ့ "ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ထိပါးလာနိုင်တဲ့ခြိမ်းခြောက်မှုတွေအား ကြိုတင်ကာကွယ်ခြင်း (…prevention and removal of threats to the peace,…)"ကို အီရတ်စစ်ပွဲမှာ အသုံးပြုထားပြီးဖြစ်တဲ့ "ဖြစ်လာခြင်းမရှိသေးသော ကိစ္စရပ်များအား မျှော်မှန်း၍ မိမိကိုယ်ကိုခုခံကာကွယ်ခြင်း (anticipatory self–defense)" တို့နဲ့ပေါင်းစပ်ပြီး အနာဂတ်ကာလတွေမှာ အသုံးပြုလာနိုင်တဲ့ ဖြစ်နိုင်ခြေများ ရှိတယ်ဆိုတာကို သတိပြုဖို့လိုပါတယ် ။

**နိဂုံး**

ယခုတင်ပြခဲ့တဲ့အကြောင်းအရာများဟာ မြောက်မြားလှစွာသော ဖြစ်စဉ်များအထဲက ထင်ရှားတဲ့ ကိစ္စရပ်အချို့သာ ဖြစ်ပါတယ်။ ဖြစ်နိုင်သမျှသော နည်းလမ်းပေါင်းစုံ အသုံးပြုပြီး မိမိတို့နိုင်ငံအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်တာဟာ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံများရဲ့ ဓလေ့ထုံးစံဖြစ်ပြီး နိုင်ငံတကာစာမျက်နှာမှာ ရှောင်လွှဲလို့မရတဲ့ ကိစ္စရပ်များ ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံများက ၎င်းတို့နိုင်ငံရဲ့ အကျိုးစီးပွားအတွက် ကုလသမဂ္ဂပဋိညာဉ်စာချုပ် အပါအဝင် နိုင်ငံတကာဥပဒေများကို အသုံးချ ဆောင်ရွက်ကြတာဟာ အပြစ်တင်စရာ ကိစ္စရပ် မဟုတ်ပါဘူး။ နိုင်ငံတကာဇာတ်ခုံမှာ လုပ်နိုင်စွမ်းရှိတဲ့နိုင်ငံဟာ အနိုင်ရမြဲဖြစ်တယ်ဆိုတာ သမိုင်းက သက်သေခံနေပါတယ်။ နိုင်ငံတစ်နိုင်ငံ လုပ်နိုင်စွမ်းရှိဖို့ဆိုရင် တစ်ဦးကောင်း တစ်ယောက်ကောင်းနဲ့ လုပ်လို့မရပါဘူး။ နိုင်ငံတကာ ဥပဒေပညာရပ်အပါအဝင် အခြားသောပညာရပ်များကို သိရှိနားလည်တဲ့ လူသားအရင်းအမြစ်များစွာရဲ့ စုပေါင်းအင်အား လိုအပ်ပါတယ်။ နိုင်ငံတကာ ဥပဒေပညာရပ်ဟာ အလွန်ကျယ်ပြန့်ပြီး များစွာရှုပ်ထွေးမှုရှိပေမယ့် အသုံးချနိုင်ရင် ချနိုင်သလောက် နိုင်ငံရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် စာဖတ်သူများ မိမိတို့နိုင်ငံရဲ့ အကျိုးစီးပွားကို ဆတက်ထမ်းပိုး ကာကွယ်စောင့်ရှောက်နိုင်ရေး တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်စေရန်အတွက် နိုင်ငံတကာဥပဒေ အသိပညာများဝေငှရင်း နိဂုံးချုပ်အပ်ပါတယ်။

* ဤဆောင်းပါးပါ အကြောင်းအရာများသည် စာရေးသူ၏ နိုင်ငံတကာဥပဒေပိုင်းဆိုင်ရာ ထင်မြင်ယူဆချက်များသာဖြစ်ပြီး စာရေးသူ တာဝန်ထမ်းဆောင်နေသော ဝန်ကြီးဌာနနှင့်သော်လည်းကောင်း၊ မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် သော်လည်းကောင်း သက်ဆိုင်မှုမရှိပါကြောင်း ဖော်ပြအပ်ပါသည်။ ။

## ဘဏ် နှစ်ပတ်လည်နေ့ဆုတောင်း

၂၀၁၉ခုနှစ် နိုဝင်ဘာ(၂၈)ရက်နေ့တွင် ကျရောက်သော

**အင်းဝဘဏ်လီမိတက် ၏**

(၂၂)နှစ်မြောက် ဘဏ်နှစ်ပတ်လည်နေ့မှစ၍

နှောင်နှစ်ပေါင်းများစွာတိုင်အောင်

ဆတက်ထမ်းပိုးတိုးတက်ကြီးပွား

အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**Green Vision Group မိသားစု**

## ရေဝတီတိုင်းဒေသကြီး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ရေဝတီတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရေဝတီတိုင်းဒေသကြီးအစိုးရငွေလုံးငွေရင်း ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဓာတ်အားလိုင်းမြစ်ကျော် တည်ဆောက်ခြင်းလုပ် ငန်းများနှင့်ခရိုင်(၆)ခရိုင်အတွင်းရှိ မြို့များတွင် အများပြည်သူ လုံခြုံရေးအတွက် လမ်းမီးများထွန်းညှိခြင်း လုပ်ငန်းများဆောင်ရွက်ရန်အတွက်မြန်မာကျပ်ငွေများဖြင့် အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၉-၁၁-၂၀၁၉ရက်မှ ၉-၁၂-၂၀၁၉ရက်(၁၆:၀၀)နာရီထိ
(ခ) **တင်ဒါဆိုင်ရာအကြိုရှင်းလင်းမည့်ရက်** - ၁၃-၁၂-၂၀၁၉ရက် ၁၅:၀၀နာရီ
(ဂ) **တင်ဒါတင်သွင်းရမည့်ရက်** - ၂၀-၁၂-၂၀၁၉ရက်မှ ၃၀-၁၂-၂၀၁၉ရက် ၁၆:၀၀နာရီထိ
(ဃ) **တင်ဒါပိတ်မည့်ရက်** - ၃၀-၁၂-၂၀၁၉ရက် ၁၆:၀၀နာရီထိ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကိုတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၊ အင်ဂျင်နီယာဌာနတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

မှတ်ချက်။ ။တင်ဒါဝယ်ယူရာတွင် ကုမ္ပဏီလိုင်စင်မှတ်ပုံတင်မူရင်း(သို့)ကာလာ(မိတ္တူ)အားပြသ၍ ဝယ်ယူရန်

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေဝတီတိုင်းဒေသကြီးလျှပစ်စစ်အင်ဂျင်နီယာရုံး**
ဖုန်း-၀၄၂-၂၁၉၈၄

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ စည်ပင်သာကျေးရွာနေ ဦးညွန့်ရွှေ၏သမီး မစိမ့်စိမ့်နွေးနှင့်မနန်းစိမ့်စိမ့်နွေး ၁၀/ကထန(နိုင်)၀၇၇၅၄၀မှာတစ်ဦးတည်း ဖြစ်ပါကြောင်း။

**မစိမ့်စိမ့်နွေး(ခ)မနန်းစိမ့်စိမ့်နွေး**

## ဖခင်အမည်မှန်

ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ အစဲကျေးရွာနေ မခိုင်ခိုင်မာ ၁၁/တနန(နိုင်)၀၂၃၅၂၈ ၏ ဖခင်အမည်မှန်မှာ ဦးရင်ထွေး ၁၂/ကတန(နိုင်)၀၃၀၁၆၂ ဖြစ်ပါကြောင်း။ **ဦးရင်ထွေး**

## မွေးသက္ကရာဇ်အမှန်

သာစည်မြို့၊ အမှတ် (၁)ရပ်ကွက်နေ ဒေါ်တင်တင်ယု ၉/သစန(နိုင်)၁၂၆၃၄၉ ၏ မွေးသက္ကရာဇ်အမှန်မှာ ၃၀-၃-၁၉၈၄ ဖြစ်ပါကြောင်း။

# ဘဏ်နှစ်ပတ်လည်နေ့ဆုတောင်း

၂၀၁၉ခုနှစ် နိုဝင်ဘာ ၂၈ရက်တွင် ကျရောက်သော **အင်းဝဘဏ်လီမိတက်၏ (၂၂)နှစ်မြောက် ဘဏ်နှစ်ပတ်လည်နေ့မှစ၍** နှောင်နှစ်ပေါင်းများစွာတိုင်အောင် ဆတက်ထမ်းပိုး တိုးတက်ကြီးပွား အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ရောမင်းသားကုမ္ပဏီလီမိတက်**




ဆယ်တန်း (သို့) IGCSE အောင်ပြီးသောအခါ မိမိဝါသနာပါရာ ကို UK မှာ နောက်ဆုံး တစ်နှစ်တည်းသာ သွားတက်ပြီး စရိတ်သက်သာစွာနဲ့ UK မှ ဘွဲ့ကို ရယူလိုလျှင်ပဲဖြစ်ဖြစ်၊ မြန်မာနိုင်ငံမှာတင် အစအဆုံးတက်ပြီး UK မှနိုင်ငံတကာအသိအမှတ်ပြုဘွဲ့များကို စရိတ်သက်သာစွာ ရယူလို လျှင်ပဲဖြစ်ဖြစ် Strategy First University ရှိ ဘွဲ့ကြိုအတန်းသုံးခုမှ မိမိဝါသနာပါရာကို ရွေးချယ်တက်ရောက်နိုင်ပြီဖြစ်ပါသည်။

- မြန်မာနိုင်ငံရှိ Bachelor's Programme များထဲမှာ Ranking အကောင်းဆုံးဖြစ်တဲ့ Oxford Brookes University မှ B.A (Hons) Business and Management Pathway Programme
- စီးပွားရေး နဲ့ အိုင်တီ နည်းပညာ ပိုင်းကိုစိတ်ဝင်စားတဲ့သူတွေ အတွက် NCC Diploma in Business and Information Technology.
- မြို့ပြအင်ဂျင်နီယာ တစ်ယောက်ဖြစ်လိုသော အိမ်မက်ကို အကောင်ထည်ဖော်လိုသူများအတွက် SQA Advanced Diploma in Civil Engineering.

**ရန်ကုန်၊ မန္တလေး**
ဒီဇင်ဘာလ(၁၆) ရက်နေ့ အတန်းသစ် စမည်။

ဝင်ခွင့်သတ်မှတ်ချက်များ
- ဆယ်တန်းအောင် (သို့) Pearson နှင့် Cambridge မှ ချီးမြှင့်သော IGCSE အောင် လက်မှတ်ရရှိထားသူများကိုသာ ဝင်ခွင့်လက်ခံပေးသွားမည်ဖြစ်ပါသည်။
- ဆယ်တန်း(သို့) IGCSE စာမေးပွဲမှာဂုဏ်ထူးရဘာသာအလိုက် ကျပ်(၁၅)သိန်း အထိ Scholarship Discount ခံစားခွင့်များရှိပါသည်။

Myaynigone Teaching Centre 1 : #8, Ground Floor, Pan Chan Tower, Bagayar Road, San Chaung Township, Yangon.
Sule Teaching Centre : #142-146, Sule Pagoda Road, Kyauktadar Township, Yangon.
Mandalay Teaching Centre 1 : Block 4, Unit 8, Mingalar Mandalay, 73rd Road, Corner of Thazin and Ngu Shwe War Road, Mandalay.
Mandalay Teaching Centre 2 : Block 4, Unit 3, Mingalar Mandalay, 73rd Road, Corner of Thazin and Ngu Shwe War Road, Mandalay.

လစဉ် အရစ်ကျ ပေးသွင်း နိုင်သည့် အစီအစဉ်များလည်း ရှိသည်။
**Call Now : 09 76543 8000**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## လွှတ်တော်နှင့်အိမ်တော်အဆောက်အအုံများ ထိန်းသိမ်းရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါ(Open Tender )ခေါ်ယူခြင်းအတွက် ပြင်ဆင်ချက်

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လွှတ်တော်နှင့် အိမ်တော်အဆောက်အအုံများထိန်းသိမ်းရေးအဖွဲ့ (မြို့ပြဌာန)မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လွှတ်တော်ဝင်းအတွင်း ပင်မဆောင်ရှိ လမ်းများအား ကတ္တရာထပ်ပိုးလွှာ (A.C)ခင်းခြင်းလုပ်ငန်း(၂၈၆၇၀ စတုရန်းမီတာ)အတွက် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ၁၅-၁၁-၂၀၁၉ ရက်နှင့် ၁၆-၁၁-၂၀၁၉ရက်တို့တွင် နိုင်ငံပိုင်သတင်းစာများ၌ ကြော်ငြာထည့်သွင်းဖိတ်ခေါ်ခဲ့ပါသည်။

၂။ ၎င်းကြော်ငြာစာ၌ ပါရှိခဲ့သော (၂၈၆၇၀ စတုရန်းမီတာ)အစား (၄၂၈၆၆၄ စတုရန်းပေ)အဖြစ်ပြင်ဆင်ဖတ်ရှုပါရန် ထပ်မံကြေညာအပ်ပါသည်။

## ကယားပြည်နယ်၊ ဆည်မြောင်းနှင့်
## ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်တွင် ၂၀၁၉ခုနှစ် အောက်တိုဘာလမှ ၂၀၂၀ ခုနှစ်စက်တင်ဘာလအထိ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ လယ်ယာကုန်ထုတ်ကျောက်ချောလမ်းခင်းခြင်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(၁) သေးဆူလဲကျေးရွာ စာသင်ကျောင်းမှရေနီချောင်း ဒီးမော့ဆို Lot-1
တံတားအထိ ကတ္တရာခင်းခြင်း (၈၄၅၀ ပေ)၊
(၃၀ ပေ- ၁၈ ပေ တံတား) (၁)စင်း

(၂) ရွှေစိုးစံမှ မြောင်းခွဆည်အထိ (လယ်ယာ ဒီးမော့ဆို Lot-2
ကုန်ထုတ်လမ်းအား ကျောက်ချောလမ်းခင်းခြင်း)
(မိုင်တိုင် ၀ မိုင်မှ ၂.၁၅မိုင်)

(၃) ရွှေစိုးစံမှ မြောင်းခွဆည်အထိ (လယ်ယာ ဒီးမော့ဆို Lot-3
ကုန်ထုတ်လမ်းအား ကျောက်ချောလမ်းခင်းခြင်း)
(မိုင်တိုင် ၂.၁၅မိုင် မှ ၄.၃၁မိုင်)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကယားပြည်နယ်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးရုံးတွင် (၂၉-၁၁-၂၀၁၉) ရက်တွင် စတင်ရောင်းချပေးမည်ဖြစ်ပြီး (၃-၁-၂၀၂၀)ရက် (၁၆:၃၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရမည် ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ကယားပြည်နယ်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးရုံး၊ လွိုင်ကော်မြို့၊ ဖုန်း-၀၈၃-၂၁၀၄၀၊ ၀၈၃-၂၁၅၂၃တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဒုတိယညွှန်ကြားရေးမှူးရုံး**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**ကယားပြည်နယ်၊ လွိုင်ကော်မြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ပစ္စည်းများအား တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | အကြောင်းအရာ |
|---|---|---|
| က | 33(T)/DPTSC (PTP)/19-20 | ၂၃၀ ကေဗွီ ဒေါင်းရွေး-ရွှေစာရံဓာတ်အားလိုင်း(၈) မိုင်အတွက် လိုအပ်သောပစ္စည်းများ ဝယ်ယူရန်။ DDP (At Site)Kyat |
| ခ | 34(T)DPTSC (PTP)/19-20 | ၂၃၀ ကေဗွီ အရှေ့ဒဂုံ-လှော်ကား ဓာတ်အားလိုင်း(၁၇) မိုင်နှင့် ဓာတ်အားခွဲရုံစီမံကိန်းအတွက် လိုအပ်သောပစ္စည်းများ ဝယ်ယူရန်။ DDP (At Site)Kyat |

၂။ အိတ်ဖွင့်တင်ဒါများအား လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်သို့တင်ဒါပိတ်ရက် ၃၀-၁၂-၂၀၁၉ရက် ၁၄:၀၀နာရီ အချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူ နိုင်ပြီး တင်ဒါကြော်ငြာအားဝန်ကြီးဌာန၏ Web=Portal (www.moee.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇- ၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## အကောက်ခွန်ဦးစီးဌာန
## တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး၊ မန္တလေးမြို့
## ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန်အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနတွင် ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံ ပေ(၁၆၄x၂၅) (၆)ခန်းတွဲ (၄)ထပ် သံကူကွန်ကရစ်အဆောက်အအုံ (ရေ၊ မီး၊ မိလ္လာအပါအဝင်) တည်ဆောက်ရေးလုပ်ငန်းကို ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၂-၁၂-၂၀၁၉ ရက်မှ ၃၁-၁၂-၂၀၁၉ ရက်အထိ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၇-၁-၂၀၂၀ရက် (၉:၀၀)နာရီမှ (၉:၃၀)နာရီအထိ တင်သွင်းရန်ဖြစ်ပြီး ၎င်းရက် (၉:၃၀)နာရီတွင် ဖွင့်ဖောက်မည်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသော တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ် ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါရောင်းချမည့် လိပ်စာနှင့်အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် လိပ်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ညွှန်ကြားရေးမှူး
တိုင်းဒေသကြီးဦးစီးမှူးရုံး
အကောက်ခွန်ဦးစီးဌာန
၇၈လမ်း၊ ကျွဲဆည်ကန်(၁)လမ်းထိပ်၊
ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့
ဖုန်း-၀၂-၄၀၇၀၃၂၇၊ ၀၂-၄၀၇၀၃၂၈

၅။ အသေးစိတ်သိရှိလိုပါက အထက်ဖော်ပြပါလိပ်စာနှင့်ဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်လက်ခံရွေးချယ်ရေးကော်မတီ**

## ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရုံးချုပ်)နှင့် တိုင်းဒေသကြီး/ပြည်နယ်/ ခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနများတွင် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) ဓာတ်ခွဲခန်းသုံး စက်ပစ္စည်းကိရိယာများ
(ခ) ရုံးသုံးစက်ပစ္စည်းများ
(ဂ) ရုံးသုံး ပရိဘောဂများ

| | | |
|---|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | ၂၉-၁၁-၂၀၁၉ |
| တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် | - | ၂၉-၁၂-၂၀၁၉ |
| နေရာ | - | အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ နေပြည်တော် |

တင်ဒါဖွင့်မည့်ရက်ကို ထပ်မံကြေညာပါမည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**
**ပြည်ကြီးဇေယျာလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၀၃၅၈၆၊ ၀၆၇-၃၄၀၃၁၇၁**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## Regional Development Project for Poverty Reduction Phase II (Water Sector)
## နည်းပညာနှင့်ဘဏ္ဍာရေးအဆိုပြုလွှာများတင်သွင်းရန် ဖိတ်ခေါ်ခြင်း)

၁။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန JICA ODA Loan (Agreement MY-P17)ဖြင့် ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါမြို့ ရေပေးရေးစီမံကိန်း လုပ် ငန်း များအတွက် အဆိုပြုလွှာများတင်သွင်းရန် တိုင်းရင်းသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

Lot F1: Detailed Design of Township Water Supply Systems

| စဉ် | မြို့အမည် | လုပ်ငန်းအမျိုးအစား | မှတ်ချက် |
|---|---|---|---|
မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၁/သမိုင်း၊ မြေကွက်အမှတ်-၁၂/က၊ ၀.၀၅၈ ဧက၊ မြေကွက်တည်နေရာ တိုက်(၂)၊ အခန်း(၁၁) မြို့ပြအိမ်ရာ(မြောက်)ပြည်လမ်း၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဦးမောင်သွင်(ခ)ဦးသွင်)အမည်ပေါက် မြေပိုင်မြေ ၃/(ခ)သတ်မှတ်မြေအား ISN-၀၄၆၅၇၃၊ ဒေါ်လှလှသန်း(ISN-၀၄၆၅၇၆) အမည်ပေါက်ဖြစ်သူ ဖခင် ဦးမောင်သွင်(ခ)ဦးသွင်မှာ (၁၆-၁၂-၁၉၉၈)ရက်တွင်လည်း အမည်ပေါက်ဖြစ်သူ မိခင်ဒေါ်လှလှသန်းမှာ ၁၉-၆-၂၀၁၇ ရက်တွင်လည်းကောင်း၊ အသီးသီးကွယ်လွန်သွားပါသဖြင့် ၎င်းတို့၏သား/သမီးများဖြစ်ကြသည့် ဒေါ်တင်တင်ရီ ၁၂/မရက(နိုင်)၀၁၉၄၃၉၊ ဒေါ်စန်းစန်းရီ ၁၂/မရက(နိုင်)၀၁၉၄၃၅၊ ဦးဝင်းလှိုင် ၁၂/မရက(နိုင်)၀၀၄၈၂၆၊ ဒေါ်ငွေးငွေးရီ ၁၂/မရက(နိုင်)၁၂၅၄၄၀ တို့မှ ကွယ်လွန်သူမိဘများတွင် သား/သမီးအရင်းများဖြစ်ကြသည့် မိမိတို့မောင်နှမ(၄)ဦးတည်းကိုသာ မွေးဖွားခဲ့ကြောင်း အခြားသား/သမီး မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိကြောင်း မိခင်ဖြစ်သူသည် ဗုဒ္ဓဘာသာကိုးကွယ်သူဖြစ်သော်လည်း ကိတ္တိမသားသမီးများ မွေးစားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း ဖခင်ဖြစ်သူ ဦးမောင်သွင်(ခ)ဦးခင်မောင်သွင်သည် အစ္စလမ်ဘာသာကိုးကွယ်သူဖြစ်သော်လည်း မကွယ်လွန်မီက မည်သည့်သေတမ်းစာတစ်စုံတစ်ရာကိုမျှ ရေးသားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း၊ ဖခင်ဖြစ်သူမှာ ဦးမောင်သွင်(ခ) ဦးသွင်(ခ)ဦးခင်မောင်သွင်ဟု အမည်နာမ်(၃)မျိုးဖော်ပြပါရှိသော်လည်း လူပုဂ္ဂိုလ်အားဖြင့် တစ်ဦးတစ်ယောက်တည်းဖြစ်သည်မှာ မှန်ကန်ပါကြောင်း၊ ဖခင်တွင် တရားဝင်ဇနီးမယားအဖြစ် မိခင်ဖြစ်သူ ဒေါ်လှလှသန်း တစ်ဦးတည်းသာလျှင်ရှိပါကြောင်း၊ အခြားသောဇနီး/မယား တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျန်ရစ်သူသားသမီးများဖြစ်ကြသည့် မိမိတို့မောင်နှမ(၄)ဦးကသာလျှင် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေနှင့်အညီ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြပါကြောင်း၊ မိမိတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်းအမည်ပေါက်သည့် အရောင်းအဝယ်စာချုပ်အမှတ်(၃၆၂/၈၄) (၂၈-၅-၈၄) တို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၆ယ/၈၀၆၈၆ Yunde 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နန်းဦး ၉/တတဥ(နိုင်)၀၉၇၀၁၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/52082၊ Canda 125၊ M/Cယာဉ်လက်ဝယ်ရှိသူ ဦးကျော်မြင့်ဦး ၉/ခမစ(နိုင်)၀၀၀၃၅၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9C/1339 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6L/3422 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၅၅၁၀၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/8655 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွှာသာကြီး)**

## ရန်ကုန်ဗုဒ္ဓတက္ကသိုလ် ၂၀၂၀ ပညာသင်နှစ် ကျောင်းသားသစ်ခေါ်ယူခြင်း

မန္တလေး၊ ရန်ကုန်ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိနိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသနှင့် တက္ကသိုလ်တည်ထောင်သူ ဆရာကြီးဦးမြင့်ဆွေ (မဟာဝိဇ္ဇာလန်ဒန်)တို့သည် ပြည်တွင်းပြည်ပ သာသနာပြုပညာရှင်များပေါ်ထွန်းလာအောင် ခေတ်မီနည်းစနစ်ဖြင့် ကမ္ဘာ့အဆင့်မီသင်ကြားပေးရန် ရန်ကုန်ဗုဒ္ဓတက္ကသိုလ်ကြီးကို ၂၀၀၄ခုနှစ်က ကြည့်မြင်တိုင်မြို့နယ်တွင် တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။

**၂၀၂၀ ပညာသင်နှစ်သို့ တက်ရောက်လိုသော-**

(၁) ပထမကြီးအောင် ဓမ္မာစရိယအဆင့်ရှိ ပုဂ္ဂိုလ်များသည် Diploma (P.S.E) ပါဠိ၊ သက္ကတ၊ အင်္ဂလိပ်စာနှင့် ဗုဒ္ဓဓမ္မသင်တန်းသို့ တက်ရောက်နိုင်သည်၊ 2x1½ ဆိုဒ်အရွယ်ရှိ ကာလာ ဓာတ်ပုံသုံးပုံ၊ ပထမကြီးအောင်လက်မှတ်မူရင်းနှင့် မိတ္တူတစ်စောင် အောင်လက်မှတ်မရသေးပါက ခိုင်လုံသည့်အထောက်အထား (ထောက်ခံစာ) တင်ပြရမည်။ B.A (Indo-Aryan) ဘာသဗေဒဆေဓမ္မာစရိယဘွဲ့၊ M.A (Indo-Aryan) ဘာသဗေဒဆေဓမဟာဓမ္မာစရိယဘွဲ့ဟူသော အဆင့်မြင့်တန်းများကို တက်ရောက်ခွင့်ရှိသည်။

(၂) ပထမကြီးမအောင်မြင်သော ရဟန်း၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များသည် Diploma (P.A.B.E) (ပါဠိ၊ အဘိဓမ္မာ၊ ဗုဒ္ဓဘာသာ၊ အင်္ဂလိပ်စာ)တန်းသို့ တက်ရောက်နိုင်ပါသည်။ ဆက်လက်၍

Diploma (P.S.E) (၂ နှစ်)၊ B.A (Buddhism) (၂နှစ်)၊ M.A (Buddhism) (၃နှစ်) ဗုဒ္ဓသာသနာပြုဘွဲ့အတန်းများကို တက်ရောက်ခွင့်ရှိသည်။ 2x1½ ဆိုဒ်ကာလာဓာတ်ပုံ သုံးပုံနှင့်အတူ ၁၃၈၁ ခုနှစ် နတ်တော်လပြည့်ကျော် ၁ရက် ၁၁-၁၂-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ မော်ကွန်းထိန်းဌာနသို့ တင်သွင်းကြရမည်။

အောက်ပါမန္တလေး ရန်ကုန်ဗုဒ္ဓတက္ကသိုလ်ကြီးများ၏ ပညာရေးဌာနခွဲများတွင်လည်း တက်ရောက်သင်ယူနိုင်သည်။

၁။ ထားဝယ်ဗုဒ္ဓကောလိပ်(မြို့မယဉ်ငေး) ဖုန်း-၀၉-၄၂၂၅၄၇၈၆၃
၂။ ဗုဒ္ဓကောလိပ်(စစ်ကိုင်းအုန်းတော) ဖုန်း-၀၉-၄၀၁၅၈၆၈၃၅
၃။ သဘာ၀ဗုဒ္ဓကောလိပ် (သန်လျင်) ဖုန်း-၀၉-၇၉၉၆၄၆၀၄၉
၄။ ဇ၀နဗုဒ္ဓကောလိပ်(ကျိုက်လတ်) ဖုန်း-၀၉-၈၉၂၅၀၀၉၉၀
၅။ ဗုဒ္ဓကောလိပ်(ကြို့ကုန်း) ဖုန်း-၀၉-၄၅၀၀၂၈၀၉၉

**ရန်ကုန်ဗုဒ္ဓတက္ကသိုလ်**
**သာခုပရိယတ္တိစာသင်တိုက်၊ နတ်စင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၇၅၄၂၄၉၀၊ ၀၉-၄၅၀၀၂၈၀၉၉၊ ၀၉-၄၂၀၂၅၈၅၃၃**
**မော်ကွန်းထိန်းဌာန၊ ရန်ကုန်ဗုဒ္ဓတက္ကသိုလ်**




ကလေးနာမည်ပေး ဆရာကြီး
ရာဇာဇော်ဝင်း
(LL.B.)(WIPO,DL-101Switzerland)
ကလေးနာမည်ပေးကင်ပွန်းတပ်အိမ်ရောင်းထွက်ဖို့ထိပေါက်မပေါက်
01-399426,01-394727,09-73009994,09-5152521
လူကြီးလိုရာမေးကိုယ်ဝန်ဆောင်ရက်ရွေး တိုက်အမှတ်(၉)၃ထပ်၊စဂုလမ်းမင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့


## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9M/9228 Forland BJ3042 D8PF A-E2/Dump Truck ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသန်းထွန်း ၁၀/ကမရ(နိုင်)၁၁၅၄၆၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ခြံရောင်းမည်

ညောင်နှစ်ပင်အထူးဇုန်(၂) စိုက်ပျိုးမြေကေ(၂၀) နှစ်(၃၀) ဂရန်အမည်ပေါက်၊ ခရိုင်ချင်းဆက်ကွန်ကရစ် လမ်းမဘေးထောင့်ကွက်၊ တစ်ထပ်တိုက်(၁)လုံးပါ၊ ရေ၊ မီးအစုံ (ညှိနှိုင်းဈေး)

**ဖုန်း-၀၉-၄၃၀၉၈၁၇၄**

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ် ၁၉၉၄(ပြင်) မကျိုးပြင်ကွင်း ဦးပိုင်အမှတ်(N-၂၇၁) မြေဧရိယာ ၅ဒသမ၀၉၄ကေရှိ မြေအား ဒေါ်ဝါဝါပြုံး အမည်ဖြင့် မြေငှားဂရန်(အသစ်)လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်ခရိုင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1G-5732 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ကန့်ကွက်နိုင်ပါကြောင်း

လယ်ဝေးမြို့၊ အမှတ်(၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၇/မင်းဝိုင်းရပ်၊ ဦးပိုင်အမှတ်(၇-က)၊ မြေဧရိယာ ၀ဒသမ၀၈၂ကေရှိ ဦးအစ္စမန်အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးညွန့်အောင်(ဘ)ဦးအစ္စမန် ၉/လဝန(နိုင်)၀၅၁၄၈၄မှ ပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်ထောက်ခံချက်မူရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀/ရွှေပေါက်ကံ၊ မြေကွက်အမှတ်-၁၈၅၊ မြေကွက်တည်နေရာအမှတ်(၁၈၅)၊ ဦးအောင်ဇေယျလမ်း (၂၀/ရွှေပေါက်ကံ) ဒေါ်ခင်ချိုလတ်(TKI-၀၁၆၀၂၂) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား (မိခင်) ဒေါ်ခင်ချိုလတ်သည်(၂၀-၂-၂၀၀၇) ရက်တွင် လည်းကောင်း၊ (ဖခင်) ဦးသန်းထွန်းသည်၉-၅-၁၉၈၉ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ဦးမင်းထွန်းဦး ၁၂/ကတတ(နိုင်)၀၀၆၃၀၁၊ ဦးမင်းရဲထွန်း ၁၂/ကတတ(နိုင်)၀၀၆၃၀၂၊ ဒေါ်မေလွင်ဦး ၁၂/ကတတ(နိုင်)၀၀၆၃၀၃၊ ဦးဇော်မင်းထွန်း ၁၂/ကတတ(နိုင်)၀၀၂၄၀၆၊ ဒေါ်မေလွင်ချို ၁၂/ကတတ(နိုင်)၀၀၂၄၀၇ တို့မှ သားသမီးများတော်စပ်ကြောင်း မရမ်းကုန်းမြို့နယ်တရားရုံး ကျမ်းကျိန်လွှာ အမှတ်-၄၂၀၃/၁၉၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ အမည်ပေါက်ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## မြန်မာနိုင်ငံဓာတ်ပုံအသင်း (MPS) နှင့် ဒုတိယအကြိမ်ကျင်းပသော ဓာတ်ပုံပြိုင်ပွဲဖြစ်သည့် 2nd MPS Salon ပြိုင်ပွဲဝင်များအား တောင်းပန်ခြင်း

ကျွန်တော်တို့ MWS Co.,Ltd. သည် မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ ပြိုင်ပွဲ Website နှင့် ယခုကျင်းပနေသည့် 2nd MPS Salon Online ပြိုင်ပွဲကို တာဝန်ယူနေသော ကုမ္ပဏီဖြစ်ပါသည်။

အဆိုပါ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဓာတ်ပုံများကို သိမ်းဆည်းသည့် Server Error ဖြစ်သွားပါသဖြင့် ပြိုင်ပွဲကျင်းပမှု နှောင့်နှေးကြန့်ကြာသွားခြင်းအပေါ် ကျွန်တော်တို့ MWS Co.,Ltd. မှ မြန်မာနိုင်ငံဓာတ်ပုံအသင်းနှင့် ပြိုင်ပွဲဝင်အသင်းသား အသင်းသူများနှင့် ပြင်ပပြိုင်ပွဲဝင်များအား တောင်းပန်အပ်ပါသည်။

ဤပြိုင်ပွဲအား အမြန်ဆုံးဆက်လက်ကျင်းပနိုင်ရေးအတွက်နှင့် ပြိုင်ပွဲဝင်ကြေးများကိုလည်း စိုက်ထုတ်ကျခံပေးသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**MWS Co.,Ltd.**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၁ယ/၉၇၈၄၀ Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဦး ၁၂/ခရန(နိုင်)၀၇၉၈၅၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2I/6874 Hino XZU 411 Van ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်မြင့် ၁၄/ပသန(နိုင်)၁၅၈၂၆၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၀၅၅ကေရှိ ဦးပိုင်ကြီး ၈/ခမန(နိုင်)၀၀၄၇၆၃ (ဘ)ဦးဘတင် အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် ပ-၃၄၆၅၈ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၉၄၃/၁၁-၈-၂၀၁၇ ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဦးအောင်ကျော်ဦး ၉/အမရ(နိုင်)၀၀၃၈၅၅(ဘ)ဦးအောင်နိုင်မှ ဦးသိန်းဇော် ၉/မထလ(နိုင်)၁၀၆၈၂၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်နေ့မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉A၊ မြေကွက်အမှတ်-၄၇၉+၄၈၂၊ အကျယ်အဝန်း(အလျား၈၀'xအနံ၆၀')၊ ၄၈၀၀ စတုရန်းပေ၊ ဧရိယာ ၀ဒသမ၁၁၀ကေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်၊ လိပ်စာအခေါ်အားဖြင့် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉-A)ရပ်ကွက်၊ မေတ္တာလမ်းနှင့် သစ္စာ(၁)လမ်းထောင့်၊ အမှတ်(၄၇၉+၄၈၂)ဟုခေါ်တွင်သော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သက်ထားဝင့် ၁၂/သဃက(နိုင်)၁၈၄၂၇၃ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပြတ်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း တိကျခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချောနု(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၂၉၁)(၁၀-၁-၂၀၁၉)**
**တိုက်အမှတ်(၇)၊ ဆေးရုံလမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း ၀၉-၄၂၀၀၀၄၆၆၁**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ အထက (၇) ကွယ်လွယ် သတ္တမတန်း(B) မောင်ထူးချွန်ချစ်၏ ဖခင်အမည်မှန်မှာ စောဖိုးချစ် ၁၄/မမန(နိုင်) ၂၅၄၀၅၆ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ တောင်ဖီလာရပ်ကွက်နေ မောင်ပေါင်ဒိုးထောင်၏ဖခင် ဦးခမ်ခင်းထန် ၄/တတန(နိုင်)၀၀၈၁၀၁ နှင့် ဦးခင်ခမ်းထန်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးခမ်ခင်းထန်(ခ)ဦးခင်ခမ်းထန်**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ညောင်ပင်သာရပ်ကွက်၊ နယ်မြေ(၅) နေ ဦးတင်သန်း-ဒေါ်စန္ဒာဦးတို့၏ သမီး မနီလာအောင် ၅/ကလထ(နိုင်)၃၁၄၀၉၈ အား ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။(**စုံစမ်းမေးမြန်းခြင်းသည်းခံပါ**)

**ဦးတင်သန်း-ဒေါ်စန္ဒာဦး**
**ကလေးမြို့**


ကံမကောင်းလျှင် ကံကောင်းအောင်၊ မကြီးပွားလျှင် ကြီးပွားအောင် ကြံဆောင်လိုသူများအတွက် -
၂၀၂၀-ခုနှစ်
စံ-ကာလ်ဘို
၁၂ - ရာသီဟောကိန်း
City Mart, Ocean, Capital, Orange, Sein Gay Har, Super One ဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။
အဆောင်လက်ဖွဲ့ပစ္စည်းများကိုလည်းဝယ်ယူရရှိနိုင်ပါသည်။
ထွက်ပြီ
ပင်ရင်းဖြန့်ချိရေး
အမှတ်-၂၈၆(မြေညီထပ်)၊ လမ်း-၄၀(အထက်)၊ ရန်ကုန်မြို့။
ဖုန်း -၀၁ ၇၀၉၀၃၂၊ ၀၁၈ ၃၉၁၁၆၉၊ ၀၉-၄၂၈၆၁၀၄၈၈၊ ၀၉-၅၀၄၄၅၇၉
မန္တလေးဖြန့်ချိရေး
လူထုကြီးပွားရေးစာအုပ်တိုက် အမှတ်-၂၂၁၊ ၈၄-လမ်းနှင့် ၃၃-လမ်းထောင့်၊ မန္တလေးမြို့။
ဖုန်း -၀၂ ၄၀၃၉၇၁၇၊ ၄၀၆၀၁၃၆


## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်-၁၅၈နှင့်ဆက်သွယ်သည့်**
**၂၀၁၉ခုနှစ် တရားမဇာရီမှုအမှတ်-၉၇**

ဦးလွင်လွင်အောင်(ခ)ဦးအောင်ကျော်ဇော **နှင့်** ၁။ ဒေါ်တင်တင်လှိုင်
၂။ ဗိုလ်မှူးချုပ်ဇော်ထွန်း

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၄)ရပ်ကွက်၊ မနော်ဟရီလမ်း၊ အမှတ်(၁၁၁)နေ (၁)တရားရှုံးဒေါ်တင်တင်လှိုင်နှင့် မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ(၁၀)လမ်း၊ အမှတ်(၄၀၁)နေ (၂)တရားရှုံးဗိုလ်မှူးချုပ်ဇော်ထွန်း(ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်-၁၅၉တွင်ကျရှိသည့် ဒီကရီအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးလွင်လွင်အောင်(ခ)ဦးအောင်ကျော်ဇောက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူအခွင့်အရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၉ခုနှစ် ဒီဇင်ဘာ ၅ရက် (၁၃၈၁ခုနှစ် နတ်တော်လဆန်း ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၈ခုနှစ် နိုဝင်ဘာ ၁၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရှုပဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၅ယ/၈၄၀၁၃ Yamaha Fz150 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်အေး ၉/ရမသ(နိုင်)၀၄၇၁၉၉က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊(နေပြည်တော်ရုံး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AA/7732 Nissan AD VAN S/W (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးထိန်လင်းကျော် ၉/မမန(နိုင်)၀၄၀၅၀၇က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်မ ဒေါ်တင်ဝါဝါစိုး ၈/မကန(နိုင်)၁၁၆၂၅၆နှင့် ခင်ပွန်းဖြစ်သူ ဦးမျိုးမင်းလတ် ၇/ရတရ(နိုင်)၀၈၆၄၄၅ တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ၂၅-၁၀-၂၀၁၉ရက်တွင် ဒဂုံမြို့နယ်တရားရုံး၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်တင်ဝါဝါစိုး**
**၈/မကန(နိုင်)၁၁၆၂၅၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ဘုန်းစိုးရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၆၇၊ ဇောတိက)၊ ဦးပိုင်အမှတ် (၁၀၂)၊ ဧရိယာ ၀ဒသမ၁၀၀ကေရှိမြေအား ဒေါ်ထွေးညွန့် အမည်ဖြင့် မြေငှားစာချုပ် (အသစ်) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ဘုန်းစိုးရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၆၈၊ ဇောတိကအနောက်)၊ ဦးပိုင်အမှတ် (၂၁၇)၊ ဧရိယာ ၀ဒသမ၀၆၀ကေရှိမြေအား ဦးအောင်ကျော်ဦး အမည်ဖြင့် မြေငှားစာချုပ် (အသစ်) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## မိဘအမည်မှန်

ပေါင်မြို့နယ်၊ အထက(ခွဲ) ဥတ္တံတားကျောင်း နဝမတန်းမှ မောင်ရဲဟိန်းထက်၏ မိဘအမည်မှန်မှာ ဦးအောင်ဖြိုး ၁၀/ပမန(နိုင်)၁၅၆၀၃၀ နှင့် ဒေါ်လှမြင့် ၁၀/ပမန(နိုင်)၀၁၂၂၂၇ ဖြစ်ပါကြောင်း။

**ဦးအောင်ဖြိုး-ဒေါ်လှမြင့်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပေါင်မြို့နယ်၊ ပန်းကုန်းကျေးရွာနေ (ဘ)ဦးမန်းနီး၏သား ဦးကဲစကား(ခ) ဦးကျော်ခိုင် PAG -၁၅၀၃၃၇မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကဲစကား(ခ)ဦးကျော်ခိုင်**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/5928 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7K/7602 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(နေပြည်တော်ရုံး)**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7C/8018 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9D/4598 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2M/9912 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊ခရိုင်ရုံး(သာယာဝတီ)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်6G/4889 KIA Sportage S/W(4x2) အမည်ပေါက် ဒေါ်ရှီရန်ရှီး ၁၃/ကလတ(နိုင်)၀၀၅၉၉၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7K/8973 Toyota Crown S/L(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်း ၇/ရတန(နိုင်)၀၀၂၇၅၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ဦးထွန်းတင်(ကျုံပျော်)
**EPC(ငြိမ်း)**
**အသက်(၉၆)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နေ (ဦးထွန်းမြတ်-ဒေါ်လှခင်)တို့၏သား၊ (ဦးဘိုးမြင့်-ဒေါ်စောခင်)တို့၏သားသမက်၊ (ဒေါ်သန်းစိန်)၏ခင်ပွန်း၊ (ဦးအောင်မြင့် သိန်း)၊ ဒေါ်ရင်မြင့်၊ ဦးအောင်ကြည်-ဒေါ်ချိုချို၊ ဦးချိုပို-ဒေါ်တူးတူး၊ ဦးအောင်ငွေး-ဒေါ်လှလှငွေး တို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၇-၁၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၁၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ် B-၉၄/၂၊ Golden Twin House နဝဒေးအိမ်ရာ၊ လှိုင်သာယာမြို့နယ်နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃-၁၂-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါအမှတ် B-၉၄/၂၊ Golden Twin House နဝဒေးအိမ်ရာ၊ လှိုင်သာယာမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးငွေးလှိုင် (ချောက်မြို့)
**ကျန်းမာရေးမှူး(ငြိမ်း)**
**အသက်(၇၇)နှစ်**

ဦးအေးမောင်-ဒေါ်ခင်တင့်တို့၏သား၊ ဒေါ်ဝင်းရွှေ(ငြိမ်း၊ သားဖွားဆရာမ)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးငွေးနိုင်-ဒေါ်ခင်သန်းတင်တို့၏အစ်ကို၊ ဦးသန့်ဇော်ငွေး (မြောက်ကျွန်းသူ မမကုမ္ပဏီ)၊ ဦးမျိုးကျော်ငွေး(E/E)-ဒေါ်ယုယုနွယ်၊ ဒေါ်နီလာဝင်း (MMRD)၊ ဦးဖုန်းကိုငွေး(2nd mate)၊ဒေါ်ဇာနည်လှိုင်တို့၏ချစ်လှစွာသောဖခင်ကြီး၊မချိုဇင်လင်း၏ချစ်လှစွာသောအဘိုးသည် ၂၈-၁၁-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(အမှတ် ၃၁၉/ခ၊ က/၅လမ်း၊ အင်းစိန်မြို့သစ်ဈေးအနီး၊ အင်းစိန်မြို့နယ် နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၁၂-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့)နံနက်၇နာရီမှ ၁၁နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## သာစုကီဋ္ဌန အန္တိမအဂ္ဂိစျာပနပူဇော်ပွဲ
## ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ
### သက်တော်(၈၄)နှစ်၊ သိက္ခာတော်(၆၄)ဝါ

ဘဝနတ်ထံ ပျံလွန်တော်မူလေပြီးသော ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ သဒ္ဓမ္မဂရု(ပုသိမ်)ကျောင်းတိုက်ဦးစီးပဓာန နာယက၊ နိုင်ငံတော်သြဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ပရိယတ္တိသာသနဟိတဓရ မဟာထေရ်မြတ်၏ ဥတုဇ ရုပ်ကလာပ်တော်အား ရခိုင်တို့ရိုးရာအစဉ်အလာနှင့်အညီ မြေစိုက်၊ စံကျောင်း၊ စံချိန်၊ ကရဝိက်ဖောင်တော်(ဆွဲတလား)စသည်များဖြင့် သာစုကီဋ္ဌန အန္တိမအဂ္ဂိစျာပနပူဇာသဘင်ကို ၁၃၈၁-ခု၊ နတ်တော်လပြည့်ကျော်(၉၊ ၁၀၊ ၁၁)ရက် (၂၀၁၉- ဒီဇင်ဘာ ၂၀၊ ၂၁၊ ၂၂)ရက်နေ့ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ပူဇော်ကျင်းပမည်ဖြစ်၍ ရပ်ဝေးရပ်နီးမှ တပည့်၊ ရဟန်း၊ သံဃာတော်များ ဒါယကာ၊ ဒါယိကာမများအား အသိပေး ပင့်ဖိတ်အပ်ပါသည်။

**သာစုကီဋ္ဌနပူဇာဖြစ်မြောက်ရေးကော်မတီ**
**တပည့်၊ ဒါယကာ၊ ဒါယိကာမများ**
**သဒ္ဓမ္မဂရု(ပုသိမ်)ကျောင်းတိုက်၊ စစ်တွေမြို့**

# အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါ်စံ
# အသက်(၉၇)နှစ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်-ဒေါ်ခင်ငွေးတို့၏မိခင် (ဦးတင်မောင်)၏ဇနီး ဒေါ်စံ အသက်(၉၇)နှစ်သည် ၂၇-၁၁-၂၀၁၉ရက် ည ၂၃:၃၀ နာရီတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ မြနန်းစံရာလမ်း၊ အိမ်အမှတ်(၂၇)နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**
**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စံ
**အသက်(၉၇)နှစ်**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဦးငွေးဝင်း၏ချစ်လှစွာသောမိခင်ကြီး ဒေါ်စံ အသက်(၉၇) နှစ်သည် ၂၇-၁၁-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့)တွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဧရာဝတီတိုင်းဒေသကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ကွပ်ကဲမှုအောက်ရှိဦးစီးဌာနများနှင့်**
**လုပ်ငန်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကပ္ပတီလ်
### ချင်းပြည်နယ်ဥပဒေချုပ်(၂၀၁၁-၂၀၁၆)
**အသက်(၈၀)**

ချင်းပြည်နယ်ဥပဒေချုပ်(၂၀၁၁-၂၀၁၆)ဦးကပ္ပတီလ် အသက်(၈၀)သည် ၂၆-၁၁-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ချင်းပြည်နယ်ဥပဒေချုပ်ဦးထန်ကျုံးနှင့်**
**ချင်းပြည်နယ်ဥပဒေချုပ်ရုံးမှ အရာထမ်းအမှုထမ်းများ**

## ဦးဇော်ဝင်း
**Senior Project Manager**
**(Jakasago Thermal Engineering Co., Ltd)**
**အသက်(၄၁)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သရက်ကုန်းကျေးရွာနေ (ဦးသောင်းရွှေ)-ဒေါ်ဝင်းကြည်တို့၏သား၊ မသီသီဝင်း၏မောင်၊ ပဲခူးမြို့နေ ကိုမောင်မောင်လွင်-မမြင့်မြင့်အေးတို့၏ ညီ/မောင်၊ မသီသီလွင်၏အစ်ကို၊ ရန်ကုန်မြို့နေ ဦးခင်မော်-ဒေါ်သန်းဝင်းတို့ ၏သားသမက်၊ အမှတ် ၁၂၀၊ ပြည်တော်အေးလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်နေ ဒေါ်ဝတ်ရည်မော်၏ခင်ပွန်း၊ မောင်ကောင်းပြည့်စုံ၊ မအိန္ဒြာဖူးဝေတို့၏ ဖခင်သည် ၂၇-၁၁-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၁-၂၀၁၉ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြား အပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စံ
**အသက်(၉၇)နှစ်**

နေပြည်တော်၊ဇမ္ဗူသီရိမြို့နယ်၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ မြနန်းစံရာလမ်း၊ အိမ်အမှတ် ၂၇နေ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်-ဒေါ်ခင်ငွေးတို့၏မိခင် ဒေါ်စံ သည် ၂၇-၁၁-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) ည ၂၃:၃၀နာရီတွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ကြီးရုံး၊ ဝန်ထမ်းမိသားစု**
**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်မြမြ (ဘိုကလေး)
**အသက်(၉၀)**

ဘိုကလေးမြို့နေ (ဦးသိန်း-ဒေါ်ညွန့်ညွန့်)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)လမ်း၊ အမှတ်(၄က/၁)နေ သရေစည်သူ ဦးအေးမောင် (နိုင်ငံတော်ရှေ့နေချုပ်-ငြိမ်း)၏ ဇနီးသည် ၂၆-၁၁-၂၀၁၉ (အင်္ဂါနေ့) ညနေ ၆:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သူရ ဦးမြင့်မောင်(ပြည်ထောင်စုဝန်ကြီး-ငြိမ်း) နှင့် ဇနီး ဒေါ်အေးအေးထွန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စံ
**အသက်(၉၇)နှစ်**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ မြနန်းစံရာလမ်း၊ အိမ်အမှတ်(၂၇)နေ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်-ဒေါ်ခင်ငွေးတို့၏မိခင် ဒေါ်စံ သည် ၂၇-၁၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ည ၂၃:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဝန်ထမ်းမိသားစု**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စံ
**အသက်(၉၇)နှစ်**

နေပြည်တော်၊ဇမ္ဗူသီရိမြို့နယ်၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ မြနန်းစံရာလမ်း၊ အိမ်အမှတ် ၂၇နေ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ သန်းမြင့်-ဒေါ်ခင်ငွေးတို့၏မိခင် ဒေါ်စံ သည် ၂၇-၁၁-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) ည ၂၃:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

**စားသုံးသူရေးရာ ဦးစီးဌာန၊ ဝန်ထမ်းမိသားစု**
**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## ဘုရား၊ ရဟန်း ဒါယကာကြီး
## ဦးအေးသောင်း
### (တောင်သူလယ်သမားအစည်းအရုံး)
**အသက်(၇၁)နှစ်**

ရန်ကုန်မြို့နေ(ဦးသောင်း-ဒေါ်ခင်ရီ)တို့၏သားကြီး၊(ဦးလှချစ်-ဒေါ်နှင်းညွန့်)တို့၏ သားသမက်၊ (ဦးအုန်းသွင်)-ဒေါ်အေးအေး၊ ဒေါ်ဖြူဖြူ၊ ဥူးမေဓါ(ခ)ဦးဘိုဘို၊ ဒေါ်ထူးထူးတို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ပုလဲလမ်း၊ အမှတ် (၁၈)၄လွှာနေ ဒေါ်မြင့်အေး(ထ-ပြ၊ ငြိမ်း၊ အထက-၃၊ တောင်ဥက္ကလာ)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုမာတင်-မဆုယဉ်ဝင်း၊ ကိုအောင်သော်သော်-မဆုယဉ်မွန်တို့၏ကျေးဇူးရှင်မွေးသဖခင်၊ မနှင်းအိန္ဒြာလှိုင်၊ မဆုမြတ်ဖြူစင်၊ မောင်လင်းမြတ်သူတို့၏ အဘိုးသည် ၂၇-၁၁-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၁-၂၀၁၉ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ပုလဲလမ်းနေအိမ်မှ ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသိန်းလွင်
**အသက် (၆၄)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးလမ်း၊ အမှတ်(၆၄)နေ (ဦးနန်း-ဒေါ်ကျော့)တို့၏သားလတ်၊ (ဦးအုန်းမောင်-ဒေါ်အေးကြိုင်)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်သန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်စွာဦး၊ (ဦးထိန်လင်း)-ဒေါ်ဥမ္မာသန်းတို့၏ ကျေးဇူးရှင်မွေးဖခင်၊ မောင်ငြိမ်းချမ်းကျော်လွင်၊ မောင်အေးချမ်းဘိုဘို-မအိငြိမ်းမြတ်၊ မရွှေယမင်းဦးတို့၏အဘိုးသည် ၂၅-၁၁-၂၀၁၉ရက် နံနက် ၉:၂၅ နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁၁-၂၀၁၉ရက် (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 4H/6930 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်**

## ဖောင်းကြွနံပါတ်ပြားပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/1131 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 3L/3355 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကြွယ်
**အသက်(၇၈)နှစ်**

ဦးစိုးမင်း၊ ညွှန်ကြားရေးမှူး၊ ကညန(ကလ) ရန်ကုန်တိုင်းဒေသကြီး၊ ဒေါ်ဝင့်ဝင့်နိုင်တို့၏မိခင်ကြီး ဒေါ်ကြွယ်သည် ၂၄-၁၁-၂၀၁၉ရက်တွင်ဝေါမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန၊**
**ရန်ကုန်တိုင်းဒေသကြီး**

## ဦးသိန်းလွင်(ခ)ဦးပေါက်ဖော် (ကြည့်မြင်တိုင်)
**အသက် (၆၄)နှစ်**

ရန်ကုန်မြို့နေ(ဦးနန်း-ဒေါ်ကျော့)တို့၏သား၊ ဈေးကြီးလမ်း၊ အမှတ်(၆၄)နေ ဒေါ်မြင့်မြင့်သန်း၏ခင်ပွန်း၊ ဦးမြင့်မောင်-ဒေါ်ဖြူဖြူသန့်၊ (ဦးမျိုးဇော်)-ဒေါ်ခင်မိမိတို့၏ ညီ/မောင်၊ ဦးသိန်းကျော်(ခ)ဦးကျော်နီ၊ ဦးသိန်းတန်-ဒေါ်တင်တင်လှတို့၏အစ်ကို၊ ကိုသက်ခိုင်-မအေးအေးခိုင်၊ (ကိုလှမိုး(ခ)ဖိုးဖြူ)၊ ကိုနေလွင်-မစုမြတ်ခိုင်တို့၏ဦးလေး၊ ကိုစံသီဟ၊ မဖြူစင်မေသူတို့၏ဘကြီး၊ မယွန်းမြတ်နေလွင်၊ မမြေတ်နေလွင်တို့၏ ဘိုးဘိုးကြီးသည် ၂၅-၁၁-၂၀၁၉ ရက် (တနင်္လာနေ့) နံနက် ၉:၂၅ နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁၁-၂၀၁၉ရက် (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

## ဦးဝင်းကြည်
### သထုံမြို့
### အသက်(၇၆)နှစ်

သထုံမြို့နေ (ဦးစိုးတင်-ဒေါ်ကြည်)(ဆိုရှယ်ပုံနှိပ်တိုက်)တို့၏သား၊ ပဲခူးမြို့နေ (ဦးဘငွေး-ဒေါ်သန်းကြည်)တို့၏သားသမက်၊ (ဒေါ်အေးသွင်)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးမြင့်ဆွေ-ဒေါ်တင်တင်ကြည်)တို့၏မောင်၊ (ဦးဟန်စိန်)-ဒေါ်ချိုချိုဝင်း၊ ဒေါက်တာ စောနိုင်ဝင်း-ဒေါက်တာခင်သန်းဝင်း၊ ဒေါ်မြင့်မြင့်မူခိုင်၊ (ဦးမျိုးညွန့်)၊ ဦးသန်းငွေး၊ (ဦးခင်မြင့်)-ဒေါ်မြင့်မြင့်ကြူခိုင်တို့၏အစ်ကို၊ ရန်ကုန်မြို့နေ ဦးမိုးကြည်-ဒေါ်ကေသီဟန်၊ ဦးဇော်မင်းထွန်း-ဒေါ်အေးပပဝင်းတို့၏ချစ်လှစွာသောဖခင်၊ မောင်ဇေခန့်ဖုံ၊ မမြဖူးဖူးစံ၊ မသက်ထားဇော်၊ မသက်ဆုတို့၏ ချစ်လှစွာသောအဘိုးသည် ၂၇-၁၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆:၁၅နာရီတွင် ကန်တော်ကလေးနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁၁-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကန်တော်ကလေးနေအိမ်မှ ကားများနံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဦးခင်ရွှေ
### အသက်(၈၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နေ (ဦးမောင်တင်-ဒေါ်မျှင်)တို့၏သား၊တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သုခလမ်း၊ အမှတ်(၆၂)၊ (၃)လွှာ(ဘီ)နေ (ဒေါ်ထွေးတင့်)၏ခင်ပွန်း၊ ဒေါ်ခင်ထွေးဦး(စက်မှုသီးနှံ)အင်းတကော်၊ ဦးအေးလွင်-ဒေါ်မြင့်မြင့်ကြည်(လှသရဖူဇာဘော်လီ)မင်္ဂလာဈေး၊ ဒေါ်သက်မာခင် (လ.ဝ.က)ကရင်ပြည်နယ်၊ ဦးစောထွန်း(Air Thanlwin) - ဒေါ်မိုးမိုးရီ (ဟိုတယ်/ခရီး)ထားဝယ်တို့၏ ဖခင် ဦးခင်ရွှေသည် ၂၈-၁၁-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက်၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၁၉ ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအား ရည်စူး၍ ၄-၁၂-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက်တွင် သုခလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးစိုးဝင်းထွန်း
### ရွှေပင့်ကူ II
### စားတော်ဆက်
### (တောင်ဒဂုံ)
### အသက်(၅၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်နေ ဦးထွန်းရည် - (ဒေါ်ဝင်းကြိုင်) (ရွှေပင့်ကူ-စားတော်ဆက်)တို့၏သား၊ တောင်ဒဂုံမြို့နယ်၊ (၁၉)ရပ်ကွက်နေ ဦးစန်းဝင်း-ဒေါ်ခင်လှတို့၏ သားသမက်၊ ဦးဟန်ဝင်းထွန်း - ဒေါ်သင်းသင်းခိုင်တို့၏ညီ၊ ဦးဆန်းဝင်းထွန်း-ဒေါ်မိုးမိုးအောင်၊ ဒေါ်ရီရီဝင်းထွန်း၊ ဒေါ်မီမီဝင်းထွန်း၊ ဗိုလ်ကြီးသန့်ဇင်ဝင်း-ဒေါ်မေဖြိုးသူ၊ ဗိုလ်ကြီးဟိန်းမင်းခန့်-ဒေါ်သင်းသင်းယုတို့၏ အစ်ကို၊ ဒေါ်ခင်ယုဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဖွဲ့သီဟစိုး၊ မသိမ့်သံစဉ်စိုး၊ မောင်ထူးပြည့်အောင်တို့၏ ဖခင်သည် ၂၈-၁၁-၂၀၁၉ ရက် (ကြာသပတေးနေ့) ညနေ ၃:၃၀ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြား အပ်ပါသည်။ (အမှတ် ၈၀၊ စည်ပင်လမ်း၊ (၂၄)ရပ်ကွက်၊ တောင်ဒဂုံနေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီနှင့် တာမွေ၊ ကျောက်မြောင်း (ရွှေပင့်ကူ)နေအိမ်တို့မှ ကားများနံနက် ၁၁နာရီတို့တွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်မေမေစိန်(BABSY GYI)
### အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ အခန်းအမှတ်(၃၀၅)၊ ရွှေဟသ်ာကွန်ဒိုနေ ရာဇဝတ်တရားသူကြီး(ဦးမောင်ကြီး-မင်းကတော်ကြီး ဒေါ်ဒေါ်သန်း)တို့၏ စတုတ္ထမြောက်သမီး၊ (ဦးလှကြည်)(ညွှန်ကြားရေးမှူး၊ မြန်မာ့သတင်းစဉ်၊ နိုင်ငံခြား)၏ဇနီး၊ (ဒေါ် ခင်မေကြည်)(အထပြ၊ ထ-၂ စမ်းချောင်း)၊ ဒေါက်တာမင်းလွင်(ပါမောက္ခ/အတိုင်ပင်ခံခွဲစိတ်အထူးကုဆရာဝန်ကြီး၊ ဂရင်း၌ဟံသာနှင့်ပင်လုံဆေးရုံကြီး)၊ ဒေါ်ခင်ပြုံးရီ(ညွှန်ကြားရေးမှူး-ငြိမ်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန)၊ ဦးသန်းဇော်မိုး(Capt.Ex. DPA)-ဒေါ်လှကေခိုင်တို့၏မွေးသမိခင်၊ ဒေါ်အိရွှေစင်သိန်း(ကထိက၊ အင်္ဂလိပ်စာဌာန၊ NMDC)-ဦးမျိုးဇော်ဦး(ကထိက၊ အင်္ဂလိပ်စာဌာန၊ မအူပင်တက္ကသိုလ်)၊ ဦးဘုန်းမြတ်မင်း(Success Media Group)၊ ဦးအောင်ဇော်မိုး(C.E.O-Hiko-Miniko Co.,Ltd U.S.A)တို့၏အဘွား၊ မောင်ထွဋ်မြတ်ဦး (Gysto College)၏အဘွားသည် ၂၈-၁၁-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁:၃၀နာရီတွင် ၉၆ပါးသောရောဂါဖြင့် ဂရင်း၌ ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၁၉ရက် (စနေနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်အေးအေး(Charlotte)
### (B.A,B.L)
### အဖွဲ့ခွဲမှူး(ငြိမ်း)ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ရုံး
### အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ (၇)ရပ်ကွက်၊ အမှတ်(ဝိုင်)သုခဝတီနေ (ဦးဘဆင့်-ဒေါ်စိမ်းရင်)တို့၏သမီး၊ (ဦးဘညွန့်)(သံအမတ်ကြီး-ငြိမ်း)၏ဇနီး၊ (ဦးအောင်ဆင့်)-ဒေါ်မူမူဝင်းတို့၏ညီမ၊ ဒေါ်မြမြသွင်(ကျောင်းအုပ်ဆရာမကြီး-ငြိမ်း၊ နတ်တလင်းမြို့)၊ (ဦးမောင်မောင်လှ)၏အစ်မ၊ ဒေါက်တာတင်မင်းညွန့်-ဒေါ်ခင်ဝါဝါမော်၊ ဦးတင်လင်းညွန့်-ဒေါ်သင်းသင်းကြည်၊ ဦးဇော် ဝင်းညွန့်-ဒေါ်ခင်စောမြတ်ကြူ၊ (ဦးလှဝင်းညွန့်)၊ ဦးကျော်ကျော်ညွန့်-ဒေါ်မြသီတာမြင့်(ခေတ္တUSA)တို့၏ချစ်လှစွာသောမိခင်၊ ဒေါ်သန်းသန်းလေး၊ ဒေါ်စန်းဖြူဖြူ၊ ဒေါ်သီသီ၊ ဒေါ်ယဉ်ယဉ်-ဦးထိန်လင်းအောင်၊ ဦးလှမြတ်ဦး(နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဂျီနီဗာ)-ဒေါ်မျိုးစန္ဒာတို့၏အဒေါ်၊ ဒေါက်တာအေးမြတ်စန္ဒာဝင်း(ကထိက၊ ကလေးကျန်းမာပညာဌာန၊ ဆေး-၁)-ဒေါက်တာဇင်မျိုးထွန်း(ရန်ကုန် ပြည်သူ့ဆေးရုံကြီး)၊ ဒေါက်တာညွန့်လင်းသန့်-မခိုင်သဇင်ငြိမ်း(ခေတ္တ USA)၊ ဦးရဲမင်းမော်-မအေးပွင့်ဖြူတို့၏အဘွား၊ မကေရီမင်းဇော်၏ ဘွားဘွားကြီးသည် ၂၈-၁၂-၂၀၁၉ရက် နံနက် ၇:၅၀နာရီတွင်အာယုအင်တာနေရှင်နယ်ဆေးရုံ၌ ကွယ်လွန်သွားပါသည်။ သင်္ဂြိုဟ်မည့်ရက်နှင့်အချိန်ကို ထပ်မံကြေညာပါမည်။

**ကျန်ရစ်သူမိသားစု**

## ဗိုလ်ကြီးအောင်လွင်(ငြိမ်း)
### ကပစ-၄
### အသက်(၉၂)နှစ်

ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ပါရမီရိပ်သာ၊ သရဖီလမ်း၊ အမှတ်(၆၇၀)နေ (ဒေါ်ညွန့်ညွန့်)၏ခင်ပွန်း၊ ဦးဝင်းလွင်(ကစလ)၊ ဒေါ်မာမာလွင်၊ ဒေါ်နွယ်နွယ်လွင်တို့၏ဖခင်၊ မောင်ရဲလွင်ကောင်း၊ မသက်အိအောင်တို့၏ အဘိုး ဗိုလ်ကြီးအောင်လွင်(ငြိမ်း)သည် ၂၆-၁၁-၂၀၁၉ရက် ည ၈:၁၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၁၉ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂-၁၂-၂၀၁၉ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြသိန်း
### အသက်(၉၂)နှစ်

ဦးမြင့်ဆန်း(ကော်မတီဝင်၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ)၏မိခင်ကြီး ဒေါ်မြသိန်းသည် ၂၅-၁၁-၂၀၁၉ ရက် နံနက် ၅:၁၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒဂုံဆိပ်ကမ်းစက်မှုမြို့၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ**

## ဒေါ်စံ
### အသက်(၉၇)နှစ်

(ဦးအုံကြီး-ဒေါ်ထွန်းမြင့်)တို့၏သမီး၊ (ဦးတင်မောင်)၏ဇနီး၊ ဒေါက်တာ သန်းမြင့် (ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)-ဒေါ်ခင်ငွေး၊ အင်္ဂပူမြို့နယ်၊ စစ်ကျွန်းရွာနေ ဦးသောင်းမြ-(ဒေါ်ထွေးနု)၊ ဦးငွေးဝင်း (စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့)-ဒေါ်ခင်ခင်ဆွေတို့၏မိခင်၊ မမီမီဦး၊ မောင်မင်းထက်ဇော်တို့၏ အဘွား ဒေါ်စံသည် ၂၇-၁၁-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့) ည၂၃:၃၀နာရီတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဇေယျာသိဒ္ဓိ ရပ်ကွက်၊ မြနန်းစံရာလမ်း၊ အိမ်အမှတ်(၂၇)၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၁၉ရက် မွန်းလွဲ ၂နာရီတွင် ကျွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးစိုးတင်(မြိတ်)
### မြိတ်အသင်းနာယက၊ ကန်တော့ခံပုဂ္ဂိုလ်
### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်း၊ အမှတ် (၁၅) ရပ်ကွက်နေ (ဦးကျော်ရင်-ဒေါ်ဉာဏ်သစ်)တို့၏သား၊ (ဒေါက်တာလွယ်ရှိန်-ဒေါ်ရှုကြည်)တို့၏သားသမက်၊ (ဒေါ်စောလှ)၏ခင်ပွန်း၊ ဒေါ်ကြူကြူစိုး၊ ဦးကျော်မင်းစိုး-ဒေါ်ပြုံးပြုံးသိန်း၊ ဦးလွင်အောင်စိုး-ဒေါ်သင်းသင်းနွယ်တို့၏ဖခင်၊ ဗိုလ်ကြီးစိုးသူအောင်-မတင်ဟေမာန်စိုး၊ မောင်တင်ထက်မင်း၊ မြစ်သုံးယောက်တို့၏အဘိုး သည်၂၈-၁၁-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၁၉ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (မြိတ်အသင်းနှင့်နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကျင်ကြည်(ခ)စောကင်ကီး
### တိုက်ကြီးမြို့
### အသက်(၉၃)နှစ်

တိုက်ကြီးမြို့နေ(ဦးစံရာ-ဒေါ်ကြွေ)တို့၏သမီး၊ ဦးအစွမ်-ဒေါ်ရွက်လှတို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ် ၈၂၊ ကမ်းနားလမ်း၊ အလုံမြို့နယ်နေ (ဦးဘကြိုင်)၏ဇနီး၊ ဦးတင့်လွင်-ဒေါ်ခင်အေးပြုံး၊ ဦးတင့်ရှိန်၊ ဦးအောင်ကြည်-ဒေါ်မို့မို့၊ ဦးချစ်ရင်၊ ဒေါ်အေးအေးကြိုင်၊ ဒေါ်စန်းစန်းမြင့်တို့၏မိခင်၊ ဒေါက်တာ ကျော်ဇေယျာလွင်-Chris Weber ၊ မအိအိဖြိုး- Issy Uddin၊ ဒေါက်တာ မေသန္တာအောင်၊ မေစန္ဒာအောင်တို့၏အဘွားသည် ၂၈-၁၁-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၉:၅၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၁၉ ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဦးတင်စိုး
### (တင်စိုး စာပေ)
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ ဦးဘကျော်လမ်း၊ အမှတ်(၇၂/၉-A)နေ(ဒေါ်နှင်းရွှေ)၏ခင်ပွန်း၊ ဦးအောင်ကျော်စိုး-ဒေါ်အေးသီတာ၊ ဦးထွန်းလင်းသိန်း-ဒေါ်မေနှင်းစိုး၊ ဦးသန်းထွဋ်စိုး-ဒေါ်ဆက်ဆက်တို့၏ချစ်လှစွာသောဖခင်၊ မြေး ငါး ယောက်၊မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၈-၁၁-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၁၂:၂၅ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၁၉ ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြား အပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၁၂-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့)နံနက်၇နာရီမှ ၁၀နာရီအထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးဝင်းတင်ရွှေ(ခ)ဦးတင်ဝင်း
### ခရမ်းမြို့
### နိုဘယ်ဝင်းစက္ကူစက်
### အသက်(၆၆)နှစ်

ခရမ်းမြို့၊ ဗုဒ္ဓဟူးလမ်းနေ (ဦးထွန်းလှ-ဒေါ်ကျင်ရွှေ)တို့၏တစ်ဦးတည်းသောသား၊ ပဲခူးမြို့နေ (ဦးခင်မောင်)-ဒေါ်ကြည် တို့၏သားသမက်၊ အမှတ်(၁၃)၊ အောင်တံခွန်လမ်း၊ နှင်းဆီကုန်းရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်နေ ဒေါ်ခင်စောဦး၏ခင်ပွန်း၊ ဦးကိုကိုမောင်-ဒေါ်ကြည်ပြာဦးတို့၏ဖခင်၊ မငွေစင်သွန်း၏အဘိုးသည် ၂၈-၁၁-၂၀၁၉ ရက် (ကြာသပတေးနေ့) နံနက် ၇:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၁၉ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

### ဝမ်းနည်းကြေကွဲခြင်း
## ကိုရဲဇော်အောင်
### အသက်(၃၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)မိုင်၊ ဝိဇ္ဇာလမ်းနေ ဦးတင်အောင်-(ဒေါ်ဝင်းငွေ)တို့၏သား၊ ကိုဝင်းဇော်အောင်-မအေးသင်း၊ ကိုသက်ဇော်အောင်-မသူဇာတို့၏ညီ၊ မင်္ဂလာတောင်ညွန့်၊ မီးရထားဝင်းနေ ဦးစိုးမြင့်-ဒေါ်ခင်မြမေတို့၏သားသမက်၊ ကိုဝင်းထွန်း-မနိုင်တို့၏ညီ၊ မနီလာဝင်း၏ ချစ်လှစွာသောခင်ပွန်းသည် ၂၇-၁၁-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Myanmar Media Management မိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်သန်း(အိုင်သပြု)
### အသက်(၉၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၀)ရပ်ကွက်၊ ချမ်းသာရွှေပြည်အိမ်ရာ၊ ဆပ်သွားဖူးလမ်း၊ အမှတ်(F ၇၂)နေ (ဦးလှမြင့်)၏ချစ်လှစွာသောဇနီး၊ (ဦးဘချစ်-ဒေါ်လှတင်)တို့၏သမီး၊ (ဦးမျိုးညွန့်)-ဒေါ်နွယ်နီယဉ်ဦး၊ ဦးသိန်းထွန်း-ဒေါ်အေးအေးသန်း၊ ဦးကံကြီး-ဒေါ်ခင်သင်းကြူ၊ ဦးငွေးဝင်း-ဒေါ်အေးအေးသွယ်တို့၏ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၀ယောက်၊ မြစ်လေးယောက်တို့၏ဘွား ဘွားကြီးသည် ၂၈-၁၁-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၁၉ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်သန်း(အိုင်သပြု)
### အသက်(၉၀)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၀)ရပ်ကွက်၊ ချမ်းသာရွှေပြည်အိမ်ရာ၊ ဆပ်သွားဖူးလမ်း၊ အမှတ်(f ၇၂)နေ ကိုအောင်ဇော်မျိုး-မခင်မေကျော်၊ ကိုဇော်ချမ်းလှိုင်-မမေမွန်၊ ကိုနေမျိုးကျော်(ခ)နေဘုန်းလတ်-မပြုံးသာမြင့်၊ မသဉ္ဇာ၊ Roberto Gil-မသီရိဦး၊ ကိုသူရကျော်၊ ကိုမောင်ဇော်-မခိုင်မွန်၊ ဒေါက်တာသဲနုဝေ၊ ဒေါက်တာရဲထက်အောင်-မအိန္ဒြာတင်အောင်ထူး၊ ကိုရဲဝင့်နိုင်တို့၏ အဘွား၊ မသန့်သဒ္ဒါဖြူ၊ မောင်ရှိန်းတေဇာကျော်၊ မောင်ဉာဏ်သော်ဆက်၊ မခေတ်ဘုန်းဟံသာတို့၏ ဘွားဘွားကြီးသည် ၂၈-၁၁-၂၀၁၉ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၁၉ရက်(စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးဆလိုင်းချစ်မောင်(နှစ်ကျပ်ခွဲရွာ)
### တောင်တွင်းကြီး၊ တောင်ငူ
### အသက်(၈၅)နှစ်

တောင်တွင်းကြီးမြို့နယ်၊ နှစ်ကျပ်ခွဲရွာနေ(ဦးအောင်မြတ်-ဒေါ်နို့)တို့၏သားကြီး၊ (ဦးကိုး-ဒေါ်ဆိုင်)တို့၏သားမက်၊ (မိုင်အေးခင်) ၏ခင်ပွန်း၊ (ဦးချစ်ရောင်-ဒေါ်တင်စိန်)၊ ဆမိုချစ်စိန်-(ဒေါ်တင်စိန်)၊ (ဆမိုဖိုးလှ)-ဒေါ်ခင်စိန်၊ ဦးဆလိုင်းအာရုန်-ဒေါ်ကျင်စိန်တို့၏အစ်ကိုကြီး၊ (ဦးဆလိုင်းယောလ)-ဒေါ်ချစ်ချစ်လွင်၊ တောင်ငူမြို့ ၂၂/၃၄၆ ရတနာပုံလမ်း၊ မင်းကြီးညိုနေ ဒေါ်မိုင်အက်စတာ (ညွှန်မှူး-ငြိမ်း)ပဲခူး ECD၊ မိုင်အေးရီ(တောင်ငူခရိုင်ကျောင်းကျန်းမာရေး)၊ ဦးဆလိုင်းမိုးဇက်ဝင်း(ဓာတ်ခွဲမှူး)ရန်ကုန်၊ ဒေါ်မိုင်ငွေးရီ(လ-ခွဲ)အိုးကုန်း၊ ဦးဆလိုင်းယောသ-မိုင်ယဉ်ယဉ်စိန်၊ (ဆလိုင်းအောင်စည်ဦး)-မိုင်ချယ်ရီအေးတို့၏ဖခင်၊ ဆလိုင်းမင်းမင်းခန့်၊ မိုင်မေလွင်ပွင့်၊ ဆလိုင်းနိုဝယ်ချစ်၊ ဆလိုင်းရှဲမင်းခန့်၊ ဆလိုင်းအေဘယ်ချစ်၊ မိုင်အေမာချစ်တို့၏အဘိုးသည် ၂၈-၁၁-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၃:၃၀နာရီ တောင်ငူမြို့မင်းကြီးညိုနေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၀-၁၁-၂၀၁၉ရက်(စနေနေ့) နံနက် ၁၀နာရီတွင် တောင်ငူနှစ်ခြင်းခရစ်ယာန်ဘုရားကျောင်း(ပန်းခြံကွေ့)၌ ဝတ်ပြုဆုတောင်းပြီး တောင်ငူမြို့ ဗောဒိသာရခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

**ကျန်ရစ်သူမိသားစု**

### ဝမ်းနည်းကြေကွဲခြင်း
## ဦးဘဝင်း(BA.BEd,English)
### (အထက်တန်းကျောင်းအုပ်ကြီး-ငြိမ်း)
### အသက်(၈၄)နှစ်

သူငယ်ချင်း ဗိုလ်မှူးကျော်စွာဝင်း(ငြိမ်း)-ဒေါ်သဲမြဖြူတို့၏ဖခင်ကြီး ဦးဘဝင်း(အထက်တန်းကျောင်းအုပ်ကြီး-ငြိမ်း)သည် ၂၃-၁၁-၂၀၁၉ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂၂)မှ သူငယ်ချင်းများ**

### ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရေတွင်း ဒါယကာကြီး
## အရာခံဗိုလ် ကျော်ခင်(ငြိမ်း)
### အသက်(၇၇)နှစ်

ပခုက္ကူမြို့၊ ခံတောရပ်ကွက်နေ (ဦးစိုးမောင်-ဒေါ်သောင်းရင်)တို့၏သား၊ (ဦးတော်-ဒေါ်ဂျမ်း)တို့၏သားသမက်၊ အလုပ်သမားလူဝင်မှု ကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူး ဒေါ်သက်သက်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်မတော်(ရေ)(တပ်ကြပ်ကြီး-ကိုယု)၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ထားထားလှိုင်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏ဘိုးဘိုးကြီး၊ ပေါက်ကုန်းအပိုင်း(၁၃)၊ ၃၂/သဇင်လမ်းနေ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)ဒေါ်ညွန့်မေ၏ခင်ပွန်းသည် ၂၈-၁၁-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၃:၁၅နာရီတွင် တပ်မတော်ဆေးရုံခုတင်(၁၀၀၀)တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၁၉ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအား ရည်စူး၍ ၄-၁၂-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် ပေါက်ကုန်းရပ်ကွက်၊ သဇင်လမ်း၊ အပိုင်း(၁၃)၊ ၁၃/၃၂နေ (ဦးကျော်ခင်)-ဒေါ်ညွန့်မေတို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးအောင်ကြည်
### ဇေရတ်(ပခုက္ကူ)
### ဒု-မန်နေဂျာ(ဆေးနှင့်ဆေးပစ္စည်း)(ငြိမ်း)
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ(၆)လမ်း(က)၊ အမှတ်(၁၆၃၊ လေးလွှာ)နေ (ဦးညွန့်-ဒေါ်မြရှင်)တို့၏သားကြီး၊ (ဦးလှမောင်-ဒေါ်ဖွားဖုံ)တို့၏သားသမက်၊ ဒေါ်ငွေးငွေးလှိုင်-(ဦးသာအောင်)၊ ဒေါ်အေးအေးလှိုင်တို့၏အစ်ကိုကြီး၊ ဒေါ်အိမိုခင်-ဦးကျော်စွာမြင့်၊ ဒေါ်အိကေခိုင်-ဗိုလ်မှူးကြီးမျိုးခိုင်(ငြိမ်း)၊ ဒေါ်စိုးစုကြည်-ဦးလှဝေ၊ ဒေါ်ထက်စုကြည်၊ ဒေါ်ဖွန်လဲ့ကြည် -ဦးအောင်ကျော်ထူးတို့မွေးသဖခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး၊ ဒေါ်ခင်လဲ့ဝင်း၏ချစ်လှစွာသော ခင်ပွန်း ဦးအောင်ကြည်သည် ၂၇-၁၁-၂၀၁၉ရက် ည ၈:၃၀ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ဆေးတက္ကသိုလ်(၁)ရန်ကုန်သို့ ခန္ဓာကိုယ်အလှူဒါန်းပြီးဖြစ်ပါကြောင်း မိတ်ဆွေအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ကျင်စန်းကျော့ဂိတ်ပေါက်အနီး မြန်မာဘက်မှ ဖရဲသီးကားများ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရ

**မူဆယ် နိုဝင်ဘာ ၂၈**

တရုတ်-မြန်မာ နယ်စပ်တွင် မြန်မာဘက်မှ ဖရဲသီးကားများ တရုတ်နိုင်ငံအတွင်း ဝင်ရန်အတွက် ကျင်စန်းကျော့ဂိတ်ပေါက်အနီး အစီးရေ ရာနှင့်ချီ၍ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရကြောင်း ဖရဲကုန်သည်များထံမှ သိရသည်။ နှစ်နိုင်ငံ ဖရဲသီးရောင်းဝယ်မှုကို မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နယ်မြေအတွင်းရှိသည့် အရှေ့မြောက်တံခါးအများနှင့်သက်ဆိုင်သော ကုမ္ပဏီသစ်သီးရောင်းဝယ်ကွင်းတွင် ရာသီအလိုက် သီးနှံပေါ်ချိန်ရောက်တိုင်း နံနက် ၇ နာရီခွဲမှ ၉ နာရီဝန်းကျင်အထိ အရောင်းအဝယ်ပြုလုပ်ကြခြင်းဖြစ်ပြီး အရောင်းအဝယ်ဖြစ်သည့် ဖရဲ၊ သခွားကားများမှာ ကျင်စန်းကျော့လမ်းမှတစ်ဆင့် ဝမ်တိန် နှစ်နိုင်ငံအသီးရောင်းဝယ်ကွင်းကို ဆက်လက်ထွက်ခွာခြင်းဖြစ်သည်။

"ကျွန်တော်တို့အနေနဲ့ (၁၀၅)မိုင် အသီးရောင်းကွင်းမှာ အရောင်းအဝယ်ဖြစ်ပြီးရင် ဝမ်တိန်အသီးရောင်းကွင်းကို ဆက်လက်ထွက်ကြရတာဖြစ်ပါတယ်။ အခု ကျင်စန်းကျော့ဂိတ်အဝင်မှာ အချိန်အနည်းငယ်ကြာတဲ့အတွက် ဟိုဘက်ကမ်းက ဝယ်လက်တွေအနေနဲ့ အသီးပြန်ဝယ်ယူတဲ့အခါ အချိန်နောက်ကျတာပေါ့။ ကျွန်တော်တို့ဘက်ကတော့ နံနက် ၉ နာရီမထိုးခင် ဖရဲသီးကားတော်တော်များများ ကျင်စန်းကျော့လမ်းမပေါ် ကျင်စန်းကျော့ဂိတ်ပေါက်အနီးကို ရောက်နေပါတယ်။ တရုတ်ဘက်က တာဝန်ရှိသူတွေက သူတို့နိုင်ငံမူဝါဒအရ ဂိတ်အဝင်အထွက်မှာ စစ်ဆေးမှုတွေလုပ်ပါတယ်။ အခိက တော့ ယာဉ်မောင်းလိုင်စင်နဲ့ မှတ်ပုံတင်ပေါ့။ ကျန်တာတော့ ထွေထွေထူးထူး မစစ်ပါဘူး။ လူအဝင်လည်းများတယ်။ ကားအဝင်လည်း များတယ်ဆိုရင်တော့ စောင့်ရတဲ့အချိန်ကြာတာပေါ့။ တစ်ခါတလေဆိုရင် မနက်ကတည်းကနေ နေ့လယ်ပိုင်းထိ ဝင်လို့မရတဲ့ အသီးကားတွေလည်းရှိတယ်။ ဒီလို နောက်ကျရင်တော့ အသီးအရည်အသွေးပိုင်း

*စာမျက်နှာ ၁၃ ကော်လံ ၂* ✻



မြန်မာဘက်မှ ဖရဲသီးကားများ ကျင်စန်းကျော့ဂိတ်ပေါက်အနီး စောင့်ဆိုင်းနေစဉ်။

# ဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာ ယူ-၂၂ အသင်း တတိယပွဲအဖြစ် တီမောနှင့် ယနေ့ကစားမည်

မနီလာ နိုဝင်ဘာ ၂၈

**ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အကြိမ်(၃၀)မြောက် ဆီးဂိမ်းစ်ပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (က) တတိယနေ့ကို နိုဝင်ဘာ ၂၉ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် တီမောအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။**



ဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာ ယူ-၂၂ အသင်း။ ဓာတ်ပုံ-စိုးညွန့်(ခေတ္တ-မနီလာ)

အုပ်စု (က) တတိယနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် မြန်မာအသင်းနှင့် တီမောအသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် မလေးရှားအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် နှစ်ပွဲကစား လေးမှတ်ရယူထားနိုင်သော်လည်း ဆီမီးဖိုင်နယ် တက်ရောက်နိုင်ရန် လက်ကျန်ပွဲများမှာ အရေးပါလျက်ရှိသည်။ မြန်မာအသင်းသည် မလေးရှားနှင့် တစ်ဂိုးစီသရေကျပြီး အုပ်စုဒုတိယပွဲတွင် ဖိလစ်ပိုင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် တီမောနှင့်ပွဲအပြီးတွင် ကမ္ဘောဒီးယားနှင့် ဆက်လက်ကစားရမည် ဖြစ်ရာ လက်ကျန်ပွဲများမှာ အရေးပါနေခြင်းဖြစ်သည်။ တီမောအသင်းမှာမူ အုပ်စုဒုတိယပွဲအဖြစ် ယှဉ်ပြိုင်ကစားရခြင်းဖြစ်ပြီး ပထမပွဲတွင် ကမ္ဘောဒီးယားကို ငါးဂိုးပြတ်အရေးနိမ့်ထားရာ မြန်မာအသင်းအနေဖြင့် အနိုင်ရလဒ်အပြင်

*စာမျက်နှာ ၁၁ ကော်လံ ၁* ✪

## အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြန်မာဘောလုံးအသင်းနှင့် တီမောလက်စ်တေ ဘောလုံးအသင်း ယှဉ်ပြိုင်ကစားမှု တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၈**





ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဘောလုံးပွဲစဉ်များတွင် မြန်မာဘောလုံးအသင်းသည် အုပ်စုပွဲစဉ်အဖြစ် နိုဝင်ဘာ ၂၉ ရက်တွင် တီမောလက်စ်တေအသင်းနှင့် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ဘောလုံးပွဲစဉ်အား ယင်းနေ့ မွန်းလွဲ ၂ နာရီမှစတင်၍ မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ MRTV Sports Channel နှင့် မြန်မာ့အသံ ရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့် ပြသပေးသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရှမ်းပြည်နယ်ရှိ မြို့နယ်အချို့နှင့် ချင်းပြည်နယ် တွန်းဇံမြို့နယ်တို့၌ ဘိန်းစိုက်ခင်း ၁၄၈ ဧက ခန့်ဖျက်ဆီး

စာ - ၁၃

## အီရတ်ဆန္ဒပြသူများ အီရန်ကောင်စစ်ဝန်ရုံးကို မီးရှို့

စာ - ၁၄

# ချန်ပီယံလိဂ် ပွဲစဉ်(၅) လက်ရှိချန်ပီယံ လီဗာပူးနှင့် နာပိုလီတို့ သရေကျ

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် (၃၂)သင်းအဆင့် အုပ်စုပွဲစဉ်(၅) ဒုတိယနေ့ ပွဲစဉ်များကို နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု(င)မှ လီဗာပူးနှင့် နာပိုလီပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

အန်ဖီးလ်ကွင်း၌ ယှဉ်ပြိုင်ခဲ့သည့်ပွဲတွင် အိမ်ရှင်လီဗာပူးသည် ၄-၃-၃ ကစားကွက်ဖြင့် တိုက်စစ်ပိုင်းတွင် မာနေး၊ ဖာမီနိုနှင့် ဆာလက်တို့ ပွဲထွက်လာသည်။ ဧည့်သည် နာပိုလီအသင်းသည် ၄-၄-၂ ကစားကွက်ဖြင့် တိုက်စစ်ပိုင်းတွင် မာတန်စ်နှင့် လိုဇာနိုတို့ အတွဲ ပွဲထွက်ခဲ့သည်။ ယင်းပွဲတွင် ပွဲချိန် ၂၁ မိနစ်၌ တိုက်စစ်မှူး မာတန်စ်က နာပိုလီအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပထမပိုင်းကို ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်း ပွဲချိန် ၆၅ မိနစ်တွင် ဂျိမ်းစ်မီနာ၏ ဖန်တီးမှုမှတစ်ဆင့် နောက်တန်းကစားသမား ဒီဂျန်လော့ဗ်ရန်က လီဗာပူးအတွက် ချေပဂိုးသွင်းယူပေးခဲ့သည်။ အမှတ်မကွာခြားသည့် အသင်းနှစ်သင်းတွေ့ဆုံမှုမှာ နောက်တစ်ဆင့်တက်နိုင်ဖို့အရေး အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြပြီး သရေတစ်မှတ်စီဖြင့်သာ ကျေနပ်ခဲ့ရသည်။

ယင်းပွဲတွင် အိမ်ရှင် လီဗာပူးအသင်းသည် ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ယှဉ်ပြိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၅ ကြိမ်ထိရရှိကာ ငါးကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ဧည့်သည် နာပိုလီအသင်းသည် လေးကြိမ် ဂိုးကန်သွင်းခွင့်ရခဲ့ပြီး တစ်ကြိမ်သာ ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့ကာ ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့သည်။ ယနေ့ပွဲတွင် လီဗာပူးနောက်တန်းကစားသမား ဒီဂျန်လော့ဗ်ရန်သည် အကောင်းဆုံးခြေစွမ်းပြခဲ့သည့်

*စာမျက်နှာ ၁၁ ကော်လံ ၃* ✻

